www.burmeseclassic.com

ဂမ္ဘီရ ဆန်းကြယ် လုံးချင်း ဝတ္ထု

မင်းစိုးရှူ ၏ကလောင်ခွဲ

# ကြိုးကြား

ဆင်ရိုင်းမောင်မောင် နှင့်

မသေသောအလောင်း



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

သချိုင်းရောက်မှ ပြန်ရှင်လာသော အမျိုးသမီးတစ်ဦး

မသေသောအလောင်းအမှုကို ဆင်ရိုင်းမောင်မောင်

အယ်လိုဖြေရှင်းလိုက်သလဲ ...

သူမကို ဘာကြောင့်သတ်ရသလဲဆိုတာ

သူမကိုယ်တိုင်ပင်အဖြေရှာမရဖြစ်နေသည်မှာ

၎င်းအမျိုးသမီးကို ဝိညဉ်ပူးပြီးသတ်ခဲ့တယ်ဆိုတာ

တကယ်လား

၎င်းအမျိုးသမီးကို သူ့ယောက်ျားကိုယ်တိုင်ဘာကြောင့်

သတ်ရတာလဲ

မြွေဟောက်နက် ဂိုဏ်းနှင့် မသေသောအလောင်း

ဆက်စပ်မှုရှိနေသလား

မြွေဟောက်နက်ဂိုဏ်းကို ဆင်ရိုင်းမောင်မောင်

အယ်လိုဖေါ်ထုတ်လိုက်သလဲ

မြွေဟောက်နက်ဂိုဏ်းရဲ့ ခေါင်းဆောင်

အယ်သူဖြစ်နိုင်မလဲ ဆိုတာ ...

သည့်စသည့်တို့ဖြင့် "ဆင်ရိုင်းရိုင်းမောင်မောင်နှင့် မသေသောအလောင်း" သည် စာပတ်ပရိသတ်များကို

နက်နဲသောအတွေးပေါင်းများစွာဖြင့်စိတ်လှုပ်ရှားဖွယ်ရာ

သည်းထိတ်ရင်ဖိုဖွယ်ရာ အဖြစ်အပျက်များနှင့်အတူ ဝတ္ထုအစမှသည်

www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဂုဏံအဟံဝန္ဒာမိ

## မြတ်စာပေ

အမှတ် ၂၂၁၊ ၃၁ လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ( Central Hotel) ဘေး
☎ :01 - 704490 📱 : 09 - 5031034

www.burmeseclassic.com

ပဥ္စ ဂုဏံ အပယံ ဝန္ဒာမိ

# ကြီးစကြာ ဆင်ရိုင်းမောင်မောင်နှင့် မသေသောအလောင်း


| | |
|---|---|
| အဖုံးခွင့်ပြုချက်အမှတ် | - ၅၀၁၀၂၃၀၉၁၀ |
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၀၇၄၀၀၁၀ |
| ထုတ်ဝေခြင်း | - ပထမအကြိမ်၊ ၂၀၁၀-ခုနှစ်၊ အောက်တိုဘာလ |
| အုပ်ရေ | - ၅၀၀ အုပ် |
| တန်ဖိုး | - ၁၀၀၀ ကျပ် |
| အဖုံးနှင့်အတွင်းပုံနှိပ်သူ | - ဖြူစင်ပုံနှိပ်တိုက်<br>ဦးဌေးအောင် (၀၇၃၂၅)<br>အမှတ် (၂၀၄) ၃၁-လမ်း၊<br>ပန်းဘဲတန်း၊ ရန်ကုန်မြို့ |
| ထုတ်ဝေသူ | - ဦးလှနိုင် (မြိတ်စာပေ)<br>အမှတ်-၆၆၊ ဗိုလ်ဥတ္တမလမ်း၊<br>ကြည့်မြင်တိုင်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | - မြိတ်စာပေ (ဖုန်း-၇၀၄၄၉၀)<br>၂၂၁၊ ၃၁-လမ်း(အထက်)၊ ရန်ကုန်။ |
| မိစဉ်သူ | - ကိုလှနိုင် (မြိတ်) |
| အထက်မြန်မာပြည် | - နဂါးစာပေ (မန္တလေး) |
| ဖြန့်ချိရေး | - ထွန်းဦးစာပေ (မန္တလေး) |

၈၉၅.၈၃

ကြီးစကြာ

ဆင်ရိုင်းမောင်မောင်နှင့် မသေသောအလောင်း/ ကြီးစကြာ ။ - ရန်ကုန် ၊

မြိတ်စာပေ ၊ ၂၀၁၀ ။

၂၂၃- စာ ၊ ၁၃ × ၂၀. ၅ စင်တီ။

(၁) ဆင်ရိုင်းမောင်မောင်နှင့် မသေသောအလောင်း။


www.burmeseclassic.com

www.burmeseclassic.com

# တိုစကြာ

## ဆင်ရိုင်းမောင်မောင် နှင့် မသေသောအလောင်း

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁ )

ညဉ့်အမှောင်ထုက သိပ်သည်းလာ၏။ အမှောင်ထုနောက် လေအေးများက ချမ်းစိမ့်စိမ့် . . .

လူခြည်တိတ်ဆိတ်ငြိမ်သက်နေချိန် လမ်းသွားလမ်းလာ မရှိတော့။ မြတ်လပ်နေတော့သည်။ တစ်ချက် တစ်ချက် ဆွဲဆွဲငင်ငင် "အူး . . . အူ . . . ဝူ" ဆိုသောအသံက တော်ရုံအသည်းငယ်တတ်သူအဖို့ တုန်လှုပ်ချောက်ချားဖွယ်ရာအတိပါပေ။ ထိုစဉ် လူနှစ်ယောက် ပျော့ပျော့အိအိ ဆာလာအိတ်ကြီး တစ်အိတ် ကြိုးချည်နှောင်ထားသည့် ငွေခံအိတ်အား ကားနောက်ခန်းထဲမှ ဆွဲထုတ်နေကြသည်။

သူတို့ကားရပ်ရာနေရာကား ညဉ့်နက်သန်းခေါင် လူသူမလာသည့်



www.burmeseclassic.com

www.burmeseclassic.com



လူသေများ မြှုပ်နှံရာ သင်္ချိုင်းကုန်းမြေပေတည်း။ တစ်ယောက်က ပျော့ဖျော့ အိအိ အထုပ်ကြီးထမ်းလို့ တစ်ယောက်က လက်နှိပ်ဓာတ်မီး ခပ်အုပ်အုပ်ထိုး တာ သင်္ချိုင်းထဲသို့ ဝင်ရောက်လာလျက်ရှိ၏။ ညဥ့်အမှောင်ထုကို အကာ အကွယ်ပြု၍ ခိုးကြောင်ခိုးဝှက် လူမသိအောင် လှုပ်ရှားသူများသည် လူကောင်းဟု ပြောမရသလို လူညစ်လူဆိုး လူမိုက်များ ဖြစ်ဖို့များပေသည်။

"ဟေ့ကောင် . . . အောင်ထွန်း"

"ဘာလဲကွ . . . သိန်ရ"

"လမ်းမှာ ပတ်တယောင်ရဲတွေ ဘာတွေတိုးခဲ့သေးလား"

"မတွေ့ပါဘူး။ သေချာအောင် အခြေအနေကြည့်ပြီးမှ အိမ်ထဲက ထုတ်ခဲ့တာပါဟ"

"အေးပါ အောင်ထွန်းရ။ ငါလည်း ကားထုတ်ပြီး မောင်းလာတာ၊ ပတ်တယောင်ရဲတွေနဲ့ မတိုးခဲ့ဘူး။ ညကလည်း ဆောင်းလေချမ်းစိမ့်စိမ့်ဆို တော့ လူသွားလူလာ မတွေ့ပါဘူး"

"ကဲပါကွာ . . . ဒို့နဲ့ အချိန်းအချက်လုပ်ထားတဲ့ ဟိုအရက်သမား သင်္ချိုင်းစောင့်ကြီး စရန်ငွေရပြီးတာနဲ့ မူးနေပြီထင်ပါရဲ့ကွာ . . . ဟ . . . ဟ"

ထိုစဉ် ဒယိမ်းဒယိုင် မွေးစုတ်ဖွားနှင့် နံစော်သော အငွေ့အသက် အကျီလုံချည်တို့ဖြင့် ခါးကိုင်းကိုင်း လူလား၊ သရဲလား မဆိုနိုင်၊ မီးအိမ်ရေး ဆွဲကာ မှိတ်တုတ် မှိတ်တုတ် အလင်းရောင်အားထုတ်ရင်း သင်္ချိုင်းအုတ်ဂူ ကြားမှ ထွက်ပေါ်လာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . သရဲလား မသိ"

ထိုမီးအိမ်ရှင်ထံမှ အသံကွဲအက်အက်ကြီးဖြင့် . . .

"ဟော့ . . . မင်းတို့ ဘယ်သူတွေလဲကွ . . . ဟော"

"ဟာ . . . သရဲမဟုတ်ဘူး။ ငါတို့ ချိန်းချက်ထားတဲ့ သချိုင်းစောင့်ကြီးကွ"

"ဟူး . . . တော်ပါသေးရဲ့ကွာ။ ငါက လူလူချင်းဆို မကြောက်ဘူး။ သူချ ကိုယ်ချ ချရဲတယ်။ အေး . . . နာနာဘာဝကောင်နဲ့တော့ မချရဲဘူးကွ။ သူတို့ကို ကိုယ်ကမှ မမြင်နိုင်တဲ့ဟာ"

"တော်ပါကွာ . . . မင်းပြောတာနဲ့ သချိုင်းကုန်းထဲလာဖို့ ရဲဆေးတင်သောက်လာတဲ့ အရက်မူးတာတွေ ဘယ်ရောက်သွားလဲတောင် မသိတော့ဘူး"

"ဟော့ . . . ဟိုနှစ်ယောက် ငွေအကျေပေးဖို့ပါရဲ့နော်"

"ပါပါတယ်ဗျ။ ရော့ . . . ကျန်ငွေတစ်သောင်းခွဲ။ သည်အလောင်းကို မြန်မြန်သာ မြှုပ်လိုက်ဗျာ။ ကျွန်တော်တို့ သွားတော့မယ်"

"နေဦး . . . သေတာ သွေးရိုးသားရိုးနော်။ တော်ကြာ . . . ငါ့တို့ ရာဇဝတ်အမှုလာပတ်နေပါ့မယ်"

"ဟာဗျာ . . . ကူးစက်ရောဂါနဲ့ ဆုံးပါတယ်ဆိုမှဗျာ။ မယုံရင် ကျွန်တို့ ငွေတွေ ပြန်ပေး"

"ဘာ . . . ဘာပြောတယ်။ ငါက တာဝန်အရမို့ မေးတာကွ။ ငွေပြန်



www.burmeseclassic.com

www.burmeseclassic.com



ပေးရင် မင်းတို့ရဲ့ အလောင်းပြန်သယ်သွား ဟုတ်လား"

"ဗျာ . . . အောင်ထွန်းကလည်းကွာ မင်းစိတ်တွေ ထွေပြားနေပြီ ထင်ပဲ့။ အဘရေ . . . ရိုးရိုးတန်းတန်း ကူးစက်ရောဂါနဲ့ သေတာပါ။ ဟိုလေ လူတွေကြားသိလို့ မကောင်းတဲ့ရောဂါမို့ပါ"

"ဟင် . . . ဒါ . . . ဒါဆို အခုတလော ခေတ်စားနေတဲ့ ဟိုကွာ . . . အေ . . . အေ . . . ဘာလဲကွာ . . . အဲသည့်ရောဂါ"

"ဟုတ်တယ်။ အေအိုင်ဒီအက်(စ်) (AIDS) အက်(စ်) ရောဂါမို့"

"အင်း . . . ကြောက်စရာကောင်းလှပါလား။ ငါတို့အရွယ်တုန်းက တာလသားရောဂါပဲ ပေါ်သေး။ အခုခေတ်မှာက ဘာတဲ့ . . . ဆားရောဂါ. . . အဲ . . . အဲ . . . ပြီးတော့ . . . ဟို . . . ကွာ"

"ဩော် . . . အိပ်(ချ်)ဖိုက်အင်ဝမ်း (H5N1) ပါ။ ကဲ . . . ကျွန်တော်တို့ သွားတော့မယ်။ ကိစ္စသာ မြန်မြန်လေးလုပ်ပေးပါ အဘနော်။ ရော့ . . . ဒါက ရေဘ်နီဝါကာ အရက်ပုလင်း။ ကျွန်တော်တို့ နည်းနည်းသောက်ထား တယ်"

"ဟား . . . အရက်အကောင်းစားပါလားဟ။ ငါ့မှာ ချက်အရက် တောင် နပ်မှန်တာ မဟုတ်ဘူး။ စိတ်ချသာသွားကြတော့။ ငါ့အလုပ် ငါ လုပ် ထားပါ့မယ်"

"သွားပြီ။ လာကွာ . . . မြန်မြန်"

သူတို့နှစ်ယောက် သုတ်သုတ်လျှောက်ကာ သင်္ချိုင်းမြေမှ ထွက်ခဲ့

www.burmeseclassic.com



ကြ၏။ သချိုင်းမြေသို့ နည်းနည်းမှ မလာချင်ကြသူတွေပါပေ။ သချိုင်းစောင့်ကြီးကတော့ ဘာမှမဖြစ်သလို အရက်ကောင်း ဂျော်နီဝါ့ကားပုလင်းကို ကြည့်ကာ ပီတိဖြာဝေ ဝမ်းသာနေ၏။

တယုတယ ပုလင်းအသာချပြီး အလောင်းအိတ်အား ဖြေကာ မှုပ်နှံရည့် မသာအား ဆွဲထုတ်လိုက်ရာ . . .

"ဟင် . . . ကိုယ်ငွေ့က နွေးနွေးရှိနေဆဲပါလား။ တကယ်ဆို တစ်နာရီကျော်တာနဲ့ အလောင်းက မာတောင့်သွားရမှာ။ မှန်းစမ်း" .

သူ၏အလင်းရောင် ဖျော့တော့တော့သာ လင်းသည့်ဖန်မီးအိမ်အား မြှောက်ကာ အလောင်းကို ကြည့်မိ၏။

"ဟာ . . . အမျိုးသမီးချောတစ်ယောက်ပါလား။ မျက်နှာလေးကချောင်းလို့၊ ရိုးသားဖြောင့်မှန် သဘောကောင်းတဲ့ လက္ခဏာမျက်နှာပိုင်ရှင်ပဲ။ ဘယ်နဲ့ ကြောက်စရာကောင်းတဲ့ ရောဂါဆိုးနဲ့ သေရပါလိမ့်။ ငွေကြေးကြောင့် အပျော်အပါးလိုက်စားတဲ့ ယောကျ်ားနဲ့ ဓနပါင်းသင်းတော့လည်း ရောဂါဆိုးရှာတော့မပေါ့လေ။ အင်း . . . ငွေကြေးဆိုတာက မရှိမကောင်း ရှိမကောင်း။ ပေါင်းတတ်ရင် မိတ်ဆွေ၊ အပေါင်းအသင်းမတတ်ရင် ရန်သူပါပဲလေ"

■



www.burmeseclassic.com

www.burmeseclassic.com

## မသေသောရုပ်ခန္ဓာ

မိမိက သုဘရာဇာမို့ အလောင်းအသုဘ ရုပ်သဘောကို တန်းတွေ့ပါသည်။ အခု အမျိုးသမီးအလောင်းက အသားအရေ ညှိုမည်းသွားခြင်း မရှိပါဘဲ အိပ်ပျော်သလို နွေးနွေး အပူရှိန်ရှိနေ၏။ ရုပ်အလောင်းများသည် နာရီပိုင်းအတွင်း ရုပ်နာမ်ခန္ဓာချုပ်ငြိမ်းသဖြင့် မာမာတောင့်တောင့်ကြီး ဖြစ်သွားလေသည်။ ယခုတော့ သည်လိုမဟုတ် ပျော့ခွေတွဲရှိနေသည်မို့ အိတ်ကြီးထဲက ထုတ်ရသည်မှာ လွယ်ကူလျက် သေသူရုပ်အလောင်းမှာကား မာတောင့်တင်းနေ၍ လေးလေးပင်ပင်ရှိ၏။

သူမသွေးသည် ရုပ်ရည်အသင့်အတင့် ကြည့်ပျော်ရှုပျော်ရှိပြီး အသားဖြူဝင်းသည်မို့ သူမလည်ပင်းတွင် အညှိုအမည်းလက်ရာများ အထင်းသား တွေ့မြင်ရ၏။ မိမိအား အချဉ်ကဖော်ကမားကြီးဟု သဘောထားဟန်တူ၏။



www.burmeseclassic.com

www.burmeseclassic.com



င်းတို့က သတ်ပြီး အလောင်းအား ဖျောက်ဖျက်လိုဟန်တူ၏။ ကူးစက်ရောဂါ ဖြင့် သေဆုံးသည်ဟု လိမ်ညာဆိုခဲ့ပါသေး၏။

မဖြစ်ပါချေ။ မိမိတို့က မရှိလို့ အလောင်းတွေ မြေတူးမြှုပ်နှံပေးရပေ မယ့် လူ့အသိတော့ ရှိသေး၏။ လူတစ်ယောက်ဖြစ်ဖို့ရာ လွယ်ကူသည် မဟုတ်။ မိမိတို့ပြုခဲ့ကုန်သော ကုသိုလ်ကံကြောင့် ရောက်ရှိလာရခြင်းပါပေ။ ဗြဟ္မာ့ဘုံက အပ်တစ်စင်းထိပ်ဖျားနှင့် လူ့ပြည်က အပ်ထိပ်ဖျားခြင်း ထိ ကောင်း ထိနိုင်သော်လည်း လူ့အဖြစ်ရောက်ဖို့ မလွယ်ဟု ဆိုစကား ကျမ်းဂန် များတွင် ဖော်ပြထားသည်။ တန်ဖိုးရှိလှသော လူ့အသက်တစ်ချောင်းကို ဒင်း တို့က လောဘဒေါသစိတ်ကြောင့် သတ်ရက်နိုင်ပေမည်။ မိမိက မသေသော ရုပ်ခန္ဓာကို မြှုပ်နှံပစ်ဖို့ မလုပ်လိုပေ။ နိုင်ငံသားတိုင်း တရားဥပဒေအား လေးစားလိုက်နာကြရမည် ဖြစ်ပေမည်။ စိတ်ထား မသေးသိမ် မညံ့ပါချေ။ မိမိမှာ အလောင်းကောင်တွေကို အယုတ်၊ အလတ်မရွေး ဆက်ဆံရသည်။ အလောင်းများကား သည်မလုပ်နှင့် သည်လိုမမြှုပ်နှံပါနဲ့ဟု မဆိုကြဘဲ အလောင်းရှင်များကသာ ဟိုလို သည်လိုလေး လုပ်ပါ။ မြှုပ်ပါဟု ခိုင်းတတ် ကြ၏။

သုဘရာဇာကြီး ဦးသီလသည် နီးရာရဲစခန်းသို့ အမှုဖွင့်တိုင်တန်းပါ တော့သည်။ မှုခင်းရဲတပ်ဖွဲ့ (စီအိုင်ဒီ)မှ ရဲမှူး ဆင်ဂိုင်းမောင်မောင်နှင့်အဖွဲ့ ရောက်လာခဲ့၏။ မှုခင်းဆရာဝန်၏ ဆေးစစ်ချက်အရ အသတ်ခံရသည့် အမျိုး သမီးမှာ မသေသေးဘဲရှိနေပြီး သတိမေ့မျောနေကြောင်း တွေ့ရ၏။ သူမအား



www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းညှစ်၍ သတ်ခဲ့ကြောင်း လက်ရာများ အညိုအမည်းစွဲနေခြင်းက သက်သေခံလျက်ရှိပေသည်။

လည်ပင်းညှစ်သတ် ရန်ပြုနိုင်သူသည် သူမနှင့် တရင်းတနှီးရှိသူသာ ဖြစ်ရပေမည်။ ရာဇဝတ်ဘေးကား ပြေးမလွတ်နိုင်ပါချေ။ သုဘရာဇာထံမှ ထွက်ဆိုချက်ရယူပြီး အလောင်းသယ်လာသော ဆာလာအိတ်ကြီးအား သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခဲ့ကြ၏။ မိုးတဖွဲဖွဲရွာသွန်းချိန်မို့ ကားဖြင့်စင်ရောက်သယ်ဆောင်လာကြောင်း ကားဘီးရာ လတ်လတ်ဆတ်ဆတ်များက သက်သေခံနေ၏။ ထိုနေရာမှ ရှဲ့စေးကို အနည်းငယ်ခြစ်ယူလာခဲ့ရသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## တရားခံနောက်က ခြေရာကောက်

အင်းစိန်မှုခင်းတပ်ဖွဲ့ရုံး (စီအိုင်ဒီ) သို့ ရဲမှူးဆင်ရိုင်းမောင်မောင် ကိုယ်ပိုင် ဆလွန်းကားလေး မောင်းကာ ဝင်ရောက်လာခဲ့၏။ လုပ်ဖော်ကိုင်ဖက်များက ညီရင်းအစ်ကိုနှယ် တရင်းတနှီး နှုတ်ဆက်ကြ၏။

"ဆင်ရိုင်းကြီး အမှုကြီးကိုင်ရလို့ ပြုံးနေပါလား"

"ဒါပေါ့ဗျာ"

မောင်မောင်ကတော့ ပြုံးနေဆဲတည်း။ သူ့ရုံးခန်းရောက်သည်နှင့် ဆားပုလင်းအောင်ထွန်း တပည့်ကျော်က . . .

"ဘယ်လိုလဲ အာစရိ၊ ရဲမှူးကြီးက သတင်းပို့ပါတဲ့"

"ဟုတ်လား။ တယ်လည်း သတင်းအနံ့ခံကောင်းပါလားဟ၊ ညီက အမှုကို စိတ်ဝင်စားကြနေပြီကော"



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်လည်း အထက်အရာရှိထံသို့ အချိန်မဆိုင်းဘဲ ယူနီဖောင်းလဲလှယ်ကာ အပြေးအလွှား ခပ်သုတ်သုတ်ပင် အပေါ်ထပ်ရှိ ရဲမှူးကြီးရုံးခန်းသို့ ဝင်ရောက်ရတော့၏။

"မောင်မောင်လားဟေ့ . . . ဝင်ခဲ့ကွာ"

"လေးစားပါတယ် ရဲမှူးကြီး"

"အေးကွာ . . . ထိုင် . . . ညက အမှုက အခြေအနေတိုးတက်ရဲ့လားကွယ့်"

"ဟုတ်ကဲ့ . . . သလွန်စတွေတော့ ရထားပါပြီ။ အမှုမှန်ပေါ်ပေါက်ရေးအတွက် ဆက်လက်ထောက်လှမ်းရဦးမှာပါ ရဲမှူးကြီး"

"တရားခံတွေကို ခြေရာခံမိရဲ့လားကွယ့်"

"ကြိုးစားတုန်းပါ ရဲမှူးကြီးခင်ဗျာ။ တစ်ယောက်က စကားဝဲတော့ အောက်ပြည်အောက်သားလို့ မှန်းဆမိပါရဲ့။ တစ်ယောက်ကတော့ ရန်ကုန်မြို့မှာပဲ ရှာတွေ့မှာပါ။ အသက်ခံရတဲ့ အမျိုးသမီးဟာ အသက်မသေဘဲ မေ့မျောနေပါတယ်။ သူ့လည်ပင်းမှာ အညိုအမည်းအကွက်ရာတွေ တွေ့ရတော့ ရင်းနှီးတဲ့သူက လူသတ်တရားခံလို့ ကောက်ချက်ချမိပါတယ် ရဲမှူးကြီး"

"နို . . . အမျိုးသမီးရဲ့ နေရပ်ဒေသကိုကော စုံစမ်းရပြီလားကွယ့်"

"သည်ကနေ့ ကျွန်တော် လိုက်လံစုံစမ်းပါ့မယ် ရဲမှူးကြီး"

"အေး . . . အေး . . . ကောင်းပြီ။ အမှုမှန်ပေါ်အောင် ဆောင်ရွက်ဖို့က တို့ရဲ့တာဝန်ပဲ။ အမြန်ဆုံးပေါ်ပေါက်အောင် ဆက်ဆောင်ရွက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့။ ခွင့်ပြုပါဦး။ လေးစားပါတယ် ရဲမှူးကြီး"

"အေး . . . ကောင်းပြီ။ အမှုအခြေအနေကို အစီရင်ခံစာ မပြတ်ပေးပို့"

"ကောင်းပါပြီ ရဲမှူးကြီး"

မောင်မောင်က တရားခံများမှာ အောက်ပြည်အောက်ရွာသားဟု ဆိုရခြင်းဟု တိုင်းရင်းသားများထဲတွင် စကားဝဲကြသည်မှာ ရခိုင်၊ မြိတ်၊ ထားဝယ် စသည်ဖြင့် ရှိကြ၏။ ရခိုင်တိုင်းရင်းသားတို့သည် (ရ) သံပါ၏။ သုဘရာဇာကြီး ထွက်ဆိုချက်တွင် (ရ) သံမပါကြောင်း ပါ၏။ အမျိုးသမီးအလောင်းထည့်လာသော ငွေခွံအိတ်တွင် မြိတ် (ဘိတ်) ငါးပိငါးခြောက်စက်ရုံဟု ပါရှိ၏။ ငွေပင်လယ်စက်ရုံတည်း။

မိမိတို့ ရဲတပ်ဖွဲ့ဝင်တို့ ကောက်ချက်ဆွဲချရာတွင် သံမန်အကြောင်းအချက်လေးပင်လျှင် အမှုအတွက် အဓိက သဲလွန်စဖြစ်လာနိုင်ကြောင်း အတွေ့အကြုံများအရ သိရှိ၏။ တစ်ယောက်မှာ အသံသိပ်မပါတော့သဖြင့် ရန်ကုန်မြို့ပေါ်တွင် အနေကြာနေပြီးဖြစ်ကြောင်း သိနိုင်ပေသည်။ ဘိတ် (မြိတ်) ထားဝယ်မှ စီးပွားရေးလုပ်ငန်းရှင်တို့သည် အချိန်ကုန်မခံတတ်ကြပေ။ ရန်ကုန်သို့ လေယာဉ်ပျံဖြင့် လာရောက်တတ်ကြပေသည်။ ကုန်ပစ္စည်းများကိုသာ စက်လှေသင်္ဘောများဖြင့် တင်ပို့လိုက်ကြ၏။ သုဘရာဇာအဖိုးကြီးတ နာမည်များမှတ်သားကာ ပြန်ပြောပြနိုင်ခဲ့သဖြင့် တရားခံ ဖော်ထုတ်နိုင်ရေးအတွက် အထောက်အကူဖြစ်လာလေသည်။ ဦးစွာ မြိတ်၊ ထားဝယ်ဘက်

www.burmeseclassic.com



မှ ငါးပိငါးခြောက် လုပ်ငန်းကုမ္ပဏီမှ ကုန်ပစ္စည်းများ ရှိ၊ မရှိ တစေ့တစောင်း စုံစမ်းရမည်ဖြစ်၏။

ရဲမှူးကြီးက အမှုမှန်ပေါ်ပေါက်ရေးအတွက် လိုအပ်သလို အင်အားအသုံးပြုခွင့် ခွင့်ပြုထားပေရာ ရဲအုပ် (ကျားရဲမ) သက်ထားရွှေစင်နှင့် ဆားပုလင်းအောင်ထွန်းတို့အား ပွဲရုံများ စုံစမ်းရန် စေလွှတ်လိုက်၏။ သူ၏ စလွန်းကားကိုပါ ပေးလိုက်သည်။ တိုက်ပုလေးသို့ ပြန်အနားယူရင်း ညဥ့်တစ်ညလုံး အမှုအတွက် လုပ်ဆောင်ခဲ့ရသဖြင့် အိပ်စက်အနားယူရန် လိုပေသည်။

ဦးနှောက်ကြည်လင်ပါမှ စဥ်းစားအတွေးအခေါ်ကောင်းမည်။ ခန္ဓာကိုယ် သန်စွမ်းကျန်းမာပါမှ သွက်သွက်လက်လက် လှုပ်ရှားသွားနိုင်မည်ဖြစ်၏။ များသောအားဖြင့် လူသတ်မှုများသည် ဒေါသကြောင့်ဖြစ်၏။ လောဘစိတ်ကြောင့်သာလျှင် ဖြစ်မှုကျူးလွန်ကြလေ့ရှိ၏။ ယခုအမှုတွင် အမျိုးသမီးတစ်ယောက်အား သွေးအေးအေးနှင့် လည်မျိုညှစ်သတ်ရန် ကြံစည်ခြင်းမှာ လောဘစိတ်ကြောင့် ဖြစ်ဖို့များ၏။ ကွယ်ရာတွင် ဖောက်ပြန်သော မိန်းမဆိုပါက တုတ်၊ ဓား၊ လက်နက် စသည်ဖြင့် နာကျည်းစွာ ရက်ရက်စက်စက် သတ်ဖြတ်မည်ဖြစ်၏။

တချို့အမှုများသည် ရိုးရှင်းသည်ဟု ထင်ရသော်လည်း စုံစမ်းဖော်ထုတ်ရင်း နောက်ကွယ်မှ ဒုစရိုက်မှုများ ဆက်နွယ်ကြောင်း ပေါ်ပေါက်လာတတ်ပေသည်။ မောင်မောင်တို့ ဥပဒေဘာက်တော်သားများအတွက် အမှုမှန် ပေါ်ပေါက်ပြီး တရားခံအစစ်အမှန်များ ဖော်ထုတ်ဖမ်းဆီးကာ ဥပဒေအရ အရေး



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ရေး အဓိကဖြစ်၏။

အဓိက တရားလိုဖြစ်သော အမျိုးသမီးများမှာ ယခုချိန်ထိ သတိ ပြန်လည်လာခြင်း မရှိသေးချေ။ သတိရလာပါက အမှုမှန်ပေါ်ပေါက်ရေးမှာ အထိရောက် လွယ်ကူသွားမည်ဖြစ်၏။ သတိမေ့မျောရခြင်း အကြောင်းရင်း မှာ ထိတ်လန့်ကြောက်ရွံ့စရာ အဖြစ်မျိုးနှင့် ကြုံရခြင်း၊ အသက်ရှူလမ်း ကြောင်း ပိတ်ဆို့သွားခြင်းကြောင့်သော်လည်းကောင်း၊ မွန်းကြပ်သွားခြင်း ကြောင့်လည်း ဖြစ်နိုင်သည်။

တချို့မှာ သတိမလည်ဘဲ သေဆုံးခြင်းသို့ ရောက်သွားရသလို တချို့ မှာ ရက်လအတန်ကြာအထိ မေ့မျောလျက်ရှိကြကြောင်း ဆေးပညာသုတေ သီတို့က မှတ်တမ်းတင်ထားခဲ့ကြ၏။

အိန္ဒိယပြည်တွင် ရက်ပေါင်း (၄၅)ကြာသည်အထိ ခေါင်းထဲဝင် မြွေ ကိုက်ခံကာ နေထိုင်စမ်းသပ်သူရှိခဲ့ကြောင်း သိရှိရ၏။ မြွေပွေး မြွေဟောက်ကြီး များသည် မြေထုထဲနေထိုင်ကာ မြေဆီစားပြီး နှစ်ပေါင်းများစွာ ရှင်သန်ခဲ့ကြ ကြောင်း သိရ၏။ တချို့ကျေးရွာများတွင် ရေတွင်းတူးရာတွင် မြွေကိုယ်ခေါ် သို့ တူးဆွမိမှ မြွေကြီးမှန်း သိကြရပေသည်။

ယခုလည်း အမျိုးသမီးမှာ အသက်သေစေလို၍ လည်ပင်းညှစ် သတ်ခဲ့ခြင်း ခံရသော်လည်း သေကာမရောက်ခဲ့ဘဲ မေ့မျောနေခြင်းသာ ဖြစ်၏။ အသက်ရှုန်နှုန်းတိုင်းစက် (Breeding Indicator) ဂရပ်ဖယားတွင် နှလုံးမှာ အနှေးစွာနှေးကွေးစွာ ခုန်လျက်ရှိနေကြောင်း တွေ့ရ၏။ အချိန်စတ္တန့်ကြာပြီး

www.burmeseclassic.com



တစ်ခါ ဖျော့တော့စွာ ခုန်ခြင်းတည်း။ အကယ်၍ လုံးဝမခုန်ဟော့ပါက အရေးပေါ် အောက်စီဂျင်ပေးပြီး နှလုံးခုန်ရန်အတွက် ဆောင်ရွက်လုပ်ဆောင်ကြရမည် ဖြစ်သည်။

မောင်မောင် အတွေးစများဖြတ်လိုက်ကာ ခေတ္တ အိပ်စက်အနားယူမှ ပြုရတော့၏။ မိမိတို့ ဥပဒေဘက်တော်သားများသည် တိုင်းရင်းသားပြည်သူတို့ အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ကြရသည်မှာ နေ့ညမပြတ်ပါချေ။ ညနေ (၃) နာရီကျော်ကျော်ခန့်တွင်တော့ ရဲအုပ် သက်ထားရွှေစင်ထံမှ ဖုန်းမြည်လာ၏။

အိပ်ရာထက်မှာပင် မထသေးဘဲ သူ၏ လက်ကိုင်ဖုန်းကို ဖွင့်ကာ နားထောင်လိုက်၏။

"ဆို . . . ကျွားရဲမ ဘာထူးသလဲကွယ့်"

"ထူးတယ် အစ်ကိုရ။ ကမ်းနားက နန်းသီတာကို လာခဲ့ပါလား"

"အေး . . . နာရီဝက်အတွင်း လာခဲ့မယ်။ ဒါပဲ"

"ဟုတ်"

တယ်လီဖုန်းထဲတွင် အကြောင်းစုံ မရှင်းပြလိုသဖြင့်ဖြစ်ပြီး နောက်ထပ် ခြေရာကောက်ရန် အဆုံးအဖြတ်တောင်းခံရန်အတွက် တွေ့ဆုံဖို့ ချိန်းချက်ပြုခြင်းပါပေ။ မိမိတို့အတွက် အမှုမှန်ပေါ်ပေါက်ရေးမှာ အချိန်နှင့်ဖြေမှု တန်ဖိုးရှိနေ၏။ တစ်ဖက်တရားခံများ မရိပ်မိစေရန်လည်း အထူးပို၍အစ်ထိရသေး၏။ စုံစမ်းနေကြောင်း သိရှိသွားပါက ခြေရာဖျောက်သွားနိုင်သလို မလို



www.burmeseclassic.com

www.burmeseclassic.com



လားအပ်သည့် အခက်အခဲများစွာဖြင့် ရင်ဆိုင်ကြုံတွေ့နိုင်သည်။ တချို့နူးယစ်ဆေးဝါးဂိုဏ်းတို့အား စုံစမ်းဖော်ထုတ်ရာ ရိပ်စားသိရှိသွားသဖြင့် အသက်ဘေးအန္တရာယ်ဖြင့် မိမိတို့ ကြုံတွေ့ခဲ့ရဖူးသည်။ ယခုလည်း သာမန်လူသတ်မှုဟု သဘောမထားနိုင်ပါချေ။ နောက်ကွယ်မှ အရှုပ်အထွေးများစွာရှိနိုင်၏။ ဒုစရိုက်လုပ်ငန်း ပေါက်ကြားသွား၍ နှုတ်ပိတ်သတ်ဖြတ်ခြင်းလည်းသူဆစရာဖြစ်၏။ အမှုမှန်ပေါ်ပေါက်စေရေးအတွက် ထောင့်ပေါင်းစုံမှ စဉ်းစားတွေးခေါ် အဖြေရှာကြခြင်း အဖြစ်နိုင်ဆုံးအချက်ပေါ် မူတည်၍ အမှုမှန် ဖော်ထုတ်ကြရစမြဲတည်း။

မထချင်သေးပေမယ့် အိပ်ရာထက်က အလူးအလဲထကာ ရေမိုးချိုးကိုယ်လက်သန့်စင်ကာ အဝတ်အစား လဲလှယ်လိုက်ပြီး ဗိုက်ထဲဆာတာတာရှိသည်မို့ အိမ်ရှိ ရေခဲသေတ္တာထဲ ရှာဖွေကြည့်ရာ နို့တစ်ဘူးနှင့် ကိုးလ်မီး(Cold Meals') အသားလွှာအား ပါမုန့်ထဲညှပ်ကာ စားရင်းသောက်ရင်းနှင့်အိမ်မှ ထွက်ခွာလာခဲ့ရ၏။ သူ၏ကားမှာ ကျားရဲမတို့အား ပေးလိုက်ရသဖြင့် အငှားတက္ကစီတားစီးကာ နန်းသီတာ စားသောက်ဆိုင်ရှိရာ ပန်းဆိုးတန်းဆိပ်ခံဘောတံတားသို့ ထွက်ခွာလာခဲ့၏။

လက်ပတ်နာရီ တက်တိုနီ (Titoni) အော်တိုမစ်တစ်ကွ(စ်)အားကြည့်လိုက်ရာ ညနေ (၄) နာရီကျော်ခန့် ရှိနေပြီဖြစ်၏။ နန်းသီတာသို့ဆောက်သော် ရန်ကုန်မြစ်ရှခင်း မြင်သောသည့် အပေါ်ထပ်သို့ တက်ရောက်သာခဲ့၏။ ကျားရဲမနှင့် ဆားပုလင်းအောင်တွန်းတို့ မြစ်ပြင်ကျယ်အား ငေးမော



www.burmeseclassic.com

www.burmeseclassic.com



နေသည်ကို တွေ့လိုက်ရ၏။

"ဟော့ . . . ငေးလှချည်လား။ ဆောရီးကွာ။ ကိုယ် နည်းနည်းနောက်ကျသွားတယ်"

"ရပါတယ် အစ်ကိုရယ်။ ကဲ . . . ဘာစားမှာလဲ။ မှာလေ။ ပြီးတော့ ညီမတို့အတွက်ပါ ရှင်းနော် . . . အပေါင်း . . . ပေါင်း"

"သိနေတယ်လေ၊ ရှင်းပေးမယ်ဗျာ"

"ဟော့ . . . တိုက်ဂါးဘီယာနဲ့ ချိဆန်းဝှစ် (Sandwick) တစ်ပွဲပေးကွာ။ ကဲ . . . အမှုအခြေအနေ ရှင်းစမ်းပါဦး"

"သည်လို အစ်ကိုရ၊ ကျွန်မတို့နစ်ယောက် ကမ်းနားက ငါးပိငါးခြောက်ပွဲရုံတွေကို ရောက်ခဲ့တယ်။ ကုန်သည် ပွဲစားအသွင်ပေါ့လေ။ ငါးပိငါးခြောက်တွေကတော့ အမှတ်တံဆိပ် အမျိုးမျိုးပါပဲ။ အဲသည်ထဲမှာ ရောင်နီဦးတံဆိပ်နဲ့ ကုန်တွေကို ပွဲရုံသုံးရုံလောက်ပဲ တွေ့ရတယ်။

ကျွန်မတို့ တိုက်ရိုက်ဖောက်သည်ယူမှာမို့ ဘယ်လိုဆက်သွယ်ရမလဲလို့ မေးတော့ ရန်ကုန်မှာ အဲသည်ရောင်နီဦးကုမ္ပဏီသူဌေးရဲ့ လူယုံ ရှိတယ်တဲ့။ ဘယ်ကို ဆက်သွယ်ရမလဲဆိုတော့ ကျွန်မက တည်းခိုခန်းအဖြစ် ငှားထားတဲ့ ကျွန်မတို့ ဌာနခွဲ လိပ်စာကတ်ပေးခဲ့တယ်။ သူတို့ မနက်ဖြန်ခါမှ ဆက်သွယ်ပေးမယ်တဲ့"

"အေး . . . ကောင်းပြီလေ၊ ဆက်လုပ်ပါ။ ဗြော် . . . ငွေရှင်ပေး ဖို့ ဘာညာငွေကြေးကို ထောက်ပံ့ရေးဌာနခွဲမှာ ဘယ်အမှုအတွက်ဆိုပြီး အဲ



www.burmeseclassic.com

www.burmeseclassic.com


နေဦး . . . ငါ အမည်ပေးထားတာက “မသေသောအလောင်းအမှု” ခေါင်းစီးနဲ့

ထုတ်ကွာ။ ငါ အကြောင်းကြားထားပါ့မယ်။ အင်း . . . မနက်ဖြန်မနက်ကို

ထုတ်ယူပေါ့”

“ကဲ . . . လမ်းခွဲရအောင်”

“အယ် . . . ဘယ်ရမလဲ။ သက်ထားတို့ကို လိုက်ပို့ပေးဦးရှင့်။ သည

အချိန် ဘတ်(စ်)ကားတွေက ကြပ်ကကြပ်ပါဘိသနဲ့”

“အေးပါ။ လိုက်ပို့ပါ့မယ်။ အောင်ထွန်း ကားသော့ပေး”

“ရော့ . . . အာစရိ။ ကားက ကားရပ်နားတဲ့နေရာဘက်မှာ ရပ်ထား

တယ်။ ညာအစွန်မှာပါ။ ဟိုမှာ”

“ဒါဆို မင်းပဲ ကားမောင်းထုတ်ခဲ့ကွာ။ ရော့ . . . သော့။ ငါနဲ့

သက်ထား သည်ကစောင့်နေမယ် . . . ဟုတ်လား”

“ဟုတ် . . . အာစရိ”

“ဟာ . . . ဟိတ်ကောင် အလေးမပြုနဲ့လေ”

“အဟီး . . . အကျင့်ပါနေလို့ အာစရိရဲ့။ ဆောရီးနော်”

“တယ်ခက်ပါလား။ အသေးအဖွဲကအစ ဂရုစိုက်မှပေါ့။ သတိမြဲရ

တယ်ကွ”

“မှတ်ထားပါ့မယ် အာစရိရဲ့”

“အေး . . . သွားကွာ . . . မြန်မြန်လုပ်”

■


www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၂ )

နောက်တစ်နေ့ နံနက် နိုးထလာသည်နှင့် ကြိုတင်စီစဉ်ထားသည့်အတိုင်း ကျားရဲမနှင့် မောင်မောင်တို့ စည်းဝါးကိုက်ကြရပြန်သည်။ ကျားရဲမထံတွင် နားကပ်အကြီးဖန်စီ (Fancy) ဆွဲခိုင်းရ၏။ ထိုနားကပ်တွင် လျှို့ဝှက်အသံဖမ်းစက် ထည့်သွင်းထားပြီး ရောက်ရှိနေသည့်နေရာသို့ ညွှန်ပြနိုင်သည့် ရေဒါစက်လေး ပါဝင်၏။

ကျားရဲမ၏ နာရီတွင်လည်း မောင်မောင်နှင့် တိုက်ရိုက်ဆက်သွယ်ထားသော စကားပြောစက် (Walkie Talkie) ပါရှိသည်။ မောင်မောင်က ဌာနခွဲမှ ဟန်ပြ ဖွင့်လှစ်ထားသော တည်းခိုခန်း (Motel) တွင် မန်နေဂျာအသစ်စက်စက်အဖြစ် ထိုင်ကာ ကွပ်ကဲရမည်ဖြစ်၏။ ဌာနချုပ် စီအိုင်ဒီနှင့်သို့လည်း အမြဲမပြတ် အဆက်အသွယ်ပြုနေရသေး၏။ လိုအပ်ပါက အချိန်မရွေး



www.burmeseclassic.com

www.burmeseclassic.com



အင်အားသုံး ဖမ်းဆီးနိုင်ရန်ပါပေ။

တည်းခိုခန်းသို့ ပွဲရုံမှ ရောင်နီဦးကုမ္ပဏီ၏ လူယုံတာဝန်ခံနှင့် တွေ့ဆုံရန် ဆက်သွယ်အကြောင်းကြားလာခဲ့ပြီ ဖြစ်၏။ ကျားရဲမ ကောက်ကိုင်ပြီး ကျွန်ဖုံးများဖြင့် နားထောင်ကြ၏။ အသံဖမ်းသူက ဖမ်းယူမှတ်တမ်းတင်ခဲ့၏။

"ဟယ်လို . . . ဒေါ်သက်ထားရွှေစင်ပါလား"

"ဟုတ်ပါတယ်ရှင့်။ ဘယ်သူပါလဲ"

"ဩော် . . . ကျွန်တော်က ရောင်နီဦးကုမ္ပဏီတာဝန်ခံပါ"

"ဝမ်းသာလိုက်တာရှင်။ ကျွန်မက လူကြီးမင်းတို့ကုမ္ပဏီက ကုန်များ ဝယ်ယူချင်လို့ပါရှင်။ အဲဒါ . . ."

"ကောင်းပါပြီ။ ဒါဆို သည်ညနေ တွေ့ကြရအောင်လား"

"ဟုတ်ကဲ့။ ဘယ်နေရာလဲ။ မိန့်ပါဦးရှင့်"

"ဂရင်းပတ်ရော်ရယ်ဟော်တယ် (Grand Park's Royal Hotel) က စားသောက်ခန်းမှာ ညနေ (၄) နာရီခွဲ ဆုံကြမယ်။ ကျွန်တော်က ဖိတ်ခေါ်သူဆိုတော့ ကျွန်တော် ကျွေးမွေးဧည့်ခံမှာပါ"

"လက်ခံပါတယ်ရှင်။ ဒါပေမဲ့ အရောင်းအဝယ်ဖြစ်သွားရင်တော့ ကျွန်မ တုံ့ပြန်ကျွေးတာ လက်ခံရမှာနော်"

"ကောင်းပါပြီဗျာ။ ကျွန်တော် စောင့်နေပါ့မယ်"

"ဟုတ်ကဲ့ရှင့်။ ဩော် . . . မေ့တော့မလို့။ ရှင့်ရဲ့နာမည်လေး တစ်ဆိတ်လောက် ပြောပါဦးရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သား . . . ကျွန်တော်က သစ်ပါခင်ဗျာ"

တယ်လီဖုန်းလိုင်း ပြတ်တောက်သွားခဲ့ပြီဖြစ်၏။

မောင်မောင်က အချိန်ရနေသေးသည်မို့ တိတ်ခွေယူဆောင်ကာ ဟုဘာရာဇာတဲသို့ ရောက်ရှိလာခဲ့၏။ အဘိုးအိုအတွက် အရက်တစ်ပုလင်းပါ ဆွဲခဲ့ပါသေး၏။ အရက်ကျေးကျွန်ဖြစ်နေပြီမို့ အရက်ဖြင့် အသက်ဆက်နေသူ ဖြစ်၏။ အရက်ဖြတ်လိုက်ပါက အရမ်းစိတ်ဓာတ်လည်း ကျသွားကာ ရောဂါ များဖြစ်ပေါ်လာပြီး သေလွန်မည်ဟု ထင်မှတ်နေပေသည်။

အဘိုးအိုက အရက်ကိုမြင်သည်နှင့် ရေသောက်သလို တဂွတ်ဂွတ် မော့သောက်လိုက်ကာ မျက်နှာရှိပ်ဖြင့် ဖွင့်တော့ဟုဆိုပြီး သူက မျက်စိပိတ် ကာ နားစွင့်နေတော့၏။

"ဟုတ်တယ် . . . သည်အသံပဲ။ သူလည်း အလောင်းလာပို့တဲ့သူ တစ်ယောက်ပဲ။ ဟိုတစ်ယောက်က ကြောက်လန့်နေပေမယ့် သူက မတုန် မလှုပ်ဘူးကွယ့်။ တော်တော်သွေးအေးတဲ့သူပဲ"

"ကျေးဇူးပဲ အဘိုးရေ။ ခွင့်ပြုပါဦး။ အမှုမှန်ပေါ်လို့ကတော့ အဘိုး အတွက် ကတ်လိုက် အရက်တွေ လာပို့မှာဗျ"

"တကယ်လား . . . အပြောတော့ မဟုတ်ဘူးနော်"

"တကယ်ပါ အဘိုးရေ။ သွားပြီဗျို့"

မောင်မောင် ဝမ်းသာသွား၏။ သဲလွန်စနောက် ခြေရာခံကောက်ယူ ခြင်း မှန်ကန်လာပြီဖြစ်၏။ အမှုမှန်ပေါ်ပေါက်လာရန် မဝေးတော့ပြီမို့ ဗိုမို



www.burmeseclassic.com

www.burmeseclassic.com



စိတ်အားထက်သန်လာမိပါသည်။ မောင်မောင် ကားလေးမောင်း၍ တည်းခိုခန်းသို့ ပြန်လာခဲ့၏။ နာရီကြည့်လိုက်တော့ နေ့လယ် (၁၄း၃၆) မိနစ်မို့ အချိန်များစွာ ပြင်ဆင်ချိန်ရပါသေး၏။

ကျားရဲမနှင့် ဆားပုလင်းအောင်ထွန်းတို့ကို လွှတ်လိုက်မည်။ သူကအနည်းငယ်နောက်ကျပြီးမှ တစ်ကိုယ်တော်အဖြစ် ချိန်းချက်ရာ ဟော်တယ်သို့ ဝင်ရောက်မည်။ ကျားရဲမတို့ စကားပိုင်းပြောသမျှကို ကြားသိရန်အတွက်နားကြပ်အသံဖမ်းစက် တပ်ဆင်ထားမည်ဖြစ်၏။ ကျားရဲမနှင့် မျက်နှာချင်းဆိုင် ထိုင်မည်ဖြစ်၍ လှုပ်ရှားရန် အချက်ပေးထားမည် ဖြစ်၏။

ညနေ (၄) နာရီ (၁၅) မိနစ်မှာမှ ကျားရဲမ လက်နက်ကိရိယာများတပ်ဆင်ပြီး အပြည့်အစုံဝတ်စားကာ ဆားပုလင်းတပ်ကြပ်ကြီး အောင်ထွန်းနှင့်အတူ ထွက်ခွာသွားတော့၏။ မောင်မောင်ကတော့ နက်(စ)တော်ဗီခဲခဲတစ်ခွက်နှင့် မာဘိုလိုစီးကရက် မီးညှိဖွာရှိုက်ကာ သူ၏ ကွင်းဆက်များအားဆက်စပ်တွေးကာ ငြိမ့်ကျန်ရစ်ခဲ့၏။

ညနေလေးနာရီခွဲကျော်စ ပြုလာပြီမို့ တည်းခိုခန်းမှထွက်ခွာတာအငှားတက္ကစီ ကားတားကာ လိုက်ပါခဲ့၏။ ထိုတက္ကစီကားမှာလည်း မှုခင်းရဲတပ်ဖွဲ့ဝင်တစ်ဦးသာ ဖြစ်၏။ အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် ရာဇဝတ်မှုပပျောက်ရေးအတွက် ဆောင်ရွက်နေကြခြင်းသာ ဖြစ်ပေသည်။ လိုအင်ဆန္ဒသူဆောင်းစားအသွင် လမ်းကြိုလမ်းကြား လိုက်ကောက်သူ ခရီး စိတ်ဆနှာသည်အဖြစ်ပါ ရုပ်ဖျက်စုံစမ်း ဖော်ထုတ်ရသည်လည်း ရှိခဲ့ဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တို့ မှုခင်းရဲတပ်ဖွဲ့တွင် အထူးတာဝန်မှ အပြင်ဘက်တွင် ယူနီဖောင်း ဝတ်ဆင်လှုပ်ရှားရသည်က နည်းပါးလှ၏။ သာမန်အရပ်ဝတ်များ ဖြင့်သာ လှုပ်ရှားကြ၏။ ရုံးတွင်းရောက်မှ ယူနီဖောင်းဝတ်ဆင်ကာ ရုံးတက် ရုံးဆင်းပြုကြရပေသည်။ တချို့တပ်ဖွဲ့ဝင်များသည် နှစ်ရှည်လများ မှုခင်းစုံစမ်း ထောက်လှမ်းရာကျရာ တာဝန်အတိုင်း ထမ်းရွက်ကြရင်း ဇနီးမယားပင် မိမိ ယောက်ျား ရဲတပ်ဖွဲ့ဝင်ဟု မသိဘဲ ရှိတတ်ပေသည်။

မောင်မောင် သမ္မတရုပ်ရှင်ရုံအနီးရှိ ဂရင်းရော်ရယ်ပော်တယ်သို့ ရောက်လာခဲ့ပြီး စားသောက်ခန်းသို့ တန်းဝင်ရောက်လာခဲ့၏။ ကျားရဲမတို့က အပြင်ရှုခင်းမြင်နိုင်သောနေရာတွင် ထိုင်လျက် စကားပြောနေကြသည်ကို တွေ့ရ၏။ ကံကောင်းပါသည်။ သူတို့အနီး စားပွဲခုံလွတ်နေခဲ့၏။ မောင်မောင် က မာဘိုလို စီးကရက်တစ်လိပ်ကို ထုတ်ကာ ကင်မရာမီးခြစ်ဖြင့် ကျားရဲမနှင့် ထိုင်နေသူ သိခ်ဆိုသူအား ဓာတ်ပုံရိုက်ယူလိုက်၏။

ကျားရဲမတို့ စကားပြောဆိုမှုများကိုလည်း နားထဲနားကြပ်ဖြင့် နား ထောင်လျက်ရှိခဲ့၏။ မောင်မောင်အား ရုတ်တရက်ကြည့်ပါက MP 4 သီချင်းခွေ နားထောင်နေသည်ဟု ထင်မှတ်စရာပါပေ။ မောင်မောင်က ပုစွန် ထမင်းကြော်မှာလိုက်ပြီး ကြာမဆိုင် ၁၂ မျိုးဟင်းချိုတစ်ခွက်နှင့် ဂဏန်းပေါင်း တင်းလျှာ မှာ၏။ ယမကာအားဖြင့် မာတီနီ (Martini) နှစ်ပက်၊ တော်နစ် (Tonic) စပ်ပြီး ရေခဲတုံးထည့်ခဲ့ရန် မှာလိုက်သေး၏။ ဂဏန်းပေါင်းအား အပေါ်မှ အခွံများသာ အုပ်ထားပြီး အောက်ဘက်အခွံနွှာပြီးသားမို့ အသား



www.burmeseclassic.com

www.burmeseclassic.com


များအား အလွယ်တကူ ထုတ်ယူစားသောက်နိုင်ပေသည်။

ကျားရဲမနှင့် သိန်ဆိုသူတို့သည် မောင်မောင် ဝင်ရောက်လာချိန်တွင် မှာယူစားသောက်လျက်ရှိသဖြင့် စကားမဆိုဖြစ်သည်က များနေ၏။ စားသောက်နေချိန်တွင် စကားမဆိုသည်က ယဉ်ကျေးမှုအသွင် ဆောင်နေပေသည်။ မောင်မောင် စားသောက်နေချိန်တွင် သူတို့ စားသောက်ပြီးသွားကြပြီး ကျားရဲမက ချယ်ရီပိုင်အချိုနှင့် သိန်ကတော့ ဘာလက်တိုင်းအရက်နှစ်ပက်၊ ချိစ်တစ်ပွဲ၊ မြေပဲဆားလှော်ဖြင့် မြည်း၏။ ကျားရဲမကတော့ အိုက်ခရင် တစ်ခွက်ဖြင့် အချိုတည်း၏။

"ကျွန်မတို့ အစ်ကိုသိန်တို့ကုမ္ပဏီကထုတ်တဲ့ ငါးပိငါးခြောက်များများလိုချင်လို့ပါရှင်"

"ဘယ်လမ်းကြောင်းအတွက်လဲဗျ"

"ကချင်ပြည်နယ်ဘက်ပါ"

"ရပါတယ်ဗျာ။ အချိန်ဘယ်လောက်လိုချင်သလဲ"

"အချိန် ၂၀၀၀ ငါးခြောက်ဆားပေါ့ယူမယ်။ ပြီးတော့ ငါးပိက အချိန် ၂၀၀ လောက် ရနိုင်မှာလား။ ငါးပိက မျှင်ငါးပိပါရှင့်"

"ရနိုင်ပါတယ်။ ငါးခြောက်က ပင်လယ်ငါးခူတို့၊ အာပြဲခြောက်တို့၊ ပင်လယ်ငါးတွေပဲ ရမှာနော်"

"သိပါတယ်ရှင့်"

"ဟုတ်ပြီလေ။ ဒါဆို ကုန်တွေက ရွှေပြည်သာစက်မှုဇုန်ဘက်မှာ


www.burmeseclassic.com

www.burmeseclassic.com



ဂိုဒေါင်တွေနဲ့ထားတယ်ဗျ။ ခင်ဗျား စိတ်ကြိုက်လိုက်ကြည့်ပေါ့ ဟုတ်လား"

"ကောင်းပါတယ်ရှင်။ မနက်ဖြန် လိုက်ကြည့်ရမလား"

"အဲ . . . မနက်ဖြန်တော့ မလုပ်နဲ့ဗျာ။ ကျုပ်သူဌေးက မနေ့ကမှ ဘိတ်(မြိတ်)ကို လေယာဉ်နဲ့ပြန်သွားတာဗျ။ သည်နေ့ သူ့ကို ဆက်သွယ်ပြီး အကြောင်းကြားရမယ်။ ကဲ . . . သဘာက်ခါပေါ့ဗျာ။ ကြိုတင်ပြီး ကျွန်တော် ဖုန်းဆက်လိုက်ပါ့မယ်။ တည်းခိုခန်းမှာပဲ တည်းနေမှာ မဟုတ်လား"

"ဟုတ်ကဲ့ရှင့်"

"ကဲ . . . ကျွန်တော့်ကို ခွင့်ပြုပါဦးဗျာ။ အလုပ်ကိစ္စလေးတွေရှိနေလို့ပါဗျာ"

"ကောင်းပါပြီရှင့်"

"ဟော့ . . . ဝိတ်တာ ဘီလ်ရှင်းမယ်ဟေ့"

"ဟုတ်ကဲ့ခင်ဗျ"

မောင်မောင်လည်း ကျားရဲမတို့ ထွက်သွားမှ ဟော်တယ်မှ အေးဆေးစွာ ထွက်ခွာလာခဲ့၏။ ဌာနချုပ်ကို မောင်မောင်တန်းသွားပြီး သိမ်ဆိုသူ၏ ဓာတ်ပုံကို ထုတ်ယူကာ ရာဇဝင်လူဆိုးစာရင်းထဲတွင် ရှိ/မရှိ ဖော်ထုတ်နိုင်းခဲ့၏။ မရှိချေ။ မောင်မောင်တို့ အာဆီယံနိုင်ငံများသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုရှိကြ၏။

နယ်နိမိတ်ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ တရားဥပဒေအရ တရားခံများအား အပြန်အလှန် ဖမ်းဆီးတာ



www.burmeseclassic.com

www.burmeseclassic.com



အမှုမှန်ပေါ်ပေါက်ရေးအတွက် ကူညီဆောင်ရွက်ကြလျက် ရှိပေသည်။ တစ်ဖက်နိုင်ငံသို့ သိန်း၏ဓာတ်ပုံပို့ကာ ပြစ်မှုကျူးလွန်ခဲ့ခြင်း ရှိ/မရှိ၊ အလိုရှိသည် (Wanted) ထုတ်ထားခြင်း ရှိ/မရှိ စိစစ်ပေးပါရန် ပေးပို့ခဲ့၏။

များသောအားဖြင့် ပင်လယ်ပြင်ငါးဖမ်းစက်လှေ အချို့သည် မြန်မာရေပိုင်နက်မှ ရေအောက်သယံဇာတဖြစ်သည့် ငါး၊ ပုစွန်များအား တစ်ဖက်နိုင်ငံတွင်းသို့ တရားမဝင် တင်ပို့ရောင်းချလျက်ရှိကြသည်။ တချို့မှာ တွင်းထွက်သတ္တုများသာမက သစ်မာများ၊ ရော်ဘာများပါ တရားမဝင် ရောင်းဝယ်လျက် ရှိသည်။ အစိုးဝါးလုံးလုပ်ရပ်မှာ အလုပ်အကိုင် ဘမ်းပြပြီး လူမှောင်ခိုကုန်ကူးကြခြင်းပါပေ။

တချို့ မသမာစီးပွားရေးသမားများသည် စက်လှေဖြင့် လူကုန်များ အပြည့်အသိပ်ပင် တင်ဆောင်ပြီး စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာသော စင်္ကာပူ၊ မလေးရှားနိုင်ငံများအထိပင် လူကုန်များ တရားမဝင် ခိုးထုတ်ပို့ဆောင်ပေးလျက်ရှိနေသည်။ မနက်ဖြန် ကျားရဲမအား ရွှေပြည်သာစက်မှုဇုန်ရှိ ရောင်နီဦး ငါးပိငါးခြောက်သိုလှောင်ရုံ ဂိုဒေါင်သို့ သွားရောက်ရန် စေလွှတ်မည်ဖြစ်၏။

ဆားပုလင်းအောင်ထွန်း ကားမောင်းလိုက်ပါရမည်ဖြစ်ပြီး သူ့ထံ လှိုင်ထွက်ကင်မရာမီးခြစ်၊ ကားထဲမှ အသံဖမ်းစက် အပြန်အလှန် ဒွာနချုပ်နှင့် စကားပြောစက်များပါ ပါရှိ၏။ မောင်မောင်က ဌာနချုပ်အတွင်းမှ နားထောင်တာ အသံဖမ်းမှတ်တမ်းတင်ရမည်ဖြစ်၏။ စကားထဲမှ ဇာတိပြဆိုသလို အရက်မူးက ကျွဲခိုးပေါ်သော အဖြစ်အပျက်များစွာရှိခဲ့ပြီး ကမ္မများစွာ ဖော်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်နိုင်ခဲ့ပေသည်။

ဒုစရိုက်သမားများသည် ချိတ်ဆက်များရှိကြ၏။ အစတစ်စ ဆွဲထုတ်နိုင်သည့် အမျှင်တန်းရှည်အဆုံးထိ လိုက်လံဖော်ထုတ်ခဲ့ရသော အမှုကြီးများရှိ၏။ ယခုလည်း လူမှောင်ခိုကုန်ကူးဂိုဏ်းများအား ဖော်ထုတ်နိုင်ရေးကို ကြိုးပမ်းစုံစမ်းနေကြရ၏။ တချို့မှာ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီဘမ်းပြုပြီး မသမာစီးပွားရှာဖွေသူများလည်း ရှိနေပါသည်။

မသိနားမလည်ဘဲ နိုင်ငံရပ်ခြားသို့ အထင်ကြီးကာ အလုပ်အကိုင်သွားရောက်လုပ်ကိုင်ရန် ထွက်ခွာကြပြီး နိုင်ငံရပ်ခြားရောက်မှ ကုမ္ပဏီအတုဖြစ်နေကာ အလုပ်အကိုင်မရဘဲ အတိဒုက္ခရောက်ကြရကာ ပျက်စီးသွားရသူများစွာရှိခဲ့ပေသည်။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးများကို ဒုက္ခတွင်းနက်ထဲပို့သလို ပြုမူလုပ်ရက်ကြသူများတည်း။

အထူးသဖြင့် မြန်မာအမျိုးသမီးငယ်လေးများသည် မသိနားမလည်ဘဲ နိုင်ငံရပ်ခြားကို အထင်ကြီးကာ သွားရောက်လုပ်ကိုင်ကြရာမှ နိုင်ငံရပ်ခြားတွင် အရောင်းစားခံကြရ၊ ဖိမ်စန်းများတွင် ဘဝပျက်စီးကြရနှင့် အလုပ်ရှင်တို့၏ အစော်ကား အနိုင်ကျင့်မှုများကိုပါ ခံစားကြရကြောင်း အဖြစ်အပျက်များစွာ ရှိခဲ့ပါသည်။ ဖြစ်နေဆဲ ရှိနေဆဲတည်း။

တချို့မှာ ကုရာနတ္ထိ ဆေးမရှိသည့် အေအိုင်ဒီအက်(စ်)ရောဂါဆိုးကြီးပင် ရခဲ့ပြီး လူ့ဘဝကို စွန့်ခွာသွားကြရကုန်၏။ မကြွေလွင့်မီ ကြွေလွင့်ခဲ့ရသော ပန်းကလေးများနယ် မြန်မာအမျိုးသမီး သားကောင်းလမ်းပျိုတို့ ဘဝ



www.burmeseclassic.com

www.burmeseclassic.com



နိဂုံးချုပ်ပြီမ်းသွားရတော့၏။ အမျိုးသမီးရေးရာအဖွဲ့အစည်းမှ ကျေးလက်တောရွာမကျန် အသိပညာပေးဟောပြောမှုများ ပြုလုပ်ကာ ဘဝလမ်းမှားရောက်စေရန် ဆောင်ရွက်လျက် ရှိနေသည်မှာ ဝမ်းမြောက်ဖွယ်ရာတည်း။

နေ့လယ် (၂) နာရီခန့်တွင် ရောင်နီဦးကုမ္ပဏီတာဝန်ခံ သိန်ထံမှ အချိန်းအချက်ဖုန်းဝင်လာခဲ့၏။ သူတို့၏ ကုန်ပစ္စည်းများ သိုလှောင်ထားရာ ဇော်မှုဖုန်သို့ လာရောက်ရန်ဖြစ်၏။ ကျွားရဲမက စကားပြောစက်နှင့် အထက်အရာရှိ မောင်မောင်ထံ သတင်းပို့ခဲ့၏။ လိုအပ်ပါက နယ်မြေခံရဲတပ်ဖွဲ့သို့ ဆက်လက်သတင်းပေးပို့ရမည်ပေ။

■

www.burmeseclassic.com

www.burmeseclassic.com

# အမှောင်ဒုစရိုက်လောကသားများ

သက်ထားရွှေစင် (ကျားရဲမ) တို့၏ ကိုယ်ပိုင်စလွန်းကားလေးက ရွှေပြည်သာ စက်မှုဇုန်ဘက်သို့ ကွေ့ဝင်ရောက်ခဲ့ပြီး ရောင်နီဦးကုမ္ပဏီတည်ရှိရာသို့ မေးမြန်းကာ မောင်းနှင်လာခဲ့ကြရ၏။ ရောင်နီဦးကုမ္ပဏီကား သီးသန့်လမ်းသွယ်လေးမှ ဝင်ရောက်ရမည်ဖြစ်၏။ လမ်းထဲ အပေါက်ဂိတ်ဝတွင် သံမဏိ ဝင်းတံခါးကြီး ပိတ်ထားပြီး လုံခြုံရေးအစောင့်ကင်းရုံလေးပင် ထားရှိ၏။ ဂိတ်ဝတွင် တီဗွီကင်မရာများ တပ်ဆင်ထားကြောင်း သတိထားမိ၏။

"ဘာကိစ္စပါလဲခင်ဗျာ"

"ဩော် . . . ဒီကလူကြီး သိခ်နဲ့ ချိန်းချက်ထားလို့ပါရှင့်"

"ဘယ်သူပါလဲ"

"သက်ထားရွှေစင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ခဏစောင့်ပါ"

မလွယ်ပါလား။ အထဲသို့ ရမ်းသမ်းဝင်ရောက်ရန် မည်သို့မှ မစဉ်းစားရဲပါချေ။ ညဥ့်ဘက်တွင် ဝင်းနံရံပေါ်မှ သံဆူးကြိုးများအား လျှပ်စစ်ဓာတ်အားများ လွှတ်ထားရန် ပြုလုပ်ထားကြောင်း တွေ့ရပြန်သည်။

"ဟုတ်ကဲ့ . . . ဝင်ခဲ့ပါတဲ့ခင်ဗျာ"

သက်ထားရွှေစင်တို့ကားလေး အထဲသို့ ဂိတ်တံခါးကြီး ဖွင့်ပေးပါမှ ဝင်ခွင့်ရသည်။ အထဲတွင် သူနေရာနှင့်သူ အလုပ်ရုံများ၊ ဂိုဒေါင်ကြီးများအား တွေ့ရ၏။ အထဲတွင် ခေတ်မီလှပသော နိုင်ငံခြားပုံစံယူ ဆောက်လုပ်ထားသော နှစ်ထပ်တိုက်လေးအား တွေ့ရ၏။ ဂိတ်ပေါက်လုံခြုံရေးက ထိုစင်ဝင်အောက်သို့ ကားမောင်းဝင်ပါရန် ပြောခဲ့သဖြင့် ရပ်လိုက်သည်။ သူတို့ကုမ္ပဏီတာဝန်ခံ မန်နေဂျာကြီးသိမ်းက ပြုံးရွှင်လိုက်လှဲစွာ အပေါက်ဝမှ ဆီးကြိုခဲ့ပါသည်။

"ဟား . . . လာဗျာ သက်ထားရွှေစင်"

"ဟင် . . . အလုပ်ရုံသာဆိုတယ် တယ်လည်း ခမ်းနားလှပါလားရှင့်"

"ဪ . . . ဒါလား။ ကျွန်တော်တို့ကုမ္ပဏီက နိုင်ငံခြားသားကုမ္ပဏီတွေနဲ့ပါ ချိတ်ဆက်လုပ်ကိုင်ကြတော့ဗျာ နိုင်ငံခြားသားကုန်သည်တွေလာရင် စိတ်ချအလုပ်ရုံလည်း ကြည့်ရင်း အပန်းပါဖြေနိုင်အောင် လုပ်ထားရတာပါ"

"ဪ . . . ဪ"

www.burmeseclassic.com



သက်ထားရွှေစင် အခန်းထဲ မျက်လုံးဝေ့ကြည့်ရာ မြန်မာ့ပန်းချီဆရာကြီးများ၏ ပန်းချီကားအလှများပါ ချိတ်ဆွဲထားကြောင်း တွေ့ရပြီး ထိုင်ခုံကြီးများမှာလည်း ကျွန်း၊ ပိတောက်သားများဖြင့် ဆိုဖာများတပ်ဆင် ကနုတ်ပန်းအလှများနှင့် ခန့်ထည်လှပနေ၏။ အပေါ်ထပ်တွင်တော့ ကွန်ပျူတာသုံးလုံးခန့် ထားရှိသလို တယ်လီပရင်တာ (Teleprinter)၊ E-mail စသည်ဖြင့် စက်များတွေ့ရ၏။ ရုံးဝန်ထမ်းများမှာ ချောမောသော မိန်းမပျိုလေးများသာဖြစ်ကြ၏။ အနောက်တိုင်းဆန်စွာ အပေါ်ဟာပ်(ဖ်)ကုတ်အကျႌ (Half Coat) များ ဝတ်ဆင်ပြီး လည်စည်းပဝါမချည်ထားပြီး စကတ်ဒူးအထိ ဝတ်ဆင်ထားကြသည်။ ခြေထောက်တွင်လည်း ဒေါက်မြင့်ဖိနပ် (High Heel) များ စီးထားကြပါသေး၏။

အအေးခန်းများမို့ ချမ်းစိမ့်စိမ့်ပင်ရှိလာသည်။ မန်နေဂျာရုံးခန်းကြီးထဲတွင် ရုံးသုံးစားပွဲကြီးနှင့် ဘီးတပ်ထိုင်ခုံအပြင် ဧည့်သည်များ သက်သောင့်သက်သာစွာ နေထိုင်ရန် ဆိုဖာဆက်တီများပါ ထားရှိ၏။ ကိုယ်ရေးစာရေးတစ်ဦးနှင့် ကွန်ပျူတာသီးသန့်တစ်လုံးပါ ထားရှိပြီး စာရင်းလယ်ဂျာများအား ကွန်ပျူတာထဲ ထည့်သွင်းနေသူတစ်ယောက်ပါ ရှိသေးသည်။

အခန်းထဲတွင် ရေခဲသေတ္တာပါထားရှိပြီး မိမိစိတ်ကြိုက်ဖွင့်ကာ [illegible]ပြီး သုံးဆောင်နိုင်သည်။ ပရိုဂျက်တာတစ်လုံးပါ ထားရှိထားသည်။ [illegible] စက်များပါ တွေ့ရပြီး အခွေခတ်ပြားများစွာ သူ့အကန့်နှင့်သူ ထားရှိထားသေး၏။ အိပ်ခန်းတစ်ခန်းပါ ထားရှိပြီး ရေချိုးခန်း၊ အိမ်သာပါ တွဲထားသော

www.burmeseclassic.com



၏။ ရှုံးခန်းနှင့်မတူဘဲ အပန်းဖြေသီးသန့်နေရာနှင့်တူလှပေသည်။

"ကဲ . . . မသက်ထားရွှေစင် သုံးဆောင်ပါဦး"

သက်ထားအတွက် ဦးသိန်းက ကိုကာကိုလာသံဘူးနှင့် ဖန်ခွက်တစ်လုံးပါ ချပေးခဲ့၏။ မိန်းကလေးအများစုက သံဘူးအတိုင်း မော့သောက်လေ့မရှိသဖြင့် ဖန်ခွက်ပါ ချထားပေးခြင်းပါပေ။ သူကတော့ တိုက်ဂါးဘီယာတစ်လုံးအား ဖောက်ကာ မော့သောက်နေ၏။

"အား . . . ပြီးရင် စက်ရုံတို့ ဂိုဒေါင်တို့ဘက် သွားကြည့်ကြပါ။ ဒါမှ ဟော့တ် ပရိုဂျက်တာနဲ့ ကြည့်ရင်လည်း ရတယ်"

"သွားကြည့်တာ ကောင်းမယ်ထင်တယ်ရှင့်။ ဒါမှ ပစ္စည်းကို စမ်းသပ်ကြည့်ပြီး ဆုံးဖြတ်နိုင်မှာမို့ပါ"

"ဟုတ်ပ့ါဗျား။ သက်ထားရွှေစင်က ကုန်သည် ပီသပါပေ့ဗျာ"

"ဒါပေ့ါရှင် . . . ကိုသိန်းတို့ရဲ့ အပြင်အဆင် ဟိတ်ဟန်ထည်ဝါနေတော့ ဈေးဆစ်ရမှာတောင် အားနာမိပါရဲ့ အဟုတ်"

"ဟာဗျာ . . . မြှောက်နေပြန်ပါပြီ။ ကျွန်တော်တို့က ဖောက်သည်အသစ်ကို အထူးအလေးထားပြီး ဈေးနှုန်းလျှော့ပေါ့ပေးတတ်ပါတယ်ဗျာ။ ဒါမှ အမြဲတမ်း ဖောက်သည်ဖြစ်လာအောင်လို့လေ"

"ကဲပါရှင် . . . သွားကြည့်ရအောင်ရှင့်"

"ကောင်းပါပြီ"

သက်ထားရွှေစင်နှင့် သိန်းတို့ စက်ရုံဘက်သို့ လျှောက်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သက်ထားရွှေစင်၏နားဆွဲတွင် ဗီဒီယိုကင်မရာလေး တပ်ဆင်ထားပြီး အသံပါ ဖမ်းယူနိုင်သည်မို့ မောင်မောင်တို့ ဌာနချုပ်မှထိုင်ကာ စောင့်ကြည့်နေပုံပင်။ သက်ထားရွှေစင်(ကျားရဲမ)ကလည်း ပါးနပ်ကျွမ်းကျင်လှ၏။ သိချင်သော အချက်အလက်များကို မသိမသာ နှိုက်ချွတ်မေးမြန်းတတ်ပေသေး၏။

"ဩော် . . . ညဥ့်ဘက်ဆို လုံခြုံရေးအတွက် အစောင့်တွေ အများကြီး ထားရမှာပဲနော်။ နိုင်ငံခြားသားတွေ လာတည်းတော့ စိတ်မချမ်းမြေ့စရာတွေ ကြုံတွေ့နိုင်တာပဲနော်"

"မထားပါဘူး။ နှစ်ယောက်တည်း ထားပါတယ်။ ခြံထဲမှာ ဒိုဘာမင်ခွေးကြီးနှစ်ကောင်လည်း လွှတ်ထားသေးသဗျ။ ပြီးတော့ အုတ်တံတိုင်းကသံဆူးကြိုးကို လျှပ်စစ်ဓာတ်အားတွေ ညဘက်လွှတ်ထားတယ်လေ။ ပြီးတော့ အော်တိုမစ်တစ် အချက်ပေးခေါင်းလောင်း (Auto Emergency Alarm) ပါ တပ်ဆင်ထားတော့ လာပါလေ့စေ ကွိခနဲပဲဗျ"

"သိပ်ခေတ်မီပါလားရှင့်။ ကိုသိန်းက နိုင်ငံရပ်ခြားအတွေ့အကြုံ အနေများလို့ပေါ့နော်"

"အေးဗျ . . . ကျွန်တော်က တစ်ဖက်နိုင်ငံမှာလည်း ရှယ်ယာထွေ့ ဝင်ထားသေးသဗျ။ အလုပ်ကိစ္စနဲ့ အခေါက်ခေါက်အခါခါပေါ့ဗျာ"

"ဟယ် . . . ကားဂိုဒေါင်ကလည်း နောက်ဆုံးပေါ် ကားတွေချည်ပဲလား။ ကားလေးစီးတောင်မှ"

"ဟုတ်တယ် . . . သက်ထားရွှေစင်။ နှစ်စီးက ငွေနဲ့ သုတ္တေ



www.burmeseclassic.com

www.burmeseclassic.com


ကတော် စီးကြပါတယ်။ တစ်စီးက ကျွန်တော်၊ နောက်တစ်စီးက နိုင်ငံခြား ဧည့်သည်တွေအတွက် ထားပါတယ်"

"ဟယ်တော့ . . . ဂိုဒေါင်ကြီးက နစ်လုံးတောင်မှဆိုတော့ ကုန်တွေ အများကြီး သိုလှောင်ထားတယ်ပေါ့နော်"

"မဟုတ်ပါဘူး။ တစ်ခုက စက်ရုံလေ။ ငါးစည်သွပ်ဘူးလုပ်ငန်းနဲ့ ငါးကြီးဆီတို့ပါ ထုတ်လုပ်ပါတယ်။ ပြီးတော့ အမွှေးဆပ်ပြာခဲတွေပါ ထုတ် လုပ်ပါသေးတယ်။ ဆပ်ပြာမှုန့်ပါ ထုတ်လုပ်နေပါပြီခင်ဗျ"

"အို . . . လုပ်ငန်းတွေ အများကြီးကို ကိုသိမ်တစ်ယောက်တည်း အုပ်ချုပ်နေရတာပေါ့လေ"

"မဟုတ်ပါဘူး။ ကျွန်တော့်အောက်မှာ သူဌေးနဲ့သူ မန်နေဂျာတွေ၊ လက်ထောက်မန်နေဂျာတွေ သူ့ဌာနနဲ့သူ ထားရှိပါတယ်။ ကျွန်တော်က နေရာအနှံ့ လှည့်လည်သွားလာနေရတာ များပါတယ်။ သူဌေးကတော်ပဲ တိုက်ရိုက် အုပ်ချုပ်ခဲ့တာ များတယ်ပေါ့ဗျာ"

"သူဌေးက မအုပ်ချုပ်ဘူးလားရှင့်"

"အုပ်ချုပ်ပါတယ်။ သူက ဘိတ်(မြိတ်)ဘက်က လုပ်ငန်းတွေကို အုပ်ချုပ်ကွပ်ကဲရတာများပါတယ်။ ကဲ . . . ငါးပိ ငါးခြောက်တွေကို သဘော ကျရဲ့လားဗျ"

"ကျပါတယ်ရှင့်။ ဈေးတော့ လျှော့ပေးဦး။ ဒစ်စကောင့်ပေး (Discount) မဟုတ်ဘူးလားရှင့်"


www.burmeseclassic.com

www.burmeseclassic.com


"ရပါတယ်ဗျာ၊ စရန်တော့ တစ်ဝက်ချေခဲ့ရမှာဗျ၊ ကုန်တွေကို ပို့ဖို့ အစအဆုံး တာဝန်ယူလာပို့မှာပါ။ ကုန်တွေ ပြေစာပေးတဲ့အခါ လက်ခံရရှိကြောင်း လက်မှတ်ထိုးပေးပြီး ကျန်ငွေ အကျေချေလိုက်ရုံပါပဲဗျာ"

"ကောင်းပါပြီရှင်"

သက်ထားရွှေစင်က ကားရှိရာသို့ ပြန်လျှောက်လာခဲ့ပြီး ဆားပုလင်းအောင်ထွန်းအား ငွေအိတ်သေတ္တာဆွဲကိုင်ပြီး လိုက်ပါစေခဲ့၏။ ရုံးခန်းတွင်းမှာပင် ငွေစရန်ပေးချေရပြီး ဦးသိန်းက စရန်ငွေရရှိကြောင်း လက်မှတ်ရေးထိုးပေးခဲ့၏။ စရန်ငွေပင် သိန်း (၁၂၀) ပေးချေခဲ့ရပေသည်။ လုပ်ငန်းကြီးလုပ်ကိုင်သူများ မဟုတ်ပါလော။

ကျားရဲမက ဌာနချုပ်ရုံးသို့ တိုက်ရိုက်ပြန်မဝင်ဘဲ တည်းခိုခန်းသို့သာ ဝင်ရောက်ခဲ့၏။ သူမနောက်မှ ဦးသိန်းတို့၏ နောက်ယောင်ခံ ရှဒိုးကားတစ်စီး လိုက်ပါလာသည် မဟုတ်ပါလား။ မြွေမြွေချင်းတော့ ခြေမြင်ပါသည်။ ငွေလုံးငွေရင်းဖြင့် ဝင်ရောက်ပူးလာသည်မို့ တစ်ဖက်မှ သတိထားဟန်တူ၏။

သူတို့က ဥပဒေကို လက်တစ်လုံးခြား ကြိုးတန်းပေါ် လမ်းလျှောက်နေကြသူများမို့တည်း။ ဥပဒေအာဏာတော်သားများသည်လည်း သူတို့ထက် မလျှင်ပါက မည်သို့မျှ ဒုစရိုက် အမှုအခင်းများ ဖော်ထုတ်မရနိုင်ပါချေ။ ကွက်ကျော် လှမ်းကိုင်နိုင်မှ ဖြစ်ပေမည်။ မည်သို့ဆိုစေ ရာဇဝတ်ဘေးကား မြေမလွှတ်နိုင်ပါချေ။ မည်သို့ဆိုစေ ရာဇဝတ်ဘေးကား ပြေးမလွတ်နိုင်ပါချေ။ ယခုအခါ နိုင်ငံတကာ ရဲတပ်ဖွဲ့ (Interpo)၊ အာရှရဲတပ်ဖွဲ့ (Asiapo) စသည့်


www.burmeseclassic.com

www.burmeseclassic.com



ရဲတပ်ဖွဲ့များတွင် မြန်မာနိုင်ငံမှ ရဲတပ်ဖွဲ့ဝင်များပင် တာဝန်ယူ ပူးပေါင်းထမ်းဆောင်နေကြပြီဖြစ်၍ နိုင်ငံအနှံ့ ထွက်ပြေးပါစေ။ အချိန်တန် ဖော်ထုတ်အရေးယူနိုင်မည်မှာ မလွဲပါချေ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

မောင်မောင်တို့က မပိုင်က ခြင်တောင်မရိုက်လိုပေ။ သိမ်နှင့် ကျားရဲတို့၏ ဗွီဒီယိုတိတ်ခွေအား ပြန်ကြည့်မိ၏။ ထိုအထဲတွင် ရောင်နီဦးကုမ္ပဏီဝင်းအတွင်း လှုပ်ရှားမှုမှန်သမျှအား မှတ်တမ်းတင်ရိုက်ကူးထားကြောင်း သိရ၏။ ထိုအထဲတွင် အမှုနှင့်ပတ်သက်သော အချက်အလက် သဲလွန်စရရှိနိုင်ပေသည်။ မောင်မောင် ရောင်နီဦးအလုပ်ရုံဝင်းထဲသို့ ဝင်ရောက်ထောက်လှမ်းမှု ဖြစ်ပေမည်။

မိမိတို့ စုံစမ်းသိရသလောက် အချက်များကို ဆက်စပ်ကြည့်မိသည့်အခါ အမှုမှန်ပေါ်ပေါက်ရေး လမ်းစပေါ်လာပြီဖြစ်၏။ သို့သော် အမှုကို နိုင်မာအောင် တည်ဆောက်ရမည်ဖြစ်ပြီး မှန်းဆရမ်းသမ်း၍ တရားခံဟု ဖွပ်စွဲဖမ်းဆီးမရပါချေ။ လူဆိုး (၁၀) ယောက်လွတ်သွားပါစေ၊ လူကောင်း တစ်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ကို မှားယွင်းဖမ်းဆီး၍ မရပါချေ။ ထိုသူ၏ ဘဝတက်လမ်းများ ဖျက်ဆီးပစ်ရာ ရောက်ရှိသွားပေမည်မို့ မိမိတို့ ဘက်တော်သားများက သတိကြီးစွာထား၍ စုံစမ်းဖော်ထုတ်ကြရပေသည်။

ဤမသေသော အလောင်းအမှုတွင် ပြစ်မှုကျူးလွန်သော တရားခံများဟု ကောက်ချက်ချနိုင်သူ နှစ်ယောက် ပေါ်ထွက်လာခဲ့၏။ တစ်ဦးမှာ ရောင်နီဦးတာဝန်ခံ မန်နေဂျာချုပ်ဖြစ်သူ သိန်ခံဖြစ်ပြီး နောက်တစ်ယောက်မှာ ပိုင်ရှင်ဦးအောင်ထွန်းပေတည်း။ သို့သော် ဘယ်သူသတ်သည်၊ ဘာကြောင့်သတ်သည်ကို မဖော်ထုတ်နိုင်သေးဘဲ ရှိသဖြင့် ဖမ်းဆီး၍ မရသေးချေ။

လည်ပင်းညှစ်၍ အသတ်ခံရပြီး မသေသေးဘဲ မေ့မျောနေသူ အမျိုးသမီးကား ရောင်နီဦးကုမ္ပဏီပိုင်ရှင် သူဌေးမ ဒေါ်လှလှဝင်းပါပေ။ ပိုင်ဆိုင်သမျှအား လောဘစိတ်ကြောင့် သတ်သည်ဟု ယူဆနိုင်သော်လည်း သေချာအောင် စုံစမ်းကာ အမှုခိုင်မာအောင် တည်ဆောက်ရပေမည်။ ဗိုလ်ကိုယ်တိုင် ဘိတ်(မြိတ်)မြို့သို့ သွားရောက်စုံစမ်းရပေမည်။

ယခုလည်း တစ်ဖက်အိမ်နီးချင်းနိုင်ငံမှ သိန်ခံနှင့် ပတ်သက်သော အချက်အလက်များ ဝင်လာခဲ့၏။ ကျားရဲမနှင့် သိန်ခံဆိုသူတို့ အရောင်းအဝယ် တို့စွဖြင့် စကားပြောစဉ်တုန်းကလည်း သိန်ခံသည် တစ်ဖက်နိုင်ငံမှ သူဌေးလုပ်ငန်းရှင်တို့နှင့် အကျိုးတူ ရှယ်ယာဝင်ထားသည်ဆို၏။ နိုင်ငံခြားသားများလည်း သိန်ခံနှင့် အဆက်အသွယ်ပြုလျက်ရှိပြီး ရန်ကုန်မြို့အထိ ဝင်ထွက်သွားလာ အဆက်အဆံပြုနေလျက်ရှိကြောင်း သိရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်နိုင်ငံ ရနောင်းမြို့မှ သိမ်ဆိုသူမှာ ရနောင်းမြို့ရှိ ငါးစည်သွပ်စက်ရုံ ငါး၊ ပုစွန်လုပ်ငန်းကုမ္ပဏီ ဆေးဗာလ်းဆီး (Silver Sea's) ကုမ္ပဏီနှင့် အစုစပ်ရှယ်ယာပိုင်ရှင်တစ်ဦးဖြစ်ပြီး ထိုကုမ္ပဏီပိုင် အအေးခန်း အလုံပိတ် အခန်းပါသောကား (Coldroom Car) တစ်စီးပေါ်တွင် တစ်ဖက်နိုင်ငံသို့ တရားမဝင်ခိုးဝင်အလုပ်လုပ်ရန် လူများကို အလုံပိတ်ကာ သယ်ဆောင်ခဲ့သည်။ ဘန်ကောက်မြို့အထိ လိုက်ပါလာခဲ့သော လူအများ ပွတ်သိပ်ကာ အလုံပိတ်ကာ တင်ဆောင်လာခဲ့သဖြင့် အသက်ရှူမွန်းကြပ်ကာ လူပေါင်း (၅၄) ယောက် သေဆုံးခဲ့ရသော အမှုဖြစ်ပွားခဲ့ပေသည်။

ထိုတရားမဝင် ခိုးဝင်အလုပ်လုပ်ကြမည့်သူများအား မိမိတို့နိုင်ငံတွင်း ခိုးသွင်းကာ လူကုန်သည်များအား စုံစမ်းဖော်ထုတ်လျက်ရှိရာ မသင်္ကာသူလူစာရင်းထဲတွင် သိမ်ဆိုသူပါဝင်လျက်ရှိကြောင်း သတင်းအချက်အလက်ပေးပို့ခဲ့၏။ ပို၍ ဆိုးဝါးသည်မှာ ရနောင်းမြို့မှနေ စိတ်ကြွဆေးပြားများ ဘိန်းဖြူများ မြို့ကြီးများသို့ စိမ့်ဝင်လာကြောင်း မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သူအချို့ကို ဖမ်းဆီးမိခဲ့၏။

ထိုသူတို့ အစစ်ခံချက်အရ မူးယစ်ဆေးဝါးဂိုဏ်းကြီးမှ သူတို့ကထပ်ဆင့် ဝယ်ယူရောင်းဝယ်ခဲ့ကြောင်း ဖြောင့်ချက်ပေး ဝန်ခံထွက်ဆိုထားကြ၏။ ဆက်သွယ်ရာတွင်လည်း နေရာအမျိုးမျိုး ပြောင်းလဲကာ ဝယ်ယူကြရင်း မည်သူမည်ဝါများ ထိုမူးယစ်ဂိုဏ်းကြီးတွင် ပါဝင်နေကြောင်း မသိနိုင်ဘဲ နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ မောင်မောင်တို့ မူခင်းရဲတပ်ဖွဲ့သည် ရာဇဝတ်အမှုကြီးများစွာ ဖော်ထုတ်ကာ တရားဥပဒေအရ အရေးယူနိုင်ခဲ့သည်ဖြစ်၏။ အမှုက မသေသော အလောင်းမှနေ၍ ပိုမိုရှုပ်ထွေးလာခဲ့၏။ အမှုကြီးများစွာကို အေရှာပို ရဲတပ်ဖွဲ့နှင့် ပူးပေါင်းကာ ဖြေရှင်းခဲ့သူဖြစ်ပြီး အေရှာပိုရဲတပ်ဖွဲ့၏ ဂုဏ်ထူးဆောင် ရဲမှူးတစ်ယောက်လည်း ဖြစ်၏။

ကျားနှင့်ဆင်ရိုင်းတို့ လယ်ပြင်မှာ တွေ့ကြပြီဖြစ်၏။ ကျားဆိုးတို့သည် စဉ်းလဲကောက်ကျစ်သော်လည်း သူတို့၏ သဲလွန်စခြေရာများ ချန်ထားရစ်မြဲပါပေ။ သားကောင်ချောင်းမြောင်းရာတွင်လည်း အမြီး တဘုတ်ဘုတ်ရိုက်ခတ်တတ်သဖြင့် သိလာပါသည်။ မောင်မောင် ညဥ့်ဘက် ညလှုအဖြစ် ရောင်နီဦးစက်ရုံဝင်းအတွင်းသို့ ဝင်ရောက်ရန် ဆုံးဖြတ်ချက်ချမိပါတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အမှောင်ထဲက ညဥ့်လှည့်သား

မောင်မောင်တစ်ယောက် စောရှည့်လူအဖြစ် ရောင်နီဦးအလုပ်ရုံ တွင်းသို့ ဝင်ရောက်ရန် ဆုံးဖြတ်လိုက်သည်။ ထိုသို့ လုပ်ပိုင်ခွင့်တော့ မရှိချေ။ မိမိတွက်ဆချက် လွဲမှားပါက မိမိသာ တရားဥပဒေအရ အရေးယူခြင်းခံရမည် ပေ။ မလုပ်၍ မဖြစ်ပါချေ။ လုပ်ရတော့မည်ဖြစ်၏။ ဒိဗာမင်ခွေးများကား အလွန်ကြောက်စရာကောင်းကြ၏။ သူတို့၏ အမြီးကို ဖြတ်ထားပြီး သူတို့ ခံစားချက်ကို မသိနိုင်ချေ။

ခွေးတို့၏သဘောက သဘောကြည်ဖြူပါက အမြီးနှံ့သည်။ ကြောက် မှုပါက အမြီးကုတ်၏။ ဒိဗာမင်ကတော့ အပြေးသန်လှပြီး ရန်သူဆိုက မလွှတ် တမ်း ခဲကိုက်ထားတော့၏။ သူတို့အသက်သေသည်အထိ ကိုက်ခဲထားတတ် ကြပေသည်။ မောင်မောင်က ဒိဗာမင်ခွေးများနှင့် ရင်ဆိုင်ရန်အတွက်



www.burmeseclassic.com

www.burmeseclassic.com



မေ့ဆေးသေနတ်ကို အသုံးပြုမည်ဖြစ်၏။ ထိုသည်က အထိရောက်ဆုံး နည်းလမ်းပါပေ။

ဒုတိယအချက်က အုတ်နံရံတံတိုင်းပေါ်က သံဆူးကြိုးများတွင် လျှပ်စစ်ဓာတ်အား လွှတ်ထားမှုတည်း။ ထိုသည်ကို ဆားပုလင်းအောင်ထွန်းအား လွှတ်ကာ အချိန်နာရီ မိနစ် (၂၀) အတွင်း ခေတ္တပိတ်စေမည်။ ပြန်ထွက်စွာချိန်တွင်လည်း မီးခေတ္တပိတ်စေရန် စကားပြောစက်ဖြင့် ချိန်ကိုက်ရမည်ပေ။ ရန်သူများ၏ ပိုင်နက်မို့ အထူးဂရုထားရမည်ပေ။

ဉာဏ်နီဉာဏ်နက်များသည့် ရန်သူမို့ လူတိုင်းလှည့်ကွက်ထောင်ချောက်များအတွင်း မကျရောက်မိစေရန် အထူးဂရုပြုလုပ်ရှားရမည်မှပေ။ သူတစ်ပါး၏ လျှို့ဝှက်ချက်ဆိုသည်က မသက်ဆိုင်သူတွေက မသိရှိအောင် လုပ်ဆောင်ခြင်း ဖြစ်၏။ သိရှိသွားပါက လျှို့ဝှက်ချက်မဟုတ်ပါတော့ချေ။ အထူးသဖြင့် ဒုစရိုက်သမားတို့သည် သူတို့၏လုပ်ရပ်ကို လူသိမခံလိုကြပေ။

အုတ်နံရံတွယ်တက်ရန် ရော်ဘာခွက်များပါသည့် အစွပ်များဝတ်ဆင်ရ၏။ ထိုသည့်ကို ဒူး၊ တံတောင်များနှင့် လက်ဖဝါးတွင် စွပ်ရပေသည်။ ရော်ဘာခွက်ပျော့များသည် ဖိကပ်လိုက်ပါက လေစုပ်ကာ တွယ်ကပ်နေ၏။ ဘလေးများ ရော်ဘာထိပ်ခွက်ပါသည့် သေနတ်ဖြင့် ကပ်ငြိနေသလိုပေ။ အုတ်နံရံလို မာကျောသည့်နေရာတွင်သာ ကပ်တွယ်ထားလို့ ရနိုင်သည်။

မိမိ၏လက်စွဲတော် ဝေါ(လ်)တာပီပီကား ပစ္စတိုသေနတ်အား ဆွယ်သိုင်းအိတ်ဖြင့် ထည့်လိုက်သည်။ ညဥ့်လူအဝတ်အစား၊ အသားကပ်

www.burmeseclassic.com



သားရေပျော့ဝတ်စုံအား ဝတ်ဆင်ပြီး ကင်းပတ်ရော်ဘာဖိနပ်ကို စွပ်ရင်း ညဝ္ဝ ကြည့်မျက်မှန်ကိုပါ တပ်ရပါမည်။ ခေါင်းစွပ်ကိုတော့ ရောက်မှ ဝတ်ဆင်ရမည်ပေ။ ရဲပဝ္ဝရောင်ကားဖြင့် ဆားပုလင်းအောင်ထွန်းက မောင်းနှင်ပြီး မောင်မောင့်အား အနီးဆုံးနေရာတွင် ချခဲ့မည်ဖြစ်၏။ ညဝ္ဝဘက်ရိုက်ကူးနိုင်သော ကင်မရာသေးသေးလေးပါ ယူခဲ့သည်။

လုပ်ရှားမှုကို ညဝ္ဝ (၁၂း၃၅) မိနစ်တွင် စတင်ထွက်ခွာလာခဲ့ကြသည်။ မောင်မောင်ကို ရွှေပြည်သာစက်မှုဇုန် ရောင်နီဦးအနီးနားတွင် ချထားခဲ့ပြီး ဆားပုလင်းအောင်ထွန်းက ကြိုတင်ချိန်းချက်ထားသည့်အတိုင်း လျှပ်စစ်မီးလိုင်းများ မိနစ် (၂၀) ခန့် ဖြတ်တောက်လိုက်ပါရန် စကားပြောစက်ဖြင့် လှမ်းပြောခဲ့၏။ ထိုအခါ မီးများ ရုတ်တရက် ငြိမ်းကျသွားချိန်တွင်တော့ ညဝ္ဝလူသား မောင်မောင်က အုတ်နံရံတံတိုင်းအား တွယ်တက်ပြီး လျှင်မြန်စွာ ဝင်းအတွင်းသို့ တောက်တဲ့တွယ်ကပ်သလို ဝင်ရောက်သွားတော့၏။

ဒိုဗာမင်ခွေးကြီးများက အနံ့ခံအားကောင်းလှ၏။ လူစိမ်းအနံ့ရသည့် နေရာသို့ အတင်းထိုးကာ ရောက်ရှိလာတော့သည်။ လုံခြုံရေးအစောင့် နှစ်ယောက်ကတော့ အံ့ရေးပေါ် မီးစက်နှိုးရန်အတွက် ဂိတ်ဝတွင် ရှိမနေခဲ့ပါချေ။ ဒိုဗာမင်ခွေးကြီးတို့အား ချိန်ရွယ်ကာ မေးခေဆးမြားသေနတ်ဖြင့် ရှေ့ဆုံးမှ ပြေးလာသော ခွေးကြီးအား ပစ်လိုက်သည်။ နောက်တစ်ကောင်က လွန်စွာနီးကပ်လာပြီး ခုန်အုပ်လိုက်ချိန်မှာ ပစ်လိုက်ရ၏။ ကံကောင်းလှ၏။ ခုန်အုပ်

www.burmeseclassic.com



လိုက်သည့်ကောင်ကြီး မေ့ဆေးသေနတ်ကြောင့် မောင်မောင်ကိုယ်ပေါ်သို့ အိခနဲကျရောက်ကာ သတိမေ့လျက်ရှိ၏။

ဒိုဟာမင်ခွေးကြီးနှစ်ကောင်အား ဆွဲကာ မမြင်သာသည့် နေရာတွင် ထားလိုက်ရ၏။ ဆားပုလင်းအောင်ထွန်းထံ စကားပြောစက်ဖြင့် လှမ်း၍ အကြောင်းကြားလိုက်၏။

"အရိပ် . . . အရိပ် . . . ကြားလား"

"ကြားတယ် . . . ညဥ့်လူ"

"အထဲရောက်ပြီ။ နဂိုအတိုင်းလင်းလက်တော့"

"ပေးပို့ချက်ရပြီ။ ဒါပဲ"

စက်ပိတ်ကာ အခြေအနေကြည့်ကာ မန်နေဂျာရုံးခန်းတည်နေရာ သို့ ချဉ်းကပ်လာခဲ့၏။ ညဥ့်ဘက်ဝင်းကြီးထဲ လျှို့ဝှက်ကင်မရာများ တပ်ဆင် ထားသည်ကို တွေ့ရ၏။ မီးများပြတ်နေ၍ တော်သေး၏။ အောက်သာ မဝင်ဘဲ အပေါ်ထပ်မန်နေဂျာ ရုံးခန်းရှိရာသို့သာ တွယ်ကပ်တက်ခဲ့၏။ မှန်နံ များမှ ရော်ဘာအစွပ်များက များစွာအသုံးဝင်လှ၏။ ရွှေရှားရန်ပင် မနည်း အားစိုက်ရ၏။

မီးများ ပြန်လည်လင်းလက်လာပြီမို့ တံခါးပေါက်အတိုင်း ဝင်ရော မရပါတော့ချေ။ မောင်မောင် စိတ်မပူပါ။ စိန်ဖြတ်ကိရိယာပါရှိသဖြင့် မှန်သား ကို ချိန်ကာ ချက်အနီးကပ်လျှီးဖြတ်လိုက်ပြီး တိတ်ဖြင့်ကပ်ကာ ခွာလိုက်၏ မှန်သားအတိုင်း တိတ်တွင်ကပ်ကာ ကွာသည်နှင့် အတွင်းသို့ လက်နှိုက်က



www.burmeseclassic.com

www.burmeseclassic.com



ချက်ကို ဖြုတ်လိုက်ကာ အထဲသို့ ဝင်ရောက်ခဲ့၏။ ရုတ်တရက်ကြည့်ပါက မှန် ပကတိနဂိုအတိုင်းရှိနေသည် ထင်ရပေမည်။

အထဲသို့ ရောက်ရှိသည်နှင့်တစ်ပြိုင်နက် မီးအားပြုတ်တောက်မှု ပုံမှန်ပြန်လင်းနေပြီဖြစ်၏။ ညဥ့်သုံးလက်နှိပ်ဓာတ်မီးခွက်လေးအား လက်ဖြင့် ကိုင်စရာမလို သတ္တုတူးဖော်ရေးသမားတွေလို နဖူးတွင် သရေကြိုးဖြင့် စွပ်လိုက်၏။ မန်နေဂျာချုပ်ကြီး၏ စားပွဲအံများကို ဦးစွာမွှေနှောက်ရှာရမည် ဖြစ်၏။ သော့များမခတ်ထား၍ တော်သေးသည်ဆိုရမည်။

မိမိရှာဖွေနေသည်က အလိုအလျောက် စီဒီယိုကင်မရာဖြင့် ရိုက်ကူး ထားသော တိတ်ခွေပါပေ။ တွေ့ပါပြီ။ အောက်ဆုံးအံဆွဲထဲတွင် ရက်စွဲများ ဖြင့် ထားရှိ၏။ မိမိရှာဖွေနေသည်က အခင်းဖြစ်ပွားသည့် ညက ရိုက်ကူးထား သည့် တိတ်ခွေတည်း။ ထိုအထဲတွင် ဖြစ်ပွားပုံအားလုံးပါမည်ပေ။ သိင်္ခဆို သည်က ခေသူမဟုတ်။ ကျားမှ ကျားကြီး။ ကိုးတောင်ပြည့် ကျားငစဉ်းလဲ မဟုတ်ပါလား။

မတွေ့ပါချေ။ ထိုတိတ်ခွေကား အရေးကြီးလှသည်မို့ အပေါ်ဆုံး အံဆွဲထဲတွင် ရှိကောင်းရှိမည်ပေ။ သို့သော် ထိုအံဆွဲကား သော့ပိတ်ထား ကြောင်း တွေ့ရ၏။ မိမိမှာ တုံးပုံ့။ အရေးကြီးသည့်ပစ္စည်းများကို သေချာစွာ သိမ်းဆည်းကြမည်ပေ။ အခုတော့ အချိန်များ မိနစ်လိုက် ကုန်ဆုံးသွားခဲ့ရှိ သည်။ သော့ဝိဇ္ဇာထုတ်ကာ သော့ကို ဖွင့်ရ၏။ တချို့ကလည်း မာစတာကီး (Master Key) ဟု ခေါ်ဝေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာပါ။ ပွင့်သွား၏။ ထိုအထဲတွင် လေဆာဓာတ်ပြားခွေများ ပါ တွေ့ရ၏။ အောင်ထွန်းထံ မိတ္တူပို့ဟုရေးထားသည့် ဓာတ်ပြား (Disc) အား ယူလိုက်ပြီး ပရိုက်ဂျက်တာထဲထည့်ကာ စမ်းသပ်လိုက်ရာတွင်တော့ အခင်းဖြစ်ပွားမှု မှတ်တမ်းလှုပ်ရှားမှုဓာတ်ပုံများ ထွက်ပေါ်လာတော့သည်။ မောင်မောင့်အတွက် ရေငုတ်သူ ရေစွင်းထဲ ပြုတ်ကျသလိုတည်း။ ထိုဓာတ်ပြားချပ်အား မိမိမှာပါလာသည့် ဓာတ်ပြားချက်အသစ်ဖြင့် အဒပ် (Adulb) ဆင့်ပွားအမြန်နှုန်းဖြင့် ကူးယူပြီး ပြန်စမ်းသပ်ဖွင့်ကြည့်ရာ အဆင်ပြေနေသဖြင့် ထိုမှရင်းအခွေယူကာ မိမိဆင့်ပွားကူးယူသော တိတ်ခွေအား အံဆွဲထဲ ပြန်ထည့်ပေးခဲ့၏။ နောက်ထပ် စိတ်ဝင်စားစရာအချက်ကား နိုင်ငံခြားသားများနှင့် အဆက်အသွယ်ပြုရန် ဖုန်းနံပါတ်များနှင့် လိပ်စာကတ်များပေတည်း။ ထိုသည်များကို တယ်လီပရင်တာ (Teleprinter) ဖြင့် ကူးကာ ထုတ်ယူလိုက်ရ၏။

ပြီးတော့ လျှို့ဝှက်မှတ်တမ်းဖိုင်ပါပေ။ ထိုအထဲတွင် သူတို့ လူကုန်ကူးသည့်အကြောင်းများနှင့် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရာဌာနများနှင့် ထုတ်လုပ်ရာဌာနများ ပါဝင်နေပေသည်။ ထိုအထဲတွင် ရွှေပြည်သာစက်မှုဇုန် စက်ရုံမှလည်း စိတ်ကြွဆေးပြားများ ထုတ်လုပ်လျက်ရှိကြောင်း တွေ့ရတော့သည်။

မောင်မောင်လည်း အလျှင်အမြန် ကူးယူလိုက်ရတော့၏။ များစွာ အကျိုးရှိလှသော အချက်အလက်များ မဟုတ်ပါလား။ အမြန်ကား သိရှိရန်

www.burmeseclassic.com



ကြည့်လိုက်ရာ (၀၁း၂၀) တစ်နာရီ (၂၀) မိနစ်ပင် ရှိနေပြီဖြစ်၏။ မိမိအထဲ ဝင်ရောက်ခဲ့သည်မှာ တစ်နာရီခန့်ပင် ရှိနေပြီဖြစ်၏။ စက်ရုံတွင်းသို့ မူးယစ် ဆေးပြားများ ထုတ်လုပ်ရာကို ကြည့်ရှုရန်နှင့် သက်သေခံပစ္စည်းများပါရယူ ရန် အရေးကြီးသဖြင့် စက်ရုံဘက်သို့ ထွက်ခဲ့ပြန်သည်။ ကားဂိုဒေါင်တွေ့ သဖြင့် သူဌေးကတော်စီးသည့်ကားမှ ကပ်ငြိနေသော ရွှံ့စေးများနှင့် သူဌေး ဦးအောင်ထွန်းကားမှ ရွှံ့စေးများပါ ပလတ်စတစ်အိတ်ဖြင့် ခွာကာ ထည့်ယူခဲ့ ပါသေး၏။

စက်ရုံဘက်တွင် မီးလင်းလျက်ရှိသည်။ မောင်မောင် အထဲချောင်း ချောင်းကြည့်လိုက်ရာတွင်တော့ မူးယစ်စိတ်ကြွဆေးပြားများ ထုတ်လုပ်ကာ ဆပ်ပြာအမှုန့်တုံးများအထဲသို့ သွတ်သွင်းလျက်ရှိသည်ကို တွေ့မြင်ရတော့ ၏။ မောင်မောင် မည်သို့လုပ်ရပါမည်နည်း။ ထိုစဉ် သူတို့ထဲမှတစ်ယောက် အပြင်သို့ ထွက်လာခဲ့၏။ သူတို့အားလုံး ဦးထုပ်ဖြူများဆောင်းကာ ပါးစပ် ပေါက်များပါ ပိတ်ပါးအစွပ်များဖြင့် နှာထိ ဆွဲပိတ်ထားကြ၏။ ဂျူတီကုတ် အဖြူကြီးများ ဝတ်ဆင်သည်မို့ ထိုအပြင်သို့ အပေါ့အပါးလုပ်ရန် ထွက်လာ သူအား ခေတ္တမေ့မျောစေရန် ပါးစပ်ပိတ်လက်ဝါးစောင်းဖြင့် လှဲသိပ်ပေးလိုက် ပြီး ထိုသူထံမှ ခေါင်းစွပ်၊ ပါးစပ်ကာ ဂျူတီကုတ်အဖြူရှည်ဝတ်ရုံကာ အထဲ သို့ ခပ်တည်တည်ဝင်ရောက်ခဲ့ပြီ။ သက်သေခံပစ္စည်းများကိုယူကာ ဂျူတီ ကုတ်ထဲသို့ ထည့်သွင်းလိုက်ရ၏။ ပြီးသော် ဗိုက်ကိုနှိပ်ကာ အီးသွား ဗိုက်နာ လာဟန်ဖြင့် လုပ်ပြကာ အပြင်သို့ ခပ်သုတ်သုတ် ထွက်လာခဲ့ရ၏။ ဂျူတီ



www.burmeseclassic.com

www.burmeseclassic.com



တ်နှင့် ခေါင်းမှ ဦးထုပ်ပါချွတ်ကာ ဝင်းတံခါးဘက်သို့ အပြေးတစ်ပိုင်း တ်လာခဲ့ရ၏။

ဒိုဟမင်ခွေးများ တော်ကြာမေ့ဆေးပျက်ပြယ်ပြီး နိုးထလာတော့ ည် မဟုတ်ပါလား။ ဆားပုလင်းအောင်ထွန်းထံ အကြောင်းကြားရပြန်သည်။

"အရိပ် . . . အရိပ် . . . ကြားလား"

"ကြားတယ် . . . ညဥ့်လူ"

"မိုးမှောင်လိုက်ပေါ့ . . . မြန်မြန် . . . ထွက်လာခဲ့မယ်။ စောင့်နေ"

"ရပြီ။ ပေးပို့ချက်ရပြီ။ အသင့်"

မောင်မောင်လည်း နံရံနားအရောက် မှောက်လျက်ဝပ်နေခဲ့၏။ ချုံးရေးအစောင့်နှစ်ယောက်ကတော့ ဘာမျှမဖြစ်ဟန်။ ဗီဒီယိုဇာတ်လမ်းခွေ ထိုင်ကြည့်နေလျက်ရှိ၏။ စက်ရုံဘက်မှ အသံတလံများ ကျယ်လောင်စွာ ကြား ရသဖြင့် ဘာများဖြစ်သလဲဟု တစ်ယောက်ထွက်သွားခဲ့၏။ ထိုအချိန်တွင် မေ့ဆေးပျယ်စပြုလာပြီမို့ ဒိုဟမင်ခွေးများ တစ်ချက် တစ်ချက် အကြောလိုက် သာ တွန့်လူးလာနေပြီဟည်း။

မတတ်နိုင်တော့ချေ။ ကျန်အစောင့်တစ်ယောက် အပေါက်ဝမှ က်ရုံဘက်ကြည့်နေစဉ် နောက်မှ အသံတိတ်နည်းဖြင့် လှဲသိပ်ပေးလိုက်ရ သာ့သည်။ ပြီးသည်နှင့် လူတစ်ကိုယ်ထွက်သည့်အပေါက်သော့အား ဖြုတ် ကာ ဖွင့်ပြီး ဝင်းအပြင်သို့ ထွက်ခဲ့ရ၏။ အဆင်သင့်ပါပေ။ အပြင်သို့ ရောက်တွင် လျှပ်စစ်မီးများ ငြိမ်းသွားပြီး ဆားပုလင်းအောင်ထွန်း၏ကား



www.burmeseclassic.com

www.burmeseclassic.com



က ရောင်နီဦးဂိတ်ပေါက်အနီးတွင် အသင့်စောင့်ဆိုင်းနေသည်မို့ အချက်[illegible] ကာ ကားဘီးလှိမ့်နေဆဲပင် တံခါးဖွင့်ကာ တက်လိုက်ပြီးသည်နှင့် အရှိန်[illegible] ဝေါခနဲ ကားလေးက ပြေးထွက်ခဲ့ပါတော့သည်။

"ဘယ်လိုလဲ အာစရိ အဆင်ပြေရဲ့လား"

"အေး . . . ပြေတယ်။ အမြီးကျမှ တစ်သွားတယ်ကွ"

မောင်မောင်တို့နောက်မှ ရောင်နီဦးစက်ရုံ အချက်ဖပေးခေါင်းလော[illegible] ထိုးသံများက တိုးဝှေ့လိုက်ပါလာသံ သဲ့သဲ့ကြားလိုက်ရပါတော့သတည်း။

"သွားပါပြီကွာ"

"ဘာဖြစ်လို့လဲ အာစရိရဲ့"

"သည်ကောင်တွေ အသိုက်ရွှေ့တော့မှာပေါ့ကွာ . . . ဟူး"

"ဒါဆိုလည်း မိုးအဆုံး ရေအဆုံးပေါ့ အာစရိရဲ့"

"ဖအေးပေါ့ကွာ။ ပိုခက်ခဲရပြီပေါ့ကွာ"

နောက်တစ်နေ့တွင်တော့ ကုန်ပစ္စည်းများအတွက် ငွေချေ[illegible] ကျားရဲမထံ ဖုန်းဆက်သွယ်လာခဲ့သဖြင့် ပုံမှန်အတိုင်း လုပ်ဆောင်ရန် အ[illegible] အစဉ်ပြုရင်း ရဲမှူးကြီးထံသို့လည်း သက်သေခံပစ္စည်းများ အထောက်အထ[illegible] တိတ်ခွေများပါ အထုပ်အစည်းအဝေးခန်းထဲတွင် ဖွင့်ပြပြီး မည်သို့ဆက်လ[illegible] ဆောင်ရွက်ရန်အတွက် တိုင်ပင်နီးနှောကာ အသိချင်းဖလှယ်ကြရပြန်[illegible]

ထိုစဉ် မောင်မောင့်ထံ တယ်လီဖုန်းလိုင်း ဝင်လာခဲ့သည်။ [illegible] လက်ကိုင်ဖုန်းမြည်သံက အစည်းအဝေးခန်းမကြီးအား ခြိတ်ဆိတ်သွား[illegible]



www.burmeseclassic.com

www.burmeseclassic.com



တော့၏။ ဆက်သွယ်လာသည့်ဖုန်းနံပါတ်ကြည့်လိုက်သောအခါ ကျားရဲမ

မှ ဖြစ်နေပါတော့၏။ မောင်မောင်လည်း ချက်ချင်း လက်ဟန်ဖြင့် အသံ

နားထောင်မှတ်တမ်းတင်ရန် အချက်ပြလိုက်ပြီး . . .

"မောင်မောင်ပါ ကျားရဲမ ဘာထူးသလဲ"

"သူတို့ ကျွန်မတို့ကို ဖမ်းထားပြီရှင့်"

"ဟဲဟဲ . . . ဆင်ရိုင်းမောင်မောင် မင်းရဲ့အသည်းကျော် မဒီလေး

ငါ ခေတ္တ ခေါ်ထားလိုက်ပြီနော့။ ငါ့ဆီက ယူသွားတဲ့ပစ္စည်းတွေ ပြန်ပေး

တော့ ပြန်လွှတ်ဖို့ စဉ်းစားရမှာပေါ့ကွာ။ မင်းနဲ့ငါ ထိပ်တိုက်ယှဉ်ပြိုင်ချင်

သကွ"

"ဖြစ်ပါတယ်၊ ငါတို့က အဆင်သင့်ပဲ"

"ကြိုက်ပြီ၊ အခုတော့ မင်းရဲ့အသည်းကျော်လေးခေါ်ပြီး အလွမ်း

ခရီး ထွက်ရဦးမယ်ကွာ၊ ဒါပဲ၊ ဩော် . . . မင်းရဲ့တပည့်ကျော် ဆားပုလင်း

တော့ အတွင်းလူနာအဖြစ် အနားပေးလိုက်ပါရဲ့ . . . ဟဲ . . . ဟဲ . . . သွား

ဆင်ရိုင်းရေ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြတာပေါ့လေ . . . ဟဲ . . .

"တောက်"

မိမိကိုယ်မိမိ ယုံကြည်စိတ်ချလွန်းလှခဲ့၏။ သူတို့၏ ဗီဒီယိုတင်

တွေကို မဖျက်ဆီးခဲ့သည်က မိမိအမှားပါပေ၊ မိမိအား အမှောင်

လောက်သားတို့က သိထားကြ၏။ မိမိနှင့် ထိပ်တိုက်တွေ့ခဲ့ဖူးသော အ

များစွာ ရှိခဲ့၏။ ကျားရဲမနှင့်အတူ လှုပ်ရှားခဲ့ဖူးသည်မို့ ကျားရဲမအား တ



www.burmeseclassic.com

www.burmeseclassic.com



သိရှိနေပေလိမ့်မည်။

အခုတော့ ဘာမှမတတ်နိုင်။ ဆက်လက်ရင်ဆိုင်သွားရတော့မည်။ ရဲမှူးကြီးက ချက်ချင်းပင် စက်ရုံကို ဝင်ရောက်စီးနင်းဖမ်းဆီးရန် ရဲတပ်ဖွဲ့ဝင်များ စေလွှတ်လိုက်တော့၏။ ခဲလေသမျှ သဲရေကျသလိုပါပေ။ သူတို့အသိုက် ပြောင်းရွှေ့သွားကြပြီဖြစ်၏။ ထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုဗေဒ ဆေးဝါးများနှင့် စက်ပစ္စည်းများကိုသာ သိမ်းဆည်းရမိပါသည်။ သက်သေခံ လူများတော့ ဖမ်းဆီးရမိခြင်း မရှိပါတော့ပေ။

သိန်တို့အုပ်စုလိုက် မည်သို့ခြေရာဖျောက်မည်နည်း။ ဘယ်သွားကြ သနည်း။ သူတို့ကား အောက်ပြည်အောက်သားများမို့ အောက်ဘက်သို့သာ ပြေးကြမည်ပေ။ ဆိပ်ကမ်းအာဏာပိုင်ရဲတပ်ဖွဲ့ ရဲကင်းများအားလုံးအား ရောင်နီဦးကုမ္ပဏီ စက်လှေများအား ဖမ်းဆီးရန် ညွှန်ကြားလိုက်ရ၏။ သို့သော် ရန်သူက နာတစ်ဖျားသာသွားခဲ့၏။

သိန်တို့က ကိုယ်ပိုင်အပျော်စီး ရေရှုပ်တိုက် မော်တော်ဘုတ်ဖြင့် ထွက်ခွာသွားကြောင်း သတင်းပို့ခဲ့၏။ ထိုမော်တော်ဘုတ်ကား တစ်နာရီ ရေမိုင် (၇၀) နှုန်းကျော် မောင်းနှင်နိုင်၍ လျင်မြန်စွာ ခရီးပေါက်၏။ သူ၏ နောက်လိုက်များကတော့ ရောင်နီဦး ကုန်စက်လှေနှစ်စင်းဖြင့် ထွက်ခွာသွား ကြောင်း သတင်းပို့သည်။

သူတို့နှင့် မူးယစ်ဆေးဝါးဘိန်းဖြူနှင့် စိတ်ကြွဆေးဝါးများပါ ပါသွား မည်။ သိန်လိုက်ပါသွားသော အပျော်စီးမော်တော်ဘုတ်တွင် မိန်းမချော



www.burmeseclassic.com

www.burmeseclassic.com



ကလေးများ (၇) ယောက်ခန့် ပါသွားသည်ဟု ခန့်မှန်းကြ၏။ ထိုမိန်းကလေးများသည် ငယ်ရွယ်လှပပြီး ကိုယ်ခန္ဓာပါ တောင့်တင်းဖွံ့ဖြိုးသူလေးများပါပေ

သူမတို့အား ဈေးကောင်းဖြင့် ရောင်းစားမည်ထင်၏။ တချို့မိန်းမပျိုကလေးများကလည်း ငွေရဖို့သာ သိ၏။ သူမတို့ဘဝပျက်စီးမည်ကို မတွေကြပါချေ။ နိုင်ငံရပ်ခြားသည် မိန်းမပျိုလေးများအတွက် ခိုလှုံရာ အားကျစရာ နေရာမဟုတ်ချေ။ အသွေးအသားများ ဝါးမျိုမည့်ကျားရဲတွင်းသာ ဖြစ်သည်။ ကျားသည် သူ၏သားကောင်အား သနားကြင်နာရိုး မရှိနိုင်ချေ။

သားကောင်းသမီးပျိုလေးများ မပျက်စီးစေရန် ကြိုးစားကာကယ်တင်မည်သာ ဖြစ်၏။ မသေသော အလောင်းမှ စတင်ခဲ့သောအမှုကား ပိုမိုရှုပ်ထွေးလာပြီး အမှုကြီးသို့ ပြောင်းလဲလာတော့သည်။ သူတို့ ဘိတ်(မြိတ်)မြို့ ထားဝယ်ချောင်သို့ ဝင်ရောက်လာပါက ဖမ်းဆီးရန် ညွှန်ကြားချက် ပေးထားရသည်။ ဘိတ်(မြိတ်)မြို့မှ ရဲတပ်ဖွဲ့အား သူဌေးကြီး ဦးအောင်ထွန်း၏ သူ၏ဇနီး ဒေါ်လှလှဝင်းအား သတ်မှုဖြင့် အရေးယူ ဖမ်းဆီးရန် အမိန့်ပေးပါသေး၏။

ရာဇဝတ်ဘေးပြေးမလွတ်နိုင်ပါချေ။ လူတို့သည် ဆင်းရဲသည့်ဒဏ်ခံနိုင်ရည်ရှိကြပြီး ချမ်းသာမှုဒဏ် မခံနိုင်ကြပေ။ ရလေ လိုလေ လောဘတက်တော့၏။ ချမ်းသာခြင်းမှ ပြန်ပြီးဆင်းရဲမွဲတေသွားရမည်ကို စိုးရိမ်ပေသည်။ ထိုအခါ လောဘစိတ်ကြောင့် လုပ်မိလှုပ်ရာ ထင်ရာစိုင်းပြီး တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ သားမယားဆိုသည့်အသိပင် မရှိတော့ပေ။ သူ၏ ကမ္ဘာမျက်၌ သားကောင်းချုနင်းလိုကြ၏။ လူတို့သည် မိမိကိုယ်ကိုသာ အခင်တွယ်ဆုံးပါပေ။ မည်မျှပင် ချစ်ခင်တွယ်တာပါစေ ထိုလူသေက မည်သူမျှ လိုက်ပါမသေချင်ကြပေ။ အပုပ်နံ့ထွက်လာသည်နှင့် အလောင်းကောင်အနီးနားသို့ပင် မကပ်ချင်၊ မသွားချင်ကြလိုပေ။ မြန်မြန်အလောင်းကောင်အား သင်္ဂြိုဟ်စေပါတော့သည်။ တရားအသိရှိကြသူများသည် ဖြစ်ပြီးပျက်ရမည့် သဘောကို သိ၏။ ဘယ်အရာမှ မတည်မြဲသည့် အနိစ္စသဘောကို မြင်၏။ မိမိတို့သည် ကုသိုလ်ကံကြောင့် လူဖြစ်ခဲ့ကြရ၏။

ရုပ်နာမ်ခန္ဓာပိုင်ဆိုင်ခွင့်ရသော ပုဂ္ဂိုလ်သတ္တဝါတို့သည်ကား မွေးဖွားခြင်းသည် သေဆုံးဖို့အတွက် (Born to Die) ပေတည်း။ ရှောင်လွှဲလို့မရသည်က သေခြင်းတရားပပေ။ မည်မျှပင် မသေချင်၊ မိသားစုနှင့်မခွဲခွာလိုလည်း မရနိုင်ချေ။ အချိန်တန်တော့ ခွဲခွာသွားကြရမည်သာ ဖြစ်၏။ လူတို့မသေခင် အစွဲအလမ်းထားရှိသောကြောင့် မကျွတ်မလွတ်နိုင်ဘဲ ပြိတ္တာ၊ သရဲ၊ တစ္ဆေ၊ ဝိညာဉ်ဘဝသို့ ရောက်ကြရကုန်၏။ ယခုလည်း သေက်မရောက်သော်လည်း ဖမ့်မျောနေရာမှ သူဌေးမ ဒေါ်လှလှဝင်း၏ဝိညာဉ်သည် ခန္ဓာကိုယ်မှ ဖယ်ခွာကာ အခြားဘုံသို့ ရောက်ရှိသွားလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

## ဒေါ်လှလှဝင်း၏ ပြောပြချက်

အဖြစ်အပျက်များက ဆက်တိုက်ဆိုသလို အချိန်နာရီနှင့်အမျှ ပြောင်းလဲဖြစ်ပေါ်လျက်ရှိပေသည်။ သေစေလို၍ လည်ပင်းညှစ်သတ်ခဲ့ကြသေ ည့် သေကံမရောက်၍ သက်မပျောက်ဘဲ (၃) ကြာ မေ့မျောနေရာမှ သတိ ပြန်လာခဲ့ချေပြီ။ အထူးရဲတပ်ဖွဲ့အစောင့်အကြပ်ဖြင့် စောင့်ရှောက်ထားခဲ့ သဖြင့် သူမ သတိရလာသည်နှင့် အမှုကိုင်ရာရှိ ရဲမှူး ဆင်ရိုင်းမောင်မောင်ထံ သတင်းပို့ခဲ့ကြ၏။

မောင်မောင့်အတွက် အဆိုးထဲက အကောင်းတည်း။ အမှုရှိန်မာ နေ့အတွက် မျက်မြင်ကိုယ်တိုင် တရားလိုအသက်ရှင်လျက် [illegible] တော့မည် မဟုတ်ပါလား။ သူမထံ မောင်မောင် အပြေးအလွှား ရောက်ရှိပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမအား သေစေလိုသော ဆန္ဒဖြင့် လည်ပင်းညှစ်သတ်ရန် ကြံစည်ကျူးလွန်ခဲ့သူ လင်ယောက်ျား ဦးအောင်ထွန်းအား မြိတ်မြို့ ရဲတပ်ဖွဲ့များက ဖမ်းဆီးပြီးဖြစ်၏။

သူမကြည့်ရသည်မှာ အိပ်မက်ထဲက နိုးထလာခဲ့သူတစ်ယောက် ပမာတည်း။

"ရဲအရာရှိကြီးရှင့် ကျွန်မ မသေဘူးနော် ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ခင်ဗျာ။ ရက်တရက် အထိတ်တလန့်အကြောက်လွန်ပြီး မေ့မျောသတိလစ်သွားတာပါ။ အင်း . . . သည်နေ့ဆို (၃) ရက်တောင် သတိလစ်ခဲ့တာ ဒေါ်လှလှဝင်းရဲ့"

"ရှင် . . . ကျွန်မလေ မေ့မျောသွားတဲ့အချိန်က အတွေ့အကြုံတွေ တ တရား သံဝေဂရစရာပါရှင်"

"ဟုတ်ကဲ့ . . . ကျွန်တော် နားထောင်နေပါတယ်ခင်ဗျာ။ ဖြည်းဖြည်း အေးအေးဆေးဆေးသာ ပြောပါခင်ဗျာ"

"ဟုတ်ကဲ့"

"ကျွန်မတို့ သူတို့က ရုံးခန်းထဲမှာ လည်ပင်း ညှစ်သတ်ခဲ့ကြတာပါရှင်"

"ဟုတ်ကဲ့ . . . ကျွန်တော်တို့ ဗွီဒီယိုကင်မရာ ရိုက်ကူးထားတဲ့ခွေနဲ့ အခင်းဖြစ်ပျက်ခဲ့တာတွေ မြင်တွေ့သိရှိပြီးပါပြီ ခင်ဗျာ။ ဒါကြောင့်လည်း ဦးအောင်ထွန်းနဲ့ သိန်းဆိုသူတို့ကို ဖမ်းဆီးနိုင်းလိုက်ပါပြီ။ အင်း . . . ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



သီးကတော့ လွတ်မြောက်သွားခဲ့တယ်။ စိတ်မပူပါနဲ့။ ကျွန်တော်တို့ ရဲတပ်ဖွဲ့က အမြန်ဆုံးဖမ်းဆီးဖို့ ဆောင်ရွက်နေပါတယ်"

"ဟုတ်ကဲ့ . . . ကျွန်မ သိပ်ကြောက်နေမိတယ်ရှင်။ ငွေကြေးပစ္စည်းဆိုတာက လူ့အသက်ထက် တန်ဖိုးမရှိမှန်း သိပါပြီရှင်"

"ကျွန်မလေး မေ့မျောသွားတဲ့အခါ မည်းမည်းလူကြီး မွေးစုတ်ဖွားနဲ့ မျက်လုံးပြူးပြူးကြီးက လာလိုက်ခဲ့စမ်းဆိုပြီး လက်နှစ်ဖက် ချိုင်းကြားမှ နောက်ကနေချီပြီး အင်မတန် လျင်မြန်တဲ့အဟုန်နဲ့ ကျွန်မကို ခေါ်သွားခဲ့တယ်လေ။ ကျွန်မမှာ ရုန်းကန်ဖို့ အားအင်လည်း မရှိသလို ခံစားရတယ်။ ကြောက်စိတ်လန့်မှုတွေကလည်း ဖော်မပြတတ်အောင်ပါပဲ။ မရဲတရဲနှင့် မျက်လုံးဖွင့်ဖို့ ကြိုးစားခဲ့သေးတယ်ရှင့်"

"ဒါပေမဲ့ ကားအမြန်နှုန်းမောင်းနှင်သလို မျက်နှာကို လေအားဖိတိုးတော့ မျက်လုံးဖွင့်မရခဲ့ပါဘူး။ ကျွန်မတို့ ဇရာမတံခါးမည်းမည်းကြီးရှေ့ရောက်တော့မှ အဲသည် လူအကောင်ကြီးက ရပ်လိုက်တယ်ရှင့်။ တံခါးကြီးက ကျွီ အနဲ့ မိုးခြိမ်းသံကြီးအလား ပွင့်သွားတယ်။ အို . . . ဘုရား . . . ဘုရား . . . ခေါ်ပြည်ကြီးပါလား။

ကျွန်မကို ဆွဲခေါ်လာစဉ် ဘေးဘီမှာ ငရဲသားကြီးတွေက ငရဲတွင်းနေရမည့်လူတွေကို နှိပ်စက်နေကြတာရှင့်။ ကြောက်စရာကောင်းလွန်းလှပါသား။ ကျွန်မ အတော်ပဲ တုန်တုန်ရည့်ရည့် သတိမေ့မျောမတတ်ပါ။ ခေါ်လာတဲ့ ယမမင်းရဲ့ စေတမန်ကြီးက ဆွဲထိန်းထားလို့ လဲမကျသွားတာရှင့်။

www.burmeseclassic.com



ပါးစပ်ထဲကို ချော်ရည်ပူတွေနဲ့ လောင်းထည့်နေလိုက်တာများ သူတို့ဟာ အရက်သေစာ သောက်စားမူးယစ်ရမ်းကားဆဲဆိုကြတဲ့သူတွေတဲ့၊ လိမ်ညာ ပြောတဲ့သူတွေတဲ့ရှင်။

အခြားတစ်ဖက်မှာတော့ ဆူးခရာတောကြီးကို အဝတ်မပါတဲ့ မိန်းမ ယောကျ်ားတွေ ပြေးနေကြတာရှင့်၊ ဆူးတွေငြိလို့ အသားတွေ စုတ်ပြတ် ပေါက်ပြဲနေပြီး သွေးအလိမ်းလိမ်းပါပဲ။ နောက်ကလည်း ငရဲသားကြီးတွေက ဆူးကြာပွတ်ကြီးတွေနဲ့ တရှမ်းရှမ်းရိုက်လိုက်တာများ ငရဲခံရတဲ့သူတွေ အသားတွေ စုတ်ပြတ်ဖွာလန်ကြ အသားထစ်ကြီးတွေ ဘတ်လပ်ဘတ်လပ် လန်ထွက်နေလိုက်တာများ . . . ဝေါ့ . . . အု . . . အန်ချင်လိုက်တာ . . . ထွီ

"ရေသောက်ပါဦးခင်ဗျာ၊ အင်း . . . ကံထူးလို့ ငရဲဘုံကို မြင်တွေ့ ရောက်ရှိခဲ့တာဗျ၊ ဒါမှ မကောင်းမှုတွေ မလုပ်ရဲတော့ ကောင်းမှုကုသိုလ်တွေ သာ လုပ်မိမှာပေါ့လေ"

"ဟုတ်တယ်ရှင့်၊ အို . . . တချို့ငရဲကျခံသူတွေကို ဆီပူအိုးကြီးထဲ ထည့်ကျော်နေလိုက်တာများ အင်း . . . တချို့ဆိုလည်း ခေါင်းကို တင်းပုတ် ဆူးကြီးနဲ့ ထုထုရှုတာ ခံနေကြရတာရှင့်၊ ကြောက်စရာကြီး၊ သူတို့က ငါးရှဉ့် တွေ သတ်တဲ့သူတွေတဲ့ရှင်၊ ကျွန်မကို သူတို့က ယမမင်းကြီးထံ လျှောက် ခေါ်သွားခဲ့ပါတယ်"

"ကဲ . . . အမှုထိန်းကြီး ငရဲကျခံရမည့်သူတွေရဲ့ စာရင်းဖွင့် စမ်းကွယ့်"



www.burmeseclassic.com

www.burmeseclassic.com


"ကဲ . . . စေတမန်ကြီး သူမက ဘယ်သူတုန်း"

"မှန်ပါ။ သူမက ဒေါ်လှလှဝင်းခေါ်တဲ့ သူငယ်မပါ ယမမင်းကြီး"

"ဟဲ့ . . . အမှုထိန်း စာရင်းထဲရှာတွေ့ရဲ့လား"

"မတွေ့ပါ ယမမင်းကြီး။ စာရင်းထဲမှာက နှုတ်ကြမ်းဆဲဆိုကျိန်
လေ့ရှိတဲ့ ငါးစိမ်းသည်လှလှဝင်းပဲ တွေ့ပါတယ်"

"ဟဲ့ . . . စေတမန်ကြီး သူမကို ဘယ်ကနေ ခေါ်လာတာတုန်း"

"သူ့ကို သူ့ရဲ့ဝိညာဉ်လွင့်မျောလာလို့ ဖမ်းချုပ်ခေါ်ဆောင်ခဲ့တာပါ

"အို . . . မှားတော့မလို့ပါလား။ သည်သူငယ်မက စိတ်ကော
နလုံးကောင်းရှိပြီး ကုသိုလ်ကောင်းမှုတွေ အမြဲမပြတ်လုပ်နေတဲ့ သူင
ကွယ့်။ ကဲ . . . ကဲ . . . သူ့ကို ငရဲခန်းတွေ လိုက်ပြပြီး လူ့ပြည်ပြန်ပို့စေ"

"အမိန့်အတိုင်းပါ မင်းကြီး"

"ကျွန်မကို ငရဲခန်းတွေ လိုက်ပြပြီး ပြန်ပို့ဖို့လုပ်တော့ ကျွန်မ
ဘိတ်(မြိတ်)မြို့အိမ်ကို ပြန်ပို့နိုင်းခဲ့ပါတယ်။ သေမင်းစေတမန်ကြီးက
ကို လိုက်ပို့တာပေါ့ရှင်။ ကျွန်မအိမ်ကို ဝိညာဉ်ဘဝနဲ့ ပြန်ခဲ့တာကိုး။ အိမ်
လေ ကျွန်မကို တစ်ချိန်က ချစ်လှချည်ရဲ့ဆိုတဲ့ လူယုတ်မာ ဦးအောင်ထွန်း
အခြားမိန်းမတစ်ယောက်နဲ့ အကြည်ဆိုက် ပလူးပလဲလုပ်နေကြတာရှင်"

"ကျွန်မက ကိုယ်ထင်ပြလိုက်တော့ . . ."

"ဟင် . . . လှလှဝင်း မင်း . . . မင်းသေပြီး ငါ့ဆီ ပြန်လာနေတဲ့။
ပလူးပလဲနေတဲ့ မိန်းမကတော့ ကျွန်မကို မမြင်ရဘူးလေ


www.burmeseclassic.com

www.burmeseclassic.com



"နင် . . . နင် . . . လှလှဝင်း . . . ငါ . . . ငါ့နားမလာနဲ့၊ မလာနဲ့" ဆိုပြီး သူက အိမ်ပေါ်ထပ်ကနေ ဆင်းပြေးတော့ ကျွန်မက နောက်ကလိုက် သူက "လုပ်ကြပါဦးဟ၊ နင်တို့ သူဌေးမ သရဲမကြီး ငါ့နောက်က လိုက်နေလို့ ကယ်ကြပါဦးဟ"

"လှလှဝင်း နင် . . . နင်နော် ငါ့နောက်မလိုက်နဲ့၊ သွား . . . သွား အမလေး . . . ကယ်ကြပါဦးဗျ"

"အင်း . . . လောဘ၊ ဒေါသတွေဟာ အလွန်ကြောက်စရာကောင်း လှချည်ရဲ့ဗျာ"

"ဟုတ်တယ်ရှင့်၊ ကျွန်မကို ယမမင်းကြီးက မှာလိုက်တယ်ရှင့်၊ ငရဲကို မလာချင်နဲ့ ကလေးမ၊ ယခုအချိန်မတန်သေးတော့ သေနေ့မရောက် သေးဘူး၊ လူ့ပြည်ပြန်ရောက်တဲ့အခါ ကောင်းမှုကုသိုလ်များများလုပ်၊ ကောင်းတဲ့စိတ်နဲ့ ကျန်ရှိတဲ့လူ့သက်တမ်းကာလကို ဖြတ်သန်းပါတဲ့ရှင်၊ ကျွန်မကို သေမင်းစေတမန်က ကျွန်မရဲ့ ရုပ်ခန္ဓာကိုယ်ကြီးရှိရာကို ပြန်ခေါ် လာခဲ့ပြီး . . . ကဲ . . . ကလေးမ မြန်မြန်ပြန်ဝင်ပေတော့ဆိုပြီး တွန်းလိုက်တာ ကျွန်မရဲ့ဝိညာဉ် ခန္ဓာကိုယ်ထဲ ဆွဲငင်လိုက်သလို ဝင်သွားပါတော့တယ်၊

ပြီးတော့ . . . ကျွန်မလည်း သတိပြန်လည်လာခဲ့တာပဲရှင့်"

"ကောင်းပါလေ့ဗျာ၊ မြိတ်ရဲတပ်ဖွဲ့က ဦးအောင်ထွန်းကို ဖမ်းဆီးလို့ ပါပြီ၊

သည့်လိုဗျ၊ ခင်ပျားယောကျ်ား အောင်ထွန်းနဲ့ သိမ်ဖို့ မောင်နမ အဲ



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားစိညာဉ်ဝင်ပူးတဲ့ မိန်းမပေါ့ဗျာ။ သူတို့ဟာ တစ်ရွာတည်းသားတွေပါပဲ။ တစ်ဖက်နိုင်ငံမှာ သွားပြီး အလုပ်လုပ်ကြတဲ့သူတွေပေါ့ဗျာ။ အောင်ထွန်းက ဘွဲ့လေးလည်းရ၊ ရုပ်ရည်လည်း သန့်ပြန့်တော့ သူက ကုန်းပေါ်မှာ တာလ်စာရေးလုပ်ရတယ်ဗျ။ သိန်းကတော့ ဖိုးချွေးအဖြစ်နဲ့ ငါးဖမ်းစက်လှေမှာ လိုက်ရတယ်ပေါ့ဗျာ။ အဲ . . . သူညီမ ညိုမြကတော့ ငါးရွေး၊ ပုစွန်ရွေးလုပ်ရာက သူဌေးက ရုပ်ရည်လေးရှိတော့ မျက်စိကျပြီး ခြေတော်တင်ဖို့ အိမ်ဖော်အဖြစ် ခေါ်ခိုင်းရတော့တာပဲ။

သည်တော့ ကိုယ့်တစ်ရွာတည်းသားတွေဆိုတော့ ကိုအောင်ထွန်းက မညိုမြကို ယူလိုက်ပါတယ်။ သူတို့ဟာ တစ်ဖက်နိုင်ငံမှာ ပေါင်းသင်းနေထိုင်တာကို ဘယ်သူမှ မသိပါဘူး။ ညိုမြမှာ ကိုယ်ဝန်ရှိလာတဲ့အခါ သူဌေးကလည်း မစားရတဲ့အမဲ သဲနဲ့ပက်ဆိုသလို အလုပ်ကနေ ဖြုတ်ပစ်လိုက်တော့ သူတို့လင်မယားဟာ ရွာပြန်ရောက်သွားကြပြီး ညိုမြ ကလေးမွေးပေါ့ဗျာ။

အောင်ထွန်းက မြို့ပေါ်တက်ပြီး အလုပ်ရှာတဲ့အခါ အောင်ထွန်း တစ်ဖက်နိုင်ငံမှာတုန်းက မြိတ်က စက်လှေသူဌေးတွေနဲ့ ခင်မင်ရင်းနှီးဆက်ဆံခဲ့ဖူးလေတော့ ခင်ဗျားရဲ့အဖေထံကို သူတို့ထောက်ခံမှုနဲ့ အလုပ်ဝင်လုပ်ခွင့်ရခဲ့တာပဲ။ သူက အလုပ်ကြိုးစားတယ်။ အလုပ်ကို နိုင်နင်းတယ်။ ပြီးတော့ [illegible] မဝှက်ဘူး။ သစ္စာရှိစွာ လုပ်ကိုင်တော့ ခင်ဗျားနဲ့ပေးစားဖို့ ခင်ဗျား[illegible] စီစဉ်တော့တာပဲ။

ခင်ဗျားရဲ့ဆန္ဒမေးတဲ့အခါ ခင်ဗျားကလည်း [illegible]သဘော။ နှိုင်

www.burmeseclassic.com



ကတည်းက မျက်စိကျ စိတ်ဝင်စားလေလေတော့ ခင်ဗျားတို့ လက်ထပ်ဖြစ်ပါရော။ အောင်ထွန်းက တောကမိန်းမ ညီမြန့် ကလေးအတွက် ခင်ဗျားတို့ မသိအောင် ထောက်ပံ့ပေးကမ်းနေရတော့တာပေါ့လေ။ ပိုဆိုးတာက သူ့ယောက်ဖ သိန်းက သည်ဘက်ကမ်းကို ပြန်ရောက်လာတဲ့အခါ အကြောင်းစုံ နမထံက သိတဲ့အခါမှာတော့ သူ့ဌေးသမက်ဖြစ်နေတဲ့ သူ့ယောက်ဖကို အကြပ်ကိုင်ပြီး ငါးဖမ်းစက်လှေတွေရဲ့ခေါင်းဆောင်အဖြစ် သူ့ကို ခန့်လိုက်ရက စခဲ့တာပဲဗျ။

သိန်းက နဂိုကတည်းက ကောက်ကျစ်စဉ်းလဲတဲ့စိတ်ရှိသူဆိုတော့ ဖြင့် မြင်းရိုင်း ချိုတပ်ပေးလိုက်သလိုပဲ။ ကန်လည်း ကန်တယ်၊ ဇွလည်း ဇွတော့တာပဲ။ သူဟာ တစ်ဖက်နိုင်ငံမှာကတည်းက ဒုစရိုက်အမှောင်လောကသားတွေနဲ့ အဆက်အသွယ်ရှိတော့ ငါးဖမ်းစက်လှေ ခေါင်းဆောင်ဖြစ်တဲ့အခါ မသမာမှုတွေ စတင် ကျူးလွန်လာခဲ့တော့တာပေါ့။

သူတို့ဟာ တစ်ဖက်နိုင်ငံက မသမာ စီးပွားရေးသမားတွေနဲ့ ပေါင်းပြီး ငါးဖမ်းစက်လှေ ကိုယ်ပွားတွေ ပြုလုပ်ဆောက်ကြတယ်"

"ဟင် . . . အဲဒါက ဘယ်လိုလုပ်တာလဲရှင့်"

"သည်လိုဗျာ . . . အစိုးရ ရေကြောင်းဦးစီးဌာနမှာ စက်လှေတွေ မှတ်ပုံတင်ကြရတယ်ပေါ့။ ဥပမာ ရောင်နီဦးစက်လှေဆိုပါစို့။ ငါးဖမ်းဖုန် သတ်မှတ်ချက် တရားဝင်ရယူပြီးတာနဲ့ အလားတူ ပုံစံတူ စက်လှေကိုယ်ပွားတွေကို နှစ်စင်းလောက် တစ်ဖက်နိုင်ငံမှာ ဆောက်လုပ်ပြီး ပို့အပ်တဲ့ စာရွက်

www.burmeseclassic.com



စာတမ်း အထောက်အထားလက်မှတ်တွေပါ ပုံစံတူ အတုလုပ်ကြပြီး ရောင်
ဦး သင်္ဘောတွေ မြန်မာ့ရေပိုင်နက်ထဲက ရေအောက်သယံဇာတ ငါးတို့ ပုစွ
တွေ တရားဝင်ခိုးဖမ်းကြတော့တာပဲ"

"ရှင် . . . ဘယ်လို"

"အမှန်တကယ် မှတ်ပုံတင်ထားတဲ့ ရောင်နီဦးစက်လှေက တစ်စင်
တည်း ရှိတာဗျ။ အင်း . . . သူတို့က ကိုယ်ပွားပုံစံတူ နောက်ထပ်နှစ်စင်
လောက်လုပ်ပြီး ငါးဖမ်းကြတာလေ။ တာဝန်ရှိသူတွေ စစ်ဆေးတဲ့အ
လက်မှတ်အထောက်အထားတွေအားလုံး မှန်ကန်နေတာပေါ့ဗျာ။ အဲသ
ကိုယ်ပွားစက်လှေတွေ ဖမ်းရသမျှ ငါးပုစွန်တွေဟာ တစ်ဖက်နိုင်ငံကို သွ
ရောင်းချကြတာပေါ့လေ။

သူတို့ဆီကနေ မြန်မာ့ငါးပုစွန်တွေဟာ ပုံစံအမျိုးမျိုး ပြောင်းလဲသွ
ပြီး ပြန်ဝင်လာတဲ့အခါ ငံပြာရည်၊ ငါးပိ၊ ငါးခြောက် စသည်ဖြင့် မတ
ကလေးတွေ စားသောက်တဲ့ မုန့်တွေအသွင်နဲ့ ပြန်ဝင်လာကြတုန်းရော။
စဉ်းစားကြည့်စမ်း။ ကိုယ့်တိုင်းပြည်ရဲ့ရတနာတွေကို ခိုးရောင်းပြီးတော့ သူ
အသွင်ပြောင်းလဲလုပ်တဲ့ ပစ္စည်းတွေကို ဈေးကြီးကြီးပေးပြီး ပြန်ဝယ်ကြ
ပြန်တယ်ပေါ့ဗျာ"

"ရက်စက်လိုက်ကြတာများရှင်"

"ဟုတ်တယ် . . . ဒါတင်မကဘူး။ သူတို့ဟာ ပွင့်လင်းရာသီအခ
လှကုန်ကူးကြပြန်ရော။ အဲဒါက ပိုမိုအမြတ်အစွန်း ရကြတာကိုး။ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက် လူကုန်တွေ (၄၀၀) (၇၀၀) လောက် ကျပ်ကျပ်တည်းတည်း ပြွတ်သိပ်တင်ကြတာလေ"

"ရှင် . . . တကယ်"

"ဟုတ်ပ။ တင်တာမှ ယောကျ်ား၊ မိန်းမ မရွေးဘူး။ စက်လှေပေါ်မှာ ဇာတ်ဗလာပွဲကြည့်တဲ့ ပရိတ်လို ပူးပူးကပ်ကပ် လှုပ်လို့တောင် မရဘူး။ ချေးပါ သေးပေါက်ဖို့တောင်မှ ခက်ခက်ခဲခဲ သွားကြရတာဗျ။ ပြီးတော့ သူတို့က ကမ်းပေါ်အထိ ပို့ပေးတာ မဟုတ်ဘူး။ ကမ်းမကပ်ဘဲ ကမ်းပေါ်က ကြိုးချည် နိုင်တဲ့ သစ်ပင်ကြီးတို့ ဘာတို့မှာ ကိုက် (၄၀၀) (၅၀၀) အရှည်ရှိတဲ့ ကြိုးတန်း ပေးပြီး စက်လှေကို မျှောထားတယ်။

အဲ . . . လူတွေက ကြိုးတန်းကိုင်ပြီး ကမ်းကို ကူးကြရတာဗျ။ ရေ မကူးတတ်တဲ့သူလည်း ကြိုးတန်းကိုင် ဖြတ်ကူးပဲ။ အဲသည်အချိန်မှာ ရဲ မော်တော် အနားရောက်လာရင် သူတို့က မောင်းပြေးကြတော့တာပဲ။ တစ်ဖက်နိုင်ငံကူးဝင်ခိုးပြီးအလုပ်လုပ်ကိုင်ဖို့လာတဲ့သူတွေဟာ လူမသိ သူ မသိ အသက်တွေ သေဆုံး၊ အတိဒုက္ခရောက်ပြီး ဘဝပျက်သွားရတဲ့သူတွေ နည်းပါဘူး"

"တော်တော်ဆိုးဝါးလှပါလား။ ကိုယ့်လူမျိုးအချင်းချင်းတောင်မှရှင်"

"ရက်စက်မှ ကြေကွဲတဲ့လေ။ သူတို့က သူတို့ချမ်းသာကြွယ်ဝဖို့ပဲ ကြည့်တတ်တဲ့လူတွေပဲဟာ။ သူတို့လက်ထဲ ငွေရရင် ပြီးစတမ်းပဲ၊ ဘယ်သူ တွေ ဘာပဲဖြစ်ဖြစ် လုပ်တော့တာပဲဗျ။ စီမသာမာလောဘသမားတွေပဲဟာ။

www.burmeseclassic.com


သူတို့မှာ သနားကြင်နာမှုဆိုတာ မရှိကြဘူး။ သည့်ထက်ဆိုးဝါးတာက အမျိုး
သမီး တောင့်တောင့်ဖြောင့်ဖြောင့် ရုပ်ရည်ချောမောတဲ့သူတွေဆိုရင် သူတို့ရဲ
ခြေတော်တင် စော်ကားခံရပြီး ဇိမ်ခန်းတွေ၊ အနှိပ်ခန်းတွေမှာ ရောင်းစာ
လိုက်တော့တာပဲလေ"

"ဟယ် . . . မတွေးဝံ့စရာအဖြစ်တွေပါလားရှင်"

"ဟုတ်တယ်။ နိုင်ငံရပ်ခြားဆိုတာက အချိုသကာလူးထားတဲ့ ခါ
တမာလိုပဲ။ သုခဘုံမဟုတ်တဲ့ ငရဲဘုံပါပဲလေ။ ဘဝတွေ ပျက်စီးကြ။ အသွေး
အသားတွေ ဝါးမျိုခံပြီးတော့ အသက်ပါရန်ရှာတတ်တဲ့ ကုစရာဆေးမရှိတဲ
အေအိုင်ဒီအက်(စ်)ရောဂါတွေပါ ရပြီး ဒုက္ခရောက်တဲ့သူတွေ များပါတယ်
သူ့နိုင်ငံမှာ သူတို့နိုင်ငံသားတွေအတွက်ပဲ တရားဥပဒေအရ ကာကွယ်စော
ရောက်မှာပဲ။ ငါတို့ဆီကသူတွေက တရားမဝင်ဝင်ရောက်အလုပ်လုပ်ကြ
တာဆိုတော့ ဥပဒေအကြောင်းအရ အပြစ်ရှိနေကြပြန်တယ်။ သူတို့ အတွေ
စခန်းတွေမှာ ဒုက္ခရောက် ဘဝပျက်ကြရတဲ့သူတွေ မနည်းပါဘူးကွယ်။ တိုင
တိုင်းပြည် ကိုယ့်လူမျိုးကို ချစ်မြတ်နိုးဖို့ လိုအပ်ပါတယ်။ နိုင်ငံရပ်ဝေးမှာ
သောက်ရေတစ်ခွက် အလကား တောင်းသောက်ဖို့တောင် လွယ်
မဟုတ်ဘူး။ အရာရာတိုင်းဟာ ငွေရှိမှ ပျော်စရာကောင်းတာပါ။

သိန်းတို့တာ အတ္တကြီးလွန်းတဲ့ သူတွေပဲကွယ်။ သူတို့တာ
နိုင်ရင် ကိုယ့်အသားကိုယ်လှီးဖြတ် ရောင်းစားချင်တဲ့သူတွေ။ သည်လိုလူ
တွေကို တရားဥပဒေအရ အရေးယူဆောင်ရွက်ဖို့ လိုအပ်တယ်။ လွှတ်


www.burmeseclassic.com

www.burmeseclassic.com


လို့ မရတဲ့သူတွေပဲကွယ့်။ အခုလည်းကြည့်လေ။ ဒေါ်လှလှဝင်းကို သေအောင် စီရင်ရှင်းခဲ့တာ သူပဲကွယ့်"

"ဗွီဒီယိုတိတ်ခွေနဲ့ သူက အပိုင်ချည်နှောင်ပြီး အောင်ထွန်းကို သူလုပ်သမျှ နာခံစေအောင် ပြုမူခဲ့တာပဲ။ အောင်ထွန်းဟာ ဒေဝဒတ်လို ရဟန်းနဲ့ ဆရာတင်မှားခဲ့တဲ့ အဇာတသတ်မင်းသားလို အဖြစ်ပဲကွယ့်။ ကဲ . . . ကဲ အနားယူနေဦးနော်။ ခင်ဗျားရဲ့ လုံခြုံရေးက စိတ်မချရသေးလို့ပါနော်။ မဗေသ ဘူးဆိုတာ သိရင် ခင်ဗျားကို သူတို့ လာသတ်ဖို့ စီစဉ်ကြမှာမလွဲဘူးဗျ"

"ဟုတ်ကဲ့ . . . သဘောပေါက်ပါပြီရှင်"

"ကဲ . . . ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ရှင့်"

မောင်မောင် ရုံးချုပ်သို့ အလျင်အမြန်ပြန်ပြီး ရဲမှူးကြီးထံ ဆက်လက်ဆောင်ရွက်ရန်အတွက် ခွင့်တောင်းခံရ၏။ ခွင့်ပြုမိန့်ရသည်နှင့် လက်ရွေးစဉ်ကွန်မန်ဒိုအထူးရဲတပ်ဖွဲ့ဝင် (၁၀) ဦး ရွေးချယ်ကာ သိမ်းတို့ မော်တော်အားစီရန်အတွက် အထူးရဲတပ်ဖွဲ့က ရဟတ်ယာဉ်ဖြင့် လိုက်ကြရ၏။ ဉာဏ်နီဉာဏ်နက် အလွန်များသော ဒုစရိုက်ကောင် သိမ်းအား လက်လွတ်ခံဖို့ မဖြစ်ပါချေ။

တစ်ဖက်နိုင်ငံသို့လည်း သိမ်း၏ ရုံးခန်းထဲမှ တွေ့ရှိရသည့် ဒုစရိုက်သမားစာရင်းကို အီးမဲလ်(E-mail) နှင့်ပို့ကာ ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူရန် ပေးပို့ရပြန်သည်။ ရာဇဝတ်မှုခင်း ကျူးလွန်းရေး အစီအစဉ်အရ အိမ်နီး


www.burmeseclassic.com

www.burmeseclassic.com



ချင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ကြပါသည်။ မိမိနိုင်ငံဘက်သို့ ထွက်ပြေးသာသော တရားခံများအားလည်း ရှာဖွေဖမ်းဆီးကာ သူတို့နိုင်ငံသို့ လွှဲပြောင်းပေးပို့ရ၏။ တစ်ခါတုန်းက မြန်မာနိုင်ငံမှ မူးယစ်ဆေးဝါးခေါင်းဆောင် (၃) ယောက်အား သူတို့နိုင်ငံတွင် ဖမ်းဆီးမိပြီး မိမိတို့နိုင်ငံသို့ ပြန်လည် လွှဲပြောင်းခဲ့ပေသည်။

မောင်မောင်တို့ အထူးရဲတပ်ဖွဲ့ဝင်များက ရဟတ်ယာဉ်ဖြင့် လိုက်ကြရသလို အောက်ဘက်တွင်လည်း ရဲတပ်ဖွဲ့မော်တော်ဘုတ်များသာမက ဘပ်မတော် စစ်ရေယာဉ်များပါ အသင့်စောင့်ဆိုင်းနေကြ၏။

"မိကျောင်း . . . မိကျောင်း . . . ပစ်မှတ်တွေ့လား"

"မတွေ့သေးဘူး စွန်ရဲ။ တွေ့ရင် အကြောင်းကြားပါ"

"ဟာ . . . တွေ့ပြီ။ မှတ္တမအော်ထဲကနေ ထွက်လာကြပြီ။ အားလုံးသုံးစီး။ သတင်းပို့ချက်ရလား။ ရရင် အကြောင်းပြန် ဒါပဲ"

"ရတယ် စွန်ရဲ။ အပေါ်ကနေ ပျံဝဲလိုက်ပါခဲ့ပါ ဒါပဲ"

"ပေးပို့ချက်ရပြီ။ စက်ပိတ်ပြီ"

အပေါ်နှင့်အောက်ညှပ်ကာ ဖမ်းဆီးနိုင်ရန် ကြိုးစားကြရင်း ရန်သူတွေထဲတွင်လည်း လက်နက်ငယ်များပါကြောင်း သတင်းပို့ချက်ရ၏။ သိခိုတီ ရေပေါ်ရုပ်တိုက် မော်တော်ဘုတ်က ရေပေါ်ရုပ်တိုက် ငါးပျံပြေးသလို ပြေးဆန်သွားပေသည်။ နောက်မှ သူတို့၏ စက်လှေနှစ်စီးနှင့် ကိုက် (၃၀၀)ခန့်ကျော် ကွာဝေးကာ မောင်းနှင်လျက်ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"စွန်ရဲ . . . စွန်ရဲ . . . ကြားလား"

"ကြားတယ် . . . မိကျောင်း . . . ကြားတယ်"

"သူတို့စက်လှေနှစ်စီးက လက်နက်ငယ်တွေ ကိုင်ဆောင်ထားကြတယ်ဗျ။ ပြန်ခုခံမည့် အနေအထားတွေ့နေရတယ်"

"ပေးပို့ချက်ရပြီ။ ရန်သူကို အနီးမကပ်ဘဲ ခြောက်လှန့်ရုံအဝေးမှ လက်နက်ကြီးနဲ့ ပစ်ပေးပါ။ စွန်ရဲမှ ပိတုန်းကောင်တွေ ဆင်းမယ်။ ကာပစ်ပစ်ကြပါ။ ဒါပဲ။ ရှေ့ဆုံးက မော်တော်ဘုတ်ကို လွှတ်လိုက်တော့။ သူတို့ထဲမှာ ဓားစာခံ မိန်းကလေးပါနေတယ်"

"ကောင်းပြီ။ ဆက်လုပ် ဒါပဲ"

"ရပြီ . . . ဆက်လုပ်"

သူတို့ကား သေမထူး နေမထူး ရာဇဝတ်ကောင်များဖြစ်ပြီး သူတို့ခေါင်းဆောင်ကတော့ ရှေ့ဆုံးမှ ကိုယ်လွတ်ရုန်း ထွက်ပြေးလေပြီ။ နောက်ကျန်စက်လှေနှစ်စီးမှ ခုခံရန် ပြင်ထားလျက်ရှိကြောင်း မှန်ပြောင်းနှင့်တွေ့ရ၏။

"မိကျောင်း . . . မိကျောင်း စစ်ဆင်ရေးစတော့။ ပိတုန်းတွေ ဝဲပျံဖို့ အဆင်သင့်ရှိပြီ။ ဟာ . . . ပစ်တယ်ဟေ့"

"သတင်းပို့ချက်ရပြီ . . . ဆက်လုပ်"

ရန်သူများက ရဟတ်ယာဉ်အား အောက်မှနေ၍ လှမ်းပစ်ကြသဖြင့် အနားမကပ်နိုင်ဘဲ ပျံဝဲထွက်ခွာရပြန်သည်။ ပိတုန်းကောင်များဆင်းရန် အခက်အခဲ တွေ့နေရတော့သည်။ ရန်သူတို့က အသာစီးကြည် အဖမ်းခံလို

www.burmeseclassic.com

www.burmeseclassic.com


ခြင်း မလျှဉ်းမရှိချေ။ ရဲတပ်ဖွဲ့မော်တော်ဘုတ်မှ လက်ကိုင်စပီကာ (Han Speaker) အသုံးပြုကာ လက်နက်ချ အဖမ်းခံရန် အော်ပြောသော်မှ သူတို့ ကျည်ဆန်ဖြင့်ပင် လှမ်းပစ် အဖြေပေးခဲ့ကြပေသည်။

စီစဉ်ထားသည့်အတိုင်း သူတို့မော်တော်ဘုတ်အား ထွက်ပေါ ပိတ်ဆို့ကာ ဝန်းရံထားပြီး အဝေးမှနေ ဘောက်ဖာ (Boofer) လက်နက်ကြီ ဖြင့် စက်လှေနံဘေးအထိသာ ခြောက်လှန့်ပစ်ရ၏။ သူတို့ကား ဆက်လ ခုခံပစ်နေချိန်တွင် မောင်မောင်တို့ အထူးကွန်မန်ဒိုတပ်ဖွဲ့ဝင်များက ရေငု ဝတ်စုံများဖြင့် ရန်သူစက်လှေရှိရာသို့ ရေအောက်မှ ငုပ်လျှိုးသွားရောက်ဖ ရကုန်၏။

သူတို့ ခေါင်းမဖော်နိုင်အောင် ဝိုင်းရံပိတ်ဆို့ထားသော ရဲမော်တော ဘုတ်များက မောင်မောင်တို့ အခွင့်ကောင်းရယူနိုင်ရန် ကာပစ်ပစ်ပေးလျှ ရှိ၏။ ရေထဲတွင် (၅) ယောက်တစ်အုပ်စုခွဲကာ စက်လှေနံစပ်ဝင်ခေါ တက်ရောက်ကြရမည် ဖြစ်သည်။ အချက်ပြကာ စက်လှေအောက်တွင် ဘွ တာ ခေါင်းဖော်လိုက်ကြပြီး နောက်ကျောဘက်မှ တစ်ယောက်ချင်း ဘွ တက်ခဲ့ကြရသည်။ ရေငုပ်ဝတ်စုံများကို ရေအောက်ထဲမှာပင် ချွတ်ပစ်ခဲ့ ပေသည်။

သူတို့တွင် ပစ္စတိုသေနတ်များနှင့် ကွန်မင်ဒိုဓား (Combat Knif သာ ပါရှိ၏။ ရန်သူများက သေနတ်သံများကြောင့်သော်လည်းကောင်း ရေ ရန်သူများ ခုခံပစ်နေရသဖြင့် နောက်ကျောဘက်မှ တက်လာသော မော


www.burmeseclassic.com

www.burmeseclassic.com



မောင်တို့အား မတွေ့မြင်ကြဘဲ အငိုက်မိသွားကြတော့၏။

မောင်မောင်တို့က အနီးကပ် ဝင်လုံးသူကလုံးကြပြီး အရှင်ဖမ်း

သဖြင့် ရန်သူတို့က လက်နှင့်ခြေထောက်များကိုသာ ချိန်ရွယ်ပစ်ခဲ့ကြ

လူဆိုးလူမိုက်တို့သည် သူတို့အသားထိနာပါက သတ္တိမရှိဘဲ ဒေါသကြော

တတ်ကြတော့သည်။

သိမ်းတို့ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးသည့် ဂိုဏ်း၏ စက်လှေနှစ်စီး

ပေါ်မှ ဂိုဏ်းသား (၁၈) ယောက်အား ဒဏ်ရာနှင့် လက်ရအရှင်ဖမ်းဆီးရ

သည်။ သက်သေခံပစ္စည်းများပါ တွေ့ရှိခဲ့၏။ ဘိတ်(မြိတ်)မြို့ ဆိပ်ကမ်းသို့

သဘော်နှစ်စီးဖြင့် ဆွဲကာ ဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့သည်။ မောင်မောင်တ

သိမ်းတို့ ရုပ်တိုက်မော်တော်ဘုတ်နောက်သို့ မလိုက်ဘဲနေသည်ကို တချို့က

အံ့ဩလျက်ရှိကြ၏။ အမိကာခေါင်းဆောင် အန္တရာယ်ကောင်နောက်သို့

အဘယ်ကြောင့် ဆင်ရိုင်းမောင်မောင်ဆိုသည့် ရဲမှူးမလိုက်ရပါသလဲဟု ရဲမှူး

ကြီးက မြေရှင်းချက် အစီရင်ခံသတင်းပို့နိုင်းပါတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

## ပြေးသူတစ်သိုက် လိုက်သူတစ်ယောက်

မောင်မောင်က ဘိတ်ရောက်နေသည်မို့ တယ်လီဖုန်းဖြင့် လှမ်း၍ အမှုအခြေအနေကို အစီရင်ခံရ၏။ ရောင်နီဦးကုမ္ပဏီပိုင် စက်လှေနှစ်စီး အရေးခံများ ဖမ်းဆီးရမိသည်။ မူးယစ်ဆေးဝါးများဖြစ်သော ဘိန်းဖြူများကို ဆစ်ဖက်နိုင်ငံ အမှတ်အသား ကုန်တံဆိပ်ဖြင့် ဆပ်ပြာမှုန့်အိတ်များ ဖြုလုပ် ခဲ့သလို ကိုယ်တိုက်အမွှေးဆပ်ပြာခဲများအတွင်း စိတ်ကြွဆေးပြားများ ထည့် သွင်းခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

မသေသော အလောင်းအမှု၏ အဓိကလည်ပင်းညှစ်သတ်ခဲ့သော ဦးအောင်ထွန်းအား နောက်ထပ် အမျိုးသမီးတစ်ယောက်အား ဓါးလှလျှင်း ထူ ထင်မြင့်ကာ သတ်ခဲ့သောအမှုဖြင့် ဖမ်းဆီးရမိ၏။ သို့သော် စိတ်ကစဥ္

www.burmeseclassic.com



ကလျားဖြစ်နေသဖြင့် စိတ်ရောဂါကုဆေးရုံတွင် ကုသပြီးမှ အမှုစီရင်နိုင်မည်

ဖြစ်ပေသည်။ ဦးအောင်ထွန်းကား ဒေါ်လှလှဝင်းအား ပုံမှန်အကောင်းပကတိ

စိတ်ဖြင့် အသက်သေစေရန် ကြံစည်ခဲ့သည်မှာ ထင်ရှား၏။

သို့သော် နောက်တစ်ယောက်သတ်ရာတွင် ပုံမှန်စိတ်မဟုတ်သော

ဒေါ်လှလှဝင်းဟု ထင်မြင်ကာ သတ်ခဲ့ခြင်းဖြစ်၏။ မည်သို့ဆိုစေ တရားဥပဒေ

အရ အရေးယူခံရမည်က သေချာ၏။ အဓိက မူးယစ်ဆေးဝါးခေါင်းဆောင်

နှင့် လူကုန်များကူးခဲ့သူ သိခ်ဆိုသူနှင့် အပေါင်းအပါအချို့ လွတ်သွား

ကြောင်းပါ အစီရင်ခံခဲ့ရ၏။

"မောင်မောင် . . . မင်းကွာ အိပ်ခုဘယ်လိုလုပ်မလဲကွဟင်"

"စိတ်မပူပါနဲ့ ရဲမှူးကြီးခင်ဗျား။ ကျားရဲမကို သူတို့ တန်ဆာခံအဖြစ်

ခေါ်ဆောင်သွားခဲ့ပါတယ်"

"ဟ . . . အဲဒါ ပိုဆိုးတာပေါ့ကွ"

"မဆိုးပါဘူးခင်ဗျား။ ကျားရဲမမှာ ဗွီဒီယိုရုပ်သံဖမ်းစက်နဲ့ ရောက်ရှိ

တည်နေရာကို သိနိုင်တဲ့ ကိရိယာတွေ ပါရှိသွားပါတယ်ခင်ဗျား။ ကျွန်တော်

ဖမ်းယူမှတ်တမ်းတင်ထားပါတယ် ရဲမှူးကြီး"

"ဟူး . . . တော်သေးတာပေါ့ကွာ"

"ဟုတ်ကဲ့ . . . ဒါပါပဲခင်ဗျား။ ကျွန်တော် ဌာနချုပ်ကို မနက်ဖြန်

ရောက်မှာပါ ရဲမှူးကြီး"

"အေး . . . အေး . . . ရောက်တာနဲ့ ငါ့ရုံးခန်းထဲ တိုက်ရိုက်ချင်းသာ



www.burmeseclassic.com

www.burmeseclassic.com



ပြီတော့"

"ဟုတ်ကဲ့ပါ ရဲမှူးကြီး။ လေးစားပါတယ်ခင်ဗျာ"

"အေး . . . ဆက်လုပ်"

အစီရင်ခံပြီးသည်နှင့် သက်ပြင်းမောချမိပါသည်။ ကောက်ကျစ်စဉ်းလဲ ဉာဏ်များလှသော ဒုစရိုက်ကျားကြီးတစ်ကောင်ကို အမိဖမ်းဖို့ ကြိုးစားရပေတော့မည်။ အမှုကြီးလေ ရှုပ်ထွေးလေ၊ ခက်ခဲမှု အန္တရာယ်ပေါင်းစုံကြုံတွေ့ကြတတ်၏။ တစ်ခါတစ်ရံ မိမိတို့ အသက်အန္တရာယ်ပါ နီးကပ်လှပေသည်။ သေမင်းနှုတ်ခမ်းပေါ် လျှောက်လှမ်းနေကြရသည်နှင့် တူ၏။

မြိတ်မြို့ ရဲတပ်ဖွဲ့အား တရားခံများနှင့် သက်သေသိမ်းဆည်းရမိသည့် စက်လှေနှင့်တကွ ပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့၏။ ရာဇဝတ်မှုပြစ်မှုကြီးမို့ အထူးဂရုစိုက် ဆောင်ရွက်ကြရပေသည်။ နောက်တစ်နေ့တွင် နံနက်စောစော ကော့သောင်းမြို့မှ ပျံသန်းထွက်ခွာလာသည့် လေယာဉ်ပျံဖြင့်ပြန်ခဲ့လိုက်ပါခဲ့၏။

သူတို့ ဥပဒေဘက်တော်သားများအတွက် အချိန်နာရီနှင့်အမျှ လုပ်ငန်းရှုန်းကန်နေကြရ၏။ မိသားစုနှင့်အတူ နေထိုင်ရချိန် လွန်စွာနည်းပါးလှ၏။ ထို့ကြောင့်ထင်သည် ဆင်ရိုးမောင်မောင်တစ်ယောက် တစ်ကိုယ်တည်း လူပျိုကြီးဘဝသာ ရှိနေသေး၏။ သူ့တွင် မိဘတွေ၏အမွေများစွာ လုပ်ငန်းများလည်း ရှိသေး၏။ မိဘနှစ်ပါးစလုံးက သားဖြစ်သူအား အိမ်ထောင်ပြုစေချင်လှတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ဖြည်းဖြည်းပေါ့ပါ့ဟူ၍ပါပေ။ ဟုတ်တော့လည်း ဟုတ်နေ သည်။ ချစ်သူရည်စားနှင့် ချိန်းဆိုပြီး တွေ့ရန်ပြောပြီးမှ အမှုကိစ္စအရေးတကြီး ဆင့်ခေါ်သဖြင့် မသွားနိုင်ဘဲ ချစ်သူဘဝ ကွာရှင်းပြတ်စဲရခဲ့သည်ချည်းပါပေ။ သူ၏ အလုပ်တာဝန်ကိုသာ ဦးစားပေးလွန်း၏။ ဗေဒင်ဆရာတွေက နှလုံး သားမှာ ကျွန်းခံနေသည်ဟု ဆိုချင်ဆိုကြမည်။ သူ့ပတ်ဝန်းကျင်မှာ မိန်းမလှ လေးများစွာနှင့် ကြုံတွေ့ဖူးပါသည်။ သို့သော် ဘဝကြင်ဖော်လက်တွဲရမည့်သူ အဖြစ် မည်သူမျှ မရောက်နိုင်ခဲ့ပါချေ။

ရန်ကုန်ပြန်ရောက်သည်နှင့် ဌာနချုပ်သို့ လေဆိပ်မှ တန်းဝင်ရောက် ခဲ့ရ၏။ အထက်အရာရှိ ရဲမှူးကြီးက ဆင့်ခေါ်ထားသည် မဟုတ်ပါလား။ ဦးစွာ သူ့ရုံးခန်းထဲ ဝင်ရောက်ခဲ့ရာ တပည့်ကျော် ဆားပုလင်းတပ်ကြပ်ကြီးအောင် ထွန်းက . . .

"ဟာ . . . အာစရိ ကျိုင်တွေပွနေပြီဗျ"

"ဘာဖြစ်လို့လဲကွ . . . ဟင်"

"ဘာဖြစ်ရမှာလဲ အာစရိရဲ့၊ ဟိုကောင်သိန်ဂျီ့ ရှုပ်မွှေနေလို့ဗျ။ ရဲမှူးကြီး တွေ အရေးပေါ် အထူးအစည်းအဝေးခန်းမမှာ ရောက်နေကြပြီ အာစရိ"

"ဟေ"

"ဟုတ်ပ . . . အဲသည်သာ တန်းဝင်လာခဲ့ပါတဲ့ အာစရိရေ"

"မျက်ခုံးတော့ ခပ်လှုပ်လှုပ်ပဲကွ"

"မျက်ခုံးတင် မဟုတ်ဘူး အာစရိရေ။ ရာထူးပါ ခပ်လှုပ်လှုပ်ဖြ



www.burmeseclassic.com

www.burmeseclassic.com


အကုန်လုံးကို ဆုပ်ပူကြိမ်းမောင်းလိုက်တာများ နေစရာတောင် မရှိတော့ဘူး"

"ဒါများကွာ နတ်ပြည်သွားနေလိုက်ပေါ့ အောင်ထွန်းရ"

"အာစရိက နောက်ပြောင်ရယ်စရာ ပြောနိုင်သေးတယ်နော်"

"ဟ . . . ပျော်ပျော်နေ သေးထွက်တဲ့။ အဲလေ . . . သေးခဲ . . . အဲ သေခဲ။ ကဲ . . . ဂိုးပြီဟေ့"

မောင်မောင် အပေါ်ထပ်ရှိ အထူးအစည်းအဝေးခန်းမဆောင်ရှိရာသို့ လျှောက်လှမ်းလာခဲ့၏။ အစစ်အဆေး နှစ်နေရာရှိသည်။ ပထမစစ်ဆေးရာ နေရာတွင် ရေဒါ (Radiration) ကို ဖြတ်ရင်း ကိုယ်တွင် လက်နက်သံပစ္စည်း များပါလာပါက အသံမြည်ကာ အချက်ပေးတော့၏။ များသောအားဖြင့် လေယာဉ်ပျံဂိတ်များတွင် တပ်ဆင်ထားကြသည်။

မောင်မောင့်ကိုယ်တွင်းမှ လက်နက်များ၊ မီးခြစ်ကအစ သိမ်းဆည်း ပေးအပ်နံ့ထားခဲ့ရ၏။ ဒုတိယဂိတ်မှာ အစည်းအဝေးခန်းမ ဝင်ပေါက်တွင် ဖြစ်သည်။ ထိုဂိတ်တွင်တော့ ရုပ်ဖျက်ထားခြင်း ရှိ/မရှိ ကွန်ပျူတာစနစ်ဖြင့် စစ်ဆေးပြီး မိမိ၏ လက်ဗွေရာပါ နှိပ်ရ၏။ ကွန်ပျူတာမှတ်တမ်းမှ လူပုဂ္ဂိုလ် မှန်/မမှန်ပါ စစ်ဆေးပါသည်။ ပြီးတော့မှ မိမိ၏ လျှို့ဝှက်အမည်နှင့် ကိုယ်ပိုင် နံပါတ်ကို ပြောရပြန်သည်။ အားလုံး မှန်ကန်ပါမှ အစည်းအဝေးခန်းသို့ ဝင်ခွင့် ရှိ/မရှိကိုပါ စာရင်းနှင့် တိုက်စစ်ပြီးမှ အထဲသို့ ဝင်နိုင်ကြောင်း ခွင့်ပြု စစ်ဆေးသူများသည် ရဲမှူးအဆင့်များဖြစ်ကြသည်။ အထက်အရာရှိကြီးများ အစည်းအဝေးမို့ တခြားသူများ ဝင်ခွင့်မပြုပေ။ မောင်မောင်က ထိုအမှုအခင်း

www.burmeseclassic.com



လိုက် ရဲမှူးမို့သာ ဝင်ရောက်ခွင့်ရခြင်းတည်း။

ဝင်ရောက်သည်နှင့် မိမိထက် ရာထူးမြင့်သူများမို့ ဦးစွာခြေစုံရပ်ကာ အလေးပြုပြီး "ဝင်ခွင့်ပြုပါရန် အမိန့်တောင်းခံရသေး၏" ထိုအခါမှ ခွင့်ပြုချက်ရသည်နှင့် မိမိထိုင်ရန် သတ်မှတ်ထားသည့်နေရာသို့ ဝင်ရောက်နေထိုင်ခွင့်ရှိပေသည်။ မောင်မောင် အခန်းထဲရှိ အရာရှိကြီးများကို ဝေ့ကြည့်လိုက်မိ၏။

စိတ်ထဲမှ အံ့သြသွားမိ၏။ အားလုံး ရဲမှူးကြီးအဆင့်ရှိသူများဖြစ်ပြီး အေရှာပိုရဲတပ်ဖွဲ့ဝင် စင်္ကာပူ၊ မလေးရှား၊ ထိုင်း၊ ဟောင်ကောင်၊ ကိုးရီးယား၊ ဂျပန်နိုင်ငံမှပင် ပါဝင်လျက်ရှိကြ၏။ အမှုကြီးမို့ နိုင်ငံတကာ ရဲမှူးကြီးများပါ ရောက်ရှိလာကြရတော့သည်။ တစ်နိုင်ငံအရေးမဟုတ်တော့ဘဲ မူးယစ်ဆေးဝါးအန္တရာယ်ကောင်ကြီးကို နှိမ်နင်းရမည့်အရေးမို့ အားလုံးပါဝင်လာရတော့သည်။

BURMESE CLASSIC

ဦးစွာ ပရိုဂျက်တာဖြင့် နယ်ခြားဒေသများမှ ဘိန်းချက်စခန်းများနှင့် တောတောင်ထဲမှ သောင်းကျန်းသူ လက်နက်ကိုင် ဘိန်းကုန်ကူးသူများ လားများ၊ မြည်းသတ္တဝါများနှင့် သယ်ဆောင်နေကြပုံများ ပြသ၏။ ထိုမှ မောင်မောင်လိုက်ပါခဲ့သော မသေသောအလောင်းအမှုမှ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးရာဇာ သိခ်တို့၏ မှတ်တမ်းတင် ဗွီဒီယိုလှုပ်ရှားမှု အခွေအား ပြသ၏။

နောက်ဆုံးပိုင်းတွင်တော့ ကျားရဲမအား ဖမ်းဆီးခေါ်ဆောင်သွားပုံ၊ ဆိပ်ကမ်းရှိ မော်တော်ဘုတ်အထဲသို့ အခြားလူကုန်မိန်းကလေးများနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ဆိပ်ကမ်းမှ ခွာခဲ့ပုံများနှင့် မောင်မောင်တို့ ရဟတ်ယာဉ်များ၊ ရဲမော်တော်ဘုတ်များ အတားအဆီးများမှ လွတ်မြောက်သွားပုံနှင့် နောက်ဆုံးတစ်နေရာသို့အရောက် မော်တော်ဘုတ်ရပ်နားပြီး ကျားရဲမတို့အား ခေါ်ဆောင်သွားတော့သည်။ ခေါ်ဆောင်ရာတွင် သူတို့၏ ပင်မစခန်းဖြစ်ဟန်တူ၏။ လက်နက်ကိုင် အစောင့်အရှောက်များစွာ ရှိနေသည်ကို ကြည့်မြင်နေရပေသည်။ နောက်တော့ အလုံပိတ်အခန်းထဲသို့ ကျားရဲမအား သွင်းလိုက်သည်ကို မြင်ရ၏။

နောက်ဆုံးအပိုင်းကတော့ သိပ်အဆင်မပြေလှပါချေ။ ကျားရဲမအား နှိပ်စက်ခန်းများပါပေ။ နောက် သူတို့တပည့်ကျော်များနှင့် အတင်းအားအဓမ္မကျင့်ဖြစ်ကြပြီး လူယုတ်မာခေါင်းဆောင် သိခ်၏ မျက်နှာကြီးပေါ်လာပြီး . . .

"ဘယ်လိုလဲကွ ဆင်ရိုင်းကြီး။ အဟတ် . . . မင်းလောက်မှ ဓါတမလျှင်ရင် ကျားဆိုတဲ့ဘွဲ့ မယူဘူးသိလား၊ တွေ့ရဲ့လား။ မင်းရဲ့ မဒီတညာ . . . ဟား . . . ဟား . . . ဒါ သဘောလောက်ပါပဲ။ မင်းတို့ရဲ့ရေဒါတွေ၊ ဗွီဒီယိုရိုက်တဲ့စက်တပ်ဆင်ထားတဲ့ နားကပ် ဆွဲဖြုတ်လိုက်တာ။ ကျွတ် . . . ကျွတ် အချစ်ကလေး နား့ပြတ်သွားရှာတယ်။ ဟား . . . ဟား . . . တဲ . . . နုတ်ဆက်တယ်ဟေ့"

ဗွီဒီယိုတိတ်ခွေ ပြတ်တောက်သွားခဲ့ပြီ ဖြစ်၏။

ကျားရဲမတစ်ယောက်ကတော့ တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း ဘဝပျက်ကြွေ ငရဲခန်းသို့ ရောက်ရှိရှာတော့သည်။ ရဲမှူးကြီးများ၏မျက်ဝန်း

www.burmeseclassic.com



အစုံက မောင်မောင့်ထံ စုပြုံကျရောက်လာ၏။ ကဲ . . . မင်း ဘယ်လိုဖြေရှင်းချက်ပေးမလဲဟူသည့် သဘောတည်း။ မောင်မောင် ထိုင်ရာမှ ထရပ်လိုက်ကာ ပိတ်ကားချပ်ရှိရာသို့ သွားရောက်ခဲ့၏။ ပြီးတော့ နေရာပြထောက်တံကို ကိုင်လိုက်၏။ တုတ်တံသည် လိုအပ်သလို အရှည်အတိုပြုလုပ်၍ ရပေသည်။

မောင်မောင်က ကွန်ပျူတာထိန်းချုပ်သော ရဲအုပ်ကိုထွန်းဖေနှင့် ရဲအုပ် မမေမျိုးသက်တို့အား ထိုနောက်ဆုံးတည်နေရာကို ကွန်ပျူတာနှင့် ရှာခိုင်းတော့၏။ ထိုသို့ ရှာဖွေရာ ပုံပြများအား ဂရပ်မြေပုံညွှန်းဖြင့် ပြသနေခဲ့ပြီး သဘာဝအတိုင်းလည်း ပြောင်းလဲကြည့်ရှုနိုင်ပေသည်။ သူတို့မော်တော်ဘုတ်နှင့် ပြေးရာလမ်းကြောင်းများအတိုင်း တစ်ကွက်ချင်း စလိုက်ပရိုဂျက်တာစက်ဖြင့် ပြသခဲ့ပြီး နောက်ဆုံး မော်တော်ဘုတ် ဝင်ရောက်ရာ နေရာကား ကျွန်းတစ်ကျွန်းဆိုသည်ကို သိရှိလိုက်ရတော့သည်။

ထိုကျွန်းကား ထိုင်းနှင့်မြန်မာ နယ်စပ်ရေပိုင်နက်ကျော်တွင် ရှိပြီး နိုင်ငံတကာ ရေပိုင်နက်နှင့်လည်း နီးကပ်စွာ တည်ရှိပြီး မလေးရှားနိုင်ငံပိုင် ကျွန်းလေးဖြစ်နေသည်။ ထိုကျွန်းနှင့် ပတ်သက်သော အချက်အလက်များတို့ ကွန်ပျူတာဖြင့် ရှာဖွေဖော်ထုတ်လိုက်ရာတွင်တော့ ဒွန်(Don) ဟု အမည်ရှိကျွန်းဖြစ်ပြီး ပုဂ္ဂလိက သူဌေးကြီးတစ်ဦးက ဝယ်ယူထားပြီး သီးသန့်နေရာဖြစ်ကြောင်း သိရှိရ၏။ ထိုသူဌေးကြီးမှာ အာရပ်နိုင်ငံတစ်ခုမှ စော်ဘွားမျိုးနွယ်ဝင်တစ်ဦးဟု သိရပြီး ဒွန်၏ မြန်မာလိုအဓိပ္ပာယ်ကား ပြီးဆုံးကျွန်းဟု ခေါ်ဝေါ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတကာ ရဲမှူးကြီးတွေ ထိုကိစ္စကို အခြေအတင် ဆွေးနွေးရတော့၏။ ကမ္ဘာ့နေရာအနှံ့သို့ မူးယစ်ဆေးဝါးများ ဖြန့်ဖြူးနေသော ဂိုဏ်းကြီးပါပေ။ သူတို့ကား ရက်စက်ကြမ်းကြုတ်ကြသည်။ ဖမ်းဆီးမိပါကလည်း ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သတ်သေသွားကြ၏။ ထိပ်ပိုင်းအရေးပါသည့် ခေါင်းဆောင်ငယ်များစွာတို့ ထိုသို့ သတ်သေကာ ခြေရာပျောက်မှုကြောင့် ထိုမူးယစ်ဆေးဝါးဂိုဏ်းကြီးအား ပင်မရေသောက်မြစ်ပါ ချေမှုန်းနိုင်ခြင်း မရှိဘဲ ဆက်လက်လှုပ်ရှားနေခြင်းတည်း။

သူတို့တွင် နိုင်ငံပေါင်းများစွာ ဂိုဏ်းဂဏများ ပါဝင်နေခဲ့၏။ ထိုကျွန်းသို့ သာမန်ပုဂ္ဂိုလ်တို့ ဝင်ရောက်ရန် မလွယ်ကူချေ။ ထိုကျွန်းတွင် သူတို့အင်အား မည်မျှရှိမည်ကို မခန့်မှန်းချေ။ ပုဂ္ဂလိကပိုင်ကျွန်းမို့ သွားရောက်ပါက ပင့်အူအိမ်မှာကပ်ငြိခံရသလို သူတို့ ကွန်ယက်ထဲ မိသွားမည်ဖြစ်၏။

နည်းလမ်းတစ်ခုတော့ရှိ၏။ ထိုသည့်က ကမ္ဘာအရပ်ရပ်တ သန်းကြွယ်သူဌေးကြီးများအား ဧည့်ခံပွဲအဖြစ် ဖိတ်ကြားကာ ကျွန်းကြီးတွင် အပန်းဖြေလာရောက်ရန် ဖိတ်ခေါ်ခြင်းပါပေ။ ထိုသို့ဖိတ်ကြားခံရသော သူဌေးသူကြွယ်ဖြစ်ရန်လည်း မလွယ်ပါချေ။ တော်ရုံချမ်းသာရုံနှင့် ဖိတ်ကြားခံရခြင်း မပြုကြချေ။

ထိုကျွန်းပေါ်တွင် ကြေးကြီးသော ကာစီနိုကစားပွဲကြီးများ ဖွင့်ထား သာမက ပျော်ပါးနိုင်ရန်အတွက်လည်း ကမ္ဘာအရပ်ရပ်က မိန်းမပျိုလေးများအား ထားရှိပါသေး၏။ အဖျော်ယမကာမျိုးစုံအပြင် အချိုရည်ပျော်ရည်များလည်း

www.burmeseclassic.com



ရှိ၏။ မိမိတို့လိုချင်တာ ဆန္ဒရှိသမျှကို ဖြည့်ဆည်းပေးနိုင်သဖြင့် လူချမ်းသာကြီးများ သဘောကျ နှစ်မြိုက်လှတော့၏။

မိမိတို့ မည်သို့ထောက်လှမ်းကြမည်ကို ညှိနှိုင်းတိုင်ပင်ကြရတော့၏။ အတွင်းစည်းတွင်းသို့ ဝင်ရောက်ရမည်ဖြစ်၏။ နောက်ဆုံးတွင်တော့ ဖိလစ်ပိုင်နိုင်ငံက ဒီမွန်ဒီး (Demonde) အသီးအနှံခြံပိုင်ရှင် သူဌေးမိုက်ကယ်ကာလို့(စ) ဒီပရစ်တိုကို ပစ်မှတ်ထားခဲ့၏။ ထိုသူသည် နှစ်စဉ် ထိုကျွန်းသို့ ဖိတ်ကြားခံရသူဖြစ်၏။ ထိုမူးယစ်ဆေးဝါးဂိုဏ်းကြီးနှင့် ပတ်သက်ဆက်နွယ်စရာအကြောင်းရှိနေပေသည်။

ထိုသူဌေးအသွင်ဖြင့် မြန်မာနိုင်ငံမှ ရဲမှူးဆင်ရိုင်းမောင်မောင်အားရုပ်ပြောင်းရုပ်လွှဲပြုကာ ဝင်ရောက်ပေမည် ဖြစ်၏။ မောင်မောင်နှင့်အတူ ထောင်ကောင်ရဲအုပ်မလေး ဟုန်မေနီ၊ ဖိလစ်ပိုင်မှ ရဲအုပ်မ ခရစ္စတီးနားတို့အား လိုက်ပါစေမည်ဖြစ်၏။ သူမတို့သည်လည်း လှပချောမော တောင့်တင်းဖျံ့ဖြိုးသော လုပ်မြူးလေးများပါပေ။

လက်ရွေးစဉ် ထောက်လှမ်းရေး ရဲတပ်ဖွဲ့မယ်များဖြစ်ပြီး အသတ်အပုတ် အပစ်အခတ်ကအစ ကျွမ်းကျင်လိမ္မာသူလေးများပါပေ။ သူမတို့မှာလည်း ကျားရဲမလိုပင် လျှို့ဝှက်အမည်များ ရရှိထားကြသူလေးများတည်း။ ဟုန်မေနီက စွန်ရဲမ၊ ခရစ္စတီးနားက သိန်းငှက်မပါပေ။ မောင်မောင်တို့က ဒီပရစ်တိုအား အနီးကပ်လေ့လာရန်အတွက် ဖိလစ်ပိုင်သို့ထွက်ခွာလာခဲ့ရ၏။

ဒီပရစ်တိုကား မနီလာ (Manila) မြို့တော်တွင် နေသူမဟုတ်ပါ

www.burmeseclassic.com



ချေး အီလို အီလို (Ilo Ilo) ကျွန်းပေါ်တွင် နေထိုင်နေသူဖြစ်၏။ သူ့နံဘေးတွင် မိန်းမချောလေးများ ရံလျက် အမြဲတွေ့မြင်ရတတ်၏။ ဆံပင်ကောက်ကောက် ရုပ်ရည်ရူပကာ ဖြောင့်သူဖြစ်ပြီး အမြဲပြုံးပျော်ရွှင်စွာ နေလေ့ရှိ၏။ ငွေကြေး ဂုဏ်ဓန ပြည့်စုံသူမို့ သူ၏ကျွန်းမြို့တွင် ဩဇာအရှိန် ကြီးမားသူပါပေ။

သူ၏ ပိုင်ဆိုင်သော ငှက်ပျောခြံများ၊ သစ်သီးဝလံခြံများစွာ ပိုင်ဆိုင်ပြီး တပည့်တပန်းများစွာ ရှိသူတည်း။ သူတွင် ကိုယ်ပိုင်ဆိပ်ကမ်းတစ်ခုလည်း ပိုင်ဆိုင်ပြီး သစ်သီးဝလံများတင်ဆောင်မည့် သင်္ဘောကြီး (Reeeer) များ လာရောက်ဆိုက်ကပ်လေ့ရှိ၏။ အနှန်းအရက်များ၊ အနှန်းဆီများပါ ထုတ်လုပ်သူတည်း။

ဒီပရစ်တို သစ်သီးဝလံသူဌေးကြီးသည် ဒီမွန်ဒီ (Demonde) ကုမ္ပဏီကြီးတွင်လည်း အစုရှယ်ယာများ ပိုင်ဆိုင်သူဖြစ်၏။ သူ၏ သစ်သီးဝလံများအား ကမ္ဘာ့နိုင်ငံတော်တော်များများသို့ တင်ပို့လျက်ရှိ၏။ သစ်သီးတင် သင်္ဘောကြီးများတွင် အအေးခန်းကုန်ပေါက်များပါဝင်သည်မို့ ရက်အတန်ကြာ တင်ဆောင်ရတ်မောင်းလည်း သစ်သီးများမှာ မပုပ်နိုင်ပါချေ။

သစ်သီးများကို စက္ကူသေတ္တာဘူးခွံများဖြင့် ထည့်ပါသည်၊ ထိုသည်တို့ ဆိပ်ကမ်းမြို့တွင် ပြုလုပ်ကြ၏။ သင်္ဘောပေါ်သို့ တင်ရာတွင်တော့ ပလတ်စတစ်ခြင်းတောင်းများဖြင့် ကတ်များဖြင့် တင်ရပေသည်။ ထိုသည့် အအေးခန်းကုန်ပေါက်များတွင် မပုပ်မသိုးဘဲ ရှိမည်ဖြစ်၏။ ကုန်ပေါက်အအေးခန်း



www.burmeseclassic.com

www.burmeseclassic.com



များတွင် အကန့်များ အတန်းလိုက် ပြုလုပ်ထားပြီး အအေးခတ်သည် (ငံ) သုညဒီဂရီအောက်ပင် ရှိတတ်၏။

သစ်သီးခြင်းတောင်းများအား သင်္ဘောပေါ်တင်ရာတွင် အလို အလျောက် စက်လှေကား (Acculator) များဖြင့် အသုံးပြု၏။ သစ်သီးဝလံ တင်သင်္ဘောများသည် ကမ္ဘာ့နိုင်ငံအနှံ့သို့ ထွက်ခွာကြသည်မို့ မူးယစ်ဆေးဝါး ဖြန့်ဖြူးရာတွင် များစွာတွယ်ကျယ်နိုင်သဖြင့် ဖိလစ်ပိုင်နိုင်ငံ ရဲတပ်ဖွဲ့မှ အမြဲ စောင့်ကြည့်နေရပေသည်။

သတင်းရသည်နှင့် ဝင်ရောက်ရှာဖွေ စစ်ဆေးမှုများ ပြုကြရ၏။ သို့သော် ဖမ်းဆီးရမိခြင်းတော့ မရှိပါသေးချေ။ ဒီပရစ်တိုကား မူးယစ်ဆေးဝါး ဂိုဏ်းကြီးတွင် ဖြန့်ဖြူးရေးတာဝန်ခံ ဖြစ်နိုင်ချေရှိသူပါပေ။ သူ၏ နောက် ကြောင်း ကိုယ်ရေးမှတ်တမ်းအရ သူသည် ငယ်စဉ်အရွယ်က သင်္ဘောသား ဖြစ်ခဲ့ပြီး နိုင်ငံအနှံ့ရောက်ရှိခဲ့၏။ မူးယစ်ဆေးဝါးဂိုဏ်းနှင့် အဆက်အသွယ် ပြုကာ သင်္ဘောပေါ်တွင် ဘိန်းဖြူ (Heroin) များ ခိုးဝှက်တင်ဆောင်လာခဲ့ သဖြင့် မူးယစ်ဆေးဝါးမှုဖြင့် ထောင်ဒဏ်ကျခံခဲ့ဖူးသူဖြစ်၏။

ထောင်က ထွက်လာသောအခါတွင် မိဘလက်ငုပ်လက်ရင်း သစ်သီးဝလံခြံတွင် လုပ်ကိုင်ရင်း ယင်းအမွေများရရှိကာ သူဌေးကြီးဖြစ်လာ ခဲ့ပြီး အခြားခြံပိုင်ရှင် သူဌေးသမီးနှင့် အိမ်ထောင်ပြုပြီးနောက်တွင် ဒီပနီဒီး ကုမ္ပဏီဖြင့် အဆက်အသွယ်ရရှိကာ ပိုမိုချမ်းသာကြွယ်ဝလာခဲ့သူဖြစ်၏။ သူ သည် နစ်စဉ် မြို့စားကျွန်းသို့ လာရောက်ခွင့် ဖိတ်ကြားခံရသော သူဌေး



www.burmeseclassic.com

www.burmeseclassic.com



သူကြွယ်တစ်ဦးတည်း။

ထိုမြို့စားကျွန်းသည် မူးယစ်ဆေးဝါးဂိုဏ်းချုပ်စခန်းဟု သတင်းအချက်အလက်များ ရရှိထားသဖြင့် ဝင်ထွက်နိုင်သော သူဌေးကြီးများစွာတို့သည် ထိုဂိုဏ်းကြီးဖြင့် ဆက်စပ်ပတ်သက်နိုင်သူများပါပေ။ ထိုကျွန်းသို့ လာရောက်သော သူဌေးကြီးများထဲတွင် ဂျပန်ပြည်က သူဌေးကြီး ဆူတိုနာကာမှုရားဆိုပါက ယာကူဆာဂိုဏ်းနှင့် ပတ်သက်ဆက်နွှယ်နေကြောင်း အထောက်အထားများအရ သိရှိရပေသည်။

အေရှာပိုရဲတပ်ဖွဲ့များက အကိုင်းအခက် အဖျားလောက် လူပ်ရှားသူတွေကိုသာ ဖမ်းဆီးရမိသော်လည်း ထိုသူများသည် သစ္စာရှိစွာ အသေခံသွားကြ၏။ သူတို့မိသားစုကို စောင့်ကြည့်လေ့လာရာတွင်တော့ တစ်ဦးတစ်ယောက်က လစဉ်ထောက်ပံ့ကြေးငွေများ ပုံပိုးကူညီလျက်ရှိကြောင်း သိရပေသည်။ ကျန်ရစ်သူဇနီးမယားတို့မှာ ထိုငွေဖြင့် အလုပ်မလုပ်ကိုင်ဘဲ နေထိုင်နိုင်ကြောင်း စုံစမ်းသိရှိရ၏။

မည်သို့ဆိုစေ ဖိလစ်ပိုင်က သူဌေးကြီးကို ပစ်မှတ်ထားကာ လှုစားထဲလှယ်ရန် အေရှာပိုဌာနအကြီးအကဲများက ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြ၏။ မှန်ရဲမ ဟုန်မေနီနှင့် သိန်းဇုက်မ ခရစ္စတီးနားတို့ကို တည်ကြက်အဖြစ် စတင်အသုံးပြုကာ ဒီပရစ်တိုနှင့် အနီးကပ်ပူးကပ်ထောက်လှမ်းစေမည် ဖြစ်၏။

■

www.burmeseclassic.com

## Lasvegas Night Club
## (လားဗီးကပ်(စ်) နိုက်ကလပ်(စ်))

တည်ကြက်ဖြစ်သော စွန်ရဲမ ဟုန်မေနီ စတင်လှုပ်ရှားပြီဖြစ်သည်။ ပစ်မှတ်နေရာကား လားဗီးကပ်(စ်) နိုက်ကလပ်(စ်)ပါပေ။ ထိုညက ည ကလပ်သို့ သူဌေးကြီး ဒီပရစ်တိုသည် စနေနေ့ညတိုင်း လာရောက်လေ့ရှိ ကြောင်း ကြိုတင် သိရှိထားပြီး ဖြစ်၏။ သိန်းငှက်မကလည်း ဟုန်မေနီလိုပင် ထိုကလပ်သို့ ရောက်ရှိမည်ပေ။ လားဗီးကပ်(စ်) နိုက်ကလပ်တွင် အထူး လောင်းကစားဝိုင်းကြီးများ နောက်ကွယ်တွင် ထားရှိ၏။

ကြေးကြီးသဖြင့် တော်ရုံဝိုင်းထဲ မဝင်နိုင်ကြချေ။ ဒေါ်လာတစ်သိန်း ငွေသားပါမှ ဝင်ရောက်ကစားနိုင်သည်။ ဝိုင်းထဲသို့ ဝင်ရောက်ရန်အတွက် မန်နေဂျာရုံးခန်းတွင် အစစ်အဆေးခံကြရမည်ပေ။ ထို့နောက် ငွေလွှဲ/ပေါက်



www.burmeseclassic.com

www.burmeseclassic.com



နေ လောင်းကစားဝိုင်းကြီးများရှိရာသို့ ဆိုင်ရှိ လုံခြုံရေးလူမိုက်များက ပို့ဆောင်ပေးမည်ပေ။

စွန်ရဲမနှင့် သိန်းငှက်မတို့သည် ငွေကို ရေလိုဖြုန်းသည့် သူဌေးသမီးများအသွင်ဖြင့်သွားရောက်မည်ဖြစ်၏။ သူမတို့နှစ်ယောက်သည် အမေရိကန်နိုင်ငံတွင် ပညာသင်ကြားနေဆဲ ကျောင်းသူ သူငယ်ချင်းနှစ်ယောက်အဖြစ် ဟန်ဆောင်ထားမည် ဖြစ်၏။ မောင်မောင်တို့လည်း နိုက်ကလပ်ထဲသို့ရောက်ရှိနေပါသည်။ ဖိလစ်ပိုင်နယ်မြေခံ ရဲအရာရှိ ဖိလစ်ပိုင်နှင့်ဖြစ်၏။ သူတို့က သီးသန့်ခန်းမငှားဘဲ နိုက်ကလပ်ကမ္ဘဲနေရာရှိရာ အနီးတွင်သာ ထိုင်ပါသည်။

စွန်ရဲမနှင့် သိန်းငှက်မတို့ကတော့ အထူးသီးသန့် (Reserve) နေရာဟု ရေးထားသော အခန်း (Box)နှင့်ကပ်လျက် သီးသန့်ခန်းလေးထဲ ရောက်ရှိနေခဲ့ကြ၏။ သီးသန့်အခန်းကား သူဌေးဒီပရစ်တိုအတွက် ချန်ထားသည်မဟုတ်ပါလား။ ကိုးနာရီထိုးခါနီးအချိန် မောင်မောင်တို့ ရောက်ရှိနေရာသူထားခဲ့၏။ ထိုနေရာမှနေ အထူးသီးသန့်ခန်းများကို လှမ်းမြင်နိုင်၏။ နိုက်ကလပ်မှ မီးများမထွန်းဘဲ စပေါ့လိုက် (Sport Light)၊ ဒစ္စကိုလိုက် (Disco Light) များသာ ထွန်းညှိထားသဖြင့် မျက်နှာသွင်ပြင်များ သဲကွဲစွာ မမြင်နိုင်ပါချေ။ နိုက်ကလပ် လုံခြုံရေးစောင့် လူမိုက်များကတော့ ခပ်လှမ်းလှမ်းနေရာတွင် လက်ပိုက်ကာ လာရောက်သူများကို အကဲခတ်နေကြပေသည်။ ကလပ်ထဲ ရုတ်ရုတ်သဲသဲလုပ်ပါက ဆွဲထုတ်ကာ ဆော်ပလော်တီးကြမည်

www.burmeseclassic.com



မလွဲပါချေ။

ကိုးနာရီကျော်ကျော်ခန့်တွင်တော့ စွန်ရဲမနှင့် သိန်းငှက်မတို့ ရောက်လာကြ၏။ သူတို့က အထူးသီးသန့်ခန်းလိုချင်ကြောင်း လုံခြုံရေးလူမိုက်များအား ဆိုလိုက်ရာ မန်နေဂျာက ပျာပျာသလဲ သူမတို့အား အထူးသီးသန့် အခန်းကပ်လျက်သို့ ပို့ဆောင်ပေးခဲ့သည်။ မန်နေဂျာကား သူ့အတွက် ဆုငွေရဖို့ ကြံစည်ကာ သူဌေးကြီးဒီပရစ်တို့ အခန်းကပ်လျက် နေရာချပေးခြင်းပါပေ။ သူဌေးကြီးအတွက် သူက နိုက်ကလပ်ကနေ အချောအလှ မဒီကညာလေးတွေ ဖန်တီးပေးရသူ မဟုတ်ပါလား။

နိုက်ကလပ်ကား ရွှေ့လျားနေလျက်ရှိသော နာရီ၊ စက္ကန့်လက်တံများလို တဖြည်းဖြည်း လူများပြည့်ကြပ်လာပါတော့၏။ ရင်ခုန်သံမြန်စေသည့် အစွတ်ကိုသီချင်းများ၊ ရ(ပ်)သီချင်းများပါ ထုတ်လွှင့်နေတော့သည်။ ကရန်ဖန်တီးထားသော ကွက်လပ်ထဲတွင် လူငယ်လူရွယ် သားပျို သမီးပျို အရွယ်ရောက်သော မြီးကောင်ပေါက်ကလေးများက ခုန်ပေါက် ပျော်ရွှင်လျက်ရှိတော့သည်။

စွန်ရဲမနှင့် သိန်းငှက်မတို့လည်း ထိုကသည့် လူငယ်များထဲတွင် ပါဝင်လျက်ရှိ၏။ တိုင်ပင်ချိန်ကိုက်ချက် မလွဲကြပါချေ။ သူဌေးကြီး ဒီပရစ်တို့ လာရောက်ခါနီးပြီမို့ သူမတို့က ကိုယ်လုံးကိုယ်ဝါ ထုတ်ကာ ပြသကြခြင်းပါပေ။ သီချင်းသံမဆုံးခင် ဒီပရစ်တို့နှင့် သူ၏မဒီ လုံမပျိုချောနှစ်ယောက်နှင့် ပြုံးရွှင်သောမျက်နှာကြီးဖြင့် ဝင်ရောက်လာတော့၏။ နိုက်ကလပ်မန်နေဂျာ



www.burmeseclassic.com

www.burmeseclassic.com



ခရီးဦးကြိုပြုကာ လူမိုက်လူခြံရေးများက ဝန်းရံကာ သူဌေးကြီး၏ အထူးသီးသန့်နေရာသို့ ပို့ဆောင်ပေးကြ၏။

သူ၏သီးသန့်အခန်းသို့ မဝင်ရောက်ခင် ကရန်နေရာမှ စွန်ရဲမနှင့် သိန်းငှက်မတို့ ထွက်လာခဲ့ကြသဖြင့် အပေါက်ဝတွင် ဆုံတွေ့ပါတော့၏။ စွန်ရဲမက . . .

"မန်နေဂျာ . . . ပြီးရင် ကျွန်မတို့ဆီ လာခဲ့ဦးနော်"

"ဟာ . . . လာပါ့မယ်ခင်ဗျာ။ ခဏလေးစောင့်ပါ"

ဒီပရစ်တို့၏ မျက်လုံးများက စွန်ရဲမနှင့် သိန်းငှက်မတို့ တစ်ကိုယ်လုံးပေါ်က မခွာဘဲရှိတော့၏။ သူ့အခန်းထဲရောက်သည်နှင့် မန်နေဂျာအား ဘယ်လိုလဲဟူသော သဘောဖြင့် မေးဆတ်ပြလိုက်၏။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

မန်နေဂျာက ပြုံးပြပြီး လက်မထောင်ပြ၏။ သဘောက သူ ဖန်တီးဖို့မယ်၊ ပိုင်ပါတယ်ပေါ့လေ။

"မန်နေဂျာကြီး . . . ကျွန်မတို့ အပျင်းပြေ ဖဲကစားချင်လို့ . . . အဲဒါ"

"ရပါတယ်၊ ဒါပေမဲ့ ကြေးတော့ကြီးတယ်နော်။ ဒေါ်လာ တစ်သိန်း အောက်ထစ်ပြရမှာဗျ"

"အို . . . အဲဒါမှ ခက်တာပဲရှင်။ ကျွန်မတို့မှာက ငါးသောင်းလောက်ပဲ ပါတဲ့ဟာ၊ ဘယ်လိုလုပ်ရပါ့မလဲရှင်"

"အင်း . . . ပြောတော့ပြောကြည့်မယ်ဗျာ၊ သူဌေးကြီး ဒီပရက်တိုက ကိုယ့်ညီမတို့ စားသောက်သမျှ ကျသရွေ့ သူရှင်းမယ်တဲ့။ သူ့ကိုပြောပြလိုက်ပါ့မယ်၊ သူ ကူညီနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ် . . . ဒါဆိုလည်း ပြောလိုက်ပါရှင်"

မန်နေဂျာ ကျောခိုင်းသွားချိန်တွင်တော့ စွန်ရဲမ ဟွန်မေနီက လတ်နစ်ချောင်း ထောင်ပြခဲ့၏။ ဘယ်သူက သားကောင်၊ ဘယ်သူက မုဆိုးဆိုသည်တော့ မကွဲပြားသေးဘဲရှိ၏။ လျှင်သူစားစတမ်းပါပေ။ မောင်မောင်တို့က သူတို့လိုက်ပါလာသည့် ဗင်ကားထဲ ပြန်ထိုင်လိုက်ကြ၏။ ကားထဲတွင်ရုပ်မြင်သံကြားဖြင့် စွန်ရဲမတို့ကို စောင့်ကြည့်နိုင်၏။ သူတို့၏လည်ဆွဲထဲတွင် ဗွီဒီယိုကင်မရာလေးပါရှိပြီး တည်နေရာကို သိရှိစေရန်အတွက်လည်း ရေဒါစနစ်ပါရှိသဖြင့် ခရောက်ရာအရပ်ကိုပါ သိနိုင်ပေသေး၏။

အခုထိတော့ အနှောင့်အယှက်မရှိဘဲ အစဉ်ပြေလျက်ရှိ၏။ သူမတို့အား ဒီပရစ်တိုက ကစားဝိုင်းထဲ ကစားရန် ခွင့်ပြုလိုက်ပြီး သူကပင် ဒေါ်လာတစ်သိန်း ထုတ်ပေးခဲ့၏။ အမှန်က သည်ယုန်မြင်၍ သည်ချုံထွင်လိုခြင်းတည်း။ သူ့အတွက် ထိုမျှငွေကြေးလောက်မှာ ကလေးမုန့်ဖိုးပေးသလောက်ပါပေ။ ဒီပရစ်တိုက သူ့နံဘေးတွင် သူ၏မဒီကညာတွေပါနေသေးသဖြင့် သူမတို့ကို အပိုင်သိမ်းပိုက်ခြင်း မပြုသေးဘဲ ကြိုးရှည်ရှည်နှင့် လှန်ထားသည်သာဘောပါပေ။

သူမတို့အား မန်နေဂျာရုံးခန်းမှတစ်ဆင့် လျှို့ဝှက်တပ်ဆင်ထားသော တံခါးပေါက်မှ ကစားဝိုင်းများရှိရာသို့ လူမိုက်လုံခြုံရေးတစ်ယောက်တလိုက်လံပို့ဆောင်ပေးခဲ့၏။ ဒီပရစ်တို ကစားမည့် တစ်ချပ်မှောက်ဖဲဝိုင်းသို့ ပို့ပေးခဲ့၏။ ဒီပရစ်တိုကတော့ ဝင်ရောက်လာခြင်းမပြုသေးပါချေ။ အထဲတွင်

www.burmeseclassic.com



တော့ အခြားကစားမည့် လူကြီးသုံးယောက် ရောက်နှင့်ပြီးဖြစ်၏။

ဒီပရစ်တို့ရောက်လာမှ ဝိုင်းစတင်မှာမို့ သူတို့က အနားယူရန် စားပွဲဝိုင်း ထိုင်ခုံတွင် ထိုင်နေရင်း စားသောက်စကားဆိုနေကြ၏။ စွန်ရဲမတို့က လည်း လူကုံထံအသိုင်းအဝန်းတို့လိုပင် ခပ်တည်တည် တခြားစားပွဲသို့ ထိုင်လိုက်သည်နှင့် စားပွဲထိုးရောက်လာကာ . . .

"ဘာများသုံးဆောင်ပါ့မလဲ မမလေးတို့"

"ကျွန်မတို့အတွက် ဝိုင်ပေးပါ။ စားဖို့က ချိစ်နဲ့ ဆင်းဒွပ်(ရှ်)"

"ဟုတ်ကဲ့ . . . ခဏလေးစောင့်ပါခင်ဗျာ"

ဟုတ်တော့ ဟုတ်နေသည်။ မိန်းကလေးဧည့်သည်များကို ယောကျ်ားလေး စားပွဲထိုးက ဧည့်ခံပြီး ယောကျ်ားဧည့်သည်များကိုတော့ မိန်းကလေး စားပွဲထိုးများက ဧည့်ခံစေခဲ့၏။ သူတို့ စားသောက်ထိုင်စောင့်နေချိန် နာရီဝက်ခန့်အကြာတွင်မှ ဒီပရစ်တို့ ကစားပွဲခန်းမတွင်းသို့ ပြုံးရွှင်စွာ ဝင်ရောက်လာခဲ့ပြီး . . .

"ဟား . . . စောင့်ရတာ တောင်းပန်ပါတယ်ဗျာ။ ကဲဗျာ . . . စလိုက်ကြရအောင်"

ပြောပြောဆိုဆို သူက ကစားဝိုင်းထဲသို့ ဝင်ထိုင်လိုက်၏။ သူ၏ မဒီကညာနှစ်ယောက်က သူ၏အပေါ်ကုတ်အင်္ကျီကို တယုတယ ချွတ်ပေးကြ၏။ ပြီးတော့ သူ့အတွက် မာတီနီအရက်ခွက်ပါ ကမ်းပေး၏။ သူက တစ်ငုံ သောက်လိုက်ပြီး ပြန်ပေးလိုက်ကာ ဒန်ဟဲလ်း (Dunhill) စီးကရက်တစ်

www.burmeseclassic.com



ဒိပ်ထုတ်ကာ သောက်နေ၏။ ထိုသည်ကိုလည်း မိန်းမပျိုတစ်ယောက်က မီးခြစ်ဖြင့် မီးညှိပေးခဲ့ကြ၏။ ငွေကို ရေလိုဖြုန်းနိုင်သူဆိုတော့ သူလုပ်သမျှ ကြည့်စုံနေသည်ပေ။

ဒေါ်လာတစ်သိန်းနှင့် စတင်ကစားမည်မို့ တစ်သိန်းညီမျှသော တိုကင်ပြားများ လဲလှယ်ကြရ၏။ နောက်ထပ် ကစားလိုပါက နောက်တစ်သိန်း ထပ်မံချ ကစားနိုင်ပေသည်။ တစ်ပွဲကစားချိန် တစ်နာရီသတ်မှတ်၏။ တစ်နာရီအတွင်း နိုင်လည်း မထရချေ။ ရှုံးသူကတော့ ထနိုင် တော်နိုင်သည်။ အပွင့်ကြီးသူက စတင်ကြေးခေါ်ပြီး နောက်ထပ် ဖဲချပ်ဝေလေ့ရှိ၏။ ကြီးသူကသာ စတင်ခေါ်ရလေ့ရှိ၏။

စွန်ရဲမတို့က မဆိုးပေ။ သူမတို့က ပိုင်မှ လိုက်မည့်သူများတည်း။ တစ်ချပ်လောက် လိုက်လိုက် သူမတို့လိုချင်သည့် ဖဲချပ်မဝင်သဖြင့် မလိုက်ဘဲ မှောက်လိုက်သည်က များနေပြီး ငွေတိုကင်ပြားလေးများ တတိတိ လျော့နည်းလာလျက်ရှိတော့၏။ အနိမ့်ဆုံးတိုကင်ပြားက ဒေါ်လာ (၅၀၀၀) ရှိ၏။ တစ်သောင်းတန် တိုကင်ပြားသာ လဲလှယ်ပေးထားပါသည်။ ဒီပရစ်တိုက ပါတ္တရင်ပါပေ။ သူ့ရှေ့မှောက်တွင် တိုကင်ငွေပုံကြီး ကြီးသထက်ကြီးလာနေ၏။

တစ်နာရီပြည့်ခါနီးအချိန်တွင်တော့ စွန်ရဲမတို့ စွန့်စားပါတော့သည်။ အလကားရသည့်ငွေများမို့ ကုန်သွားလည်း နမြောစရာမရှိပါချေ။ သူတို့ လိုအပ်သည်က ပစ်မှတ် ဒီပရစ်တိုပါပေ။ သူနှင့် ရင်းနှီးကျွမ်းဝင်ဖို့ အခွင့် ဆောင်လာ။ ဒီပရစ်တိုက တစ်ဖဲချပ်ကျ၍ စတင်ခေါ်သည်။ သူက ငွေပုံကြီး



www.burmeseclassic.com

www.burmeseclassic.com



ဟီးနေသူမို့ အနိုင်နှင့်ကစားသူမို့ တစ်သောင်းတန် တိုကင်ပြားဖြင့် စတင်ခေါ်လိုက်၏။ စွန်ရဲမတို့ကလည်း ဆယ်ပွင့်ဖဲချပ်နှင့် လိုက်ခဲ့၏။ အားလုံး လိုက်ကြ၏။ သူတို့၏ အောက်က မှောက်ဖဲက ဘာဆိုသည်ကိုမသိနိုင်ပါချေ။

နောက်တစ်ချပ်တွင်လည်း ဆယ်ပွင့်ဖဲကျသမို့ စွန်ရဲမတို့ ပြုံးပျော်လာ၏။ မျက်နှာရိပ် မျက်နှာကဲ မပေါ်လွင်အောင် မနည်းထိန်းနေကြရင်း အောက်မှောက်ထားသည့် ဖဲချပ်မှာလည်း ဆယ်ပွင့်ဖဲပေတည်း။ ဆယ်သုံးချပ် (Tri) ဖြစ်နေသလို ဒီပရစ်တိုကလည်း တစ်ဖဲ ထပ်မံကျသဖြင့် တစ်ပွးဖြစ်နေပြီ။ အောက်က မှောက်ဖဲက တစ်ဖဲချပ်ဆိုပါက သူလည်း တစ်သုံးလုံး ပါပေ။

ဒီပရစ်တိုက ဆက်ခေါ်ရမည်။ ရှိသမျှ ပုံအောလိုက်ရာ စွန်ရဲမတို့ အခက်တွေ့ရပါတော့သည်။ လိုက်သင့် မလိုက်သင့် ချီတုံချတုံဖြစ်ကြရ၏။ မထူးတော့ပါ။ ရေကုန်ရေခန်းပါပေ၊ ပွဲချိန်ကလည်း စေ့တော့မည်ပေ၊ ဒီပရစ်တိုက ပြုံးပြခဲ့၏။ သဘောက ငါ မင်းတို့လေးတွေကို သနားလိုက်တာဟူ၍ပင်။ နောက်ဆုံးတွင် ဖဲနှစ်ချပ် အပြီးဝေခဲ့၏။ လှန်လိုက်သောအခါ စွန်ရဲမတို့က ဆယ့်တစ်ပြားနှင့် ကင်းနှစ်ချပ်၊ ဒီပရစ်တိုကလည်း နောက်ထပ် တစ်လုံးနှင့် ကွင်းဖဲချပ်ကျ၏။

"ကဲ . . . မိန်းကလေး တို့အမြင်နိုင်ရဲ့လား"

အမြင်တစ်သုံးနှင့် ဆယ်သုံးလုံးမို့ ဒီပရစ်တိုက မေးလိုက်၏။ သူမတို့က အောက်ဖဲကို လှန်ပြလိုက်ရာ "ဟာ" "ဟယ်" "ဆယ်လေးလုံးပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဓါတစ်ထပ်လုံးတွင် လေးလုံးစီသာပါရှိရာ အစုလေးလုံးစလုံး ကျသဖြင့် ဒီပ ရစ်တို အနိုင်ရရှိရန်မှာ တစ်လေးလုံးသာ ရှိတော့၏။

"ဟား . . . ဟား . . . ငါ ရှုံးသွားပြီပဲ။ တော်တယ်ကွာ"

စွန်ရဲမတို့ ဝမ်းသာသွားရ၏။ တိုကင်ပုံကြီးကို သူမတို့ဘက် ဆွဲယူ ငင်လိုက်ပါသည်။ ဒီပရစ်တိုက . . .

"မင်းတို့အတွက် ငါ လက်ဆောင်ပေးတာပါကွာ။ ရော့ . . . ငါ့ရဲ့ အောက်က မှောက်ဖဲချပ်"

သူမတို့ကြည့်လိုက်ရာ တစ်ဖဲချပ်မဟုတ်ပါလား။ ဟုတ်နေသည်။ အမှန်က သူမတို့ ရှုံးပါသည်။ ဒီပရစ်တိုက တစ်လေးလုံးနှင့် နိုင်သူတည်း။

"ကဲ . . . ခဏလောက် ငါနဲ့ စကားဆိုကြစို့ရဲ့"

"ဟုတ်ကဲ့ရှင့်"

"သည်လိုကွ . . . ငါနဲ့ မင်းတို့လိုက်ခဲ့ပါလား။ မြို့စားကျွန်းကြီးတို့ရဲ့ အဲဒီညမှာက တကယ့် ဒိတ်ဒိတ်ကြဲ သူဌေးကြီးတွေပဲ လာကြတာတွေ သိလား။ အဲသည်ကို သွားချင်တိုင်း သွားလို့ရတာ မဟုတ်ဘူး။ သူတို့ရဲ့ အသင်းသူအသင်းသားတွေပဲ လက်ခံတာပေါ့။ အဲသည်မှာ လိုလေသေးမရှိ အောင် လိုအပ်တာမှန်သမျှ ရယူနိုင်တယ်ကွယ့်။ ဖဲဝိုင်းကြီးတွေ သန်းနဲ့ချီပြီး ကစားကြတာနော်။ ရေကူးမလား၊ ငါးမျှား အပျော်ပင်လယ်မြင် ထွက်မလား။ သာမဆိုဖြစ်တယ်ကွယ့်"

"ဟင် . . . တကယ် ပျော်စရာကြီးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် မင်းတို့လေးတွေကို ငါ ခေါ်သွားမယ် လိုက်ကြမလား"

"ဟာ . . . လိုက်မှာပေါ့။ ဒါပေမဲ့ . . . ဟွန့်"

"ဘာဖြစ်ပြန်တာလဲ"

"ဟိုလေ . . . ဦးရဲ့မဒီကညာတွေပါ ပါမှာဆိုတော့"

"အိုး . . . ဟိုး . . . ဒါလား။ မစိုးရိမ်နဲ့။ မင်းတို့သာ လိုက်မယ်ဆိုရင် ဘယ်ခေါ်ပါ့မလဲကွယ်"

"တကယ်နော်။ ဒါဆို လိုက်မယ်"

"အေး . . . လိုက်မယ်ဆို မင်းတို့အတွက် ကြိုတင်အကြောင်းကြား ရမှာကွယ့်။ ကိစ္စမရှိပါဘူး။ မင်းတို့ဓာတ်ပုံတွေ ငါ ရိုက်ထားပါတယ်။ နာမည် သာ ပြောပြပါလား"

"ကျွန်မက ဟုန်မေနီ ပောင်ကောင်သူပါ။ သူက မနီလာမြို့သူ ခရစ် တီးနားပါပဲ။ ကျွန်မတို့နှစ်ယောက်က အမေရိကားမှာ ကျောင်းအတူတူတက် ကြတာ။ အခန်းအတူနေခဲ့ကြတာ။ ကျောင်းပြီးလို့ လိုက်လည်တာရှင့်"

"ကောင်းတာပေါ့ကွယ်။ ဘယ်လိုမှ မရောက်နိုင်တဲ့ မြို့စားကျွန်းကို မင်းတို့ ရောက်ကြရတော့မှာပါ"

"ဘယ်တော့သွားကြမှာလဲရှင့်"

"အခုလာမည့်ဗုဒ္ဓဟူးနေ့ကွယ့်။ သူတို့ဆီက မော်တော်ဘုတ် လာ ကြိုမှာကွယ့်။ မင်းတို့တည်းခိုခန်းကို မနက်ဖြန် ငါလာခဲ့မယ်လေ။ ဘယ်လို လဲ။ ကြိုတင်စရန်သက်တဲ့သဘောလေ"



www.burmeseclassic.com

www.burmeseclassic.com



"အို . . . တော်တော်တတ်တဲ့သူပါလား . . . ဟွန့်"

"ဟဲ . . . ဟဲ . . . အဲသည်အမူအရာလေးကိုက ချစ်စရာကောင်းပါလား"

"ပိုပြီနော်"

"ကဲ . . . လာခဲ့မယ်။ အင်း . . . ညဥ့် (၉) နာရီလောက် လာခဲ့မယ် ဟုတ်လား"

"စောင့်ကြိုနေပါ့မယ်ရှင့်"

"ကဲ . . . ကဲ . . . ကောင်းသောညပါပဲ။ မနက်ဖြန် တစ်နေကုန် လိုချင်တာတွေ လျှောက်ဝယ်ကြပေါ့ကွယ်။ သွားပြီ"

"ဆီးယူတူမောရိုး"

စွန်ရဲမတို့နှစ်ယောက်လည်း နိုက်ကလပ်အတွင်းမှ ထွက်လာခဲ့ကြ၏။ သူမတို့နောက်မှ နောက်ယောင်ခံလိုက်လာသော ကားတွေ့သဖြင့် မောင်မောင်တို့နှင့် အဆက်အသွယ်မပြုဘဲ ဗွီဒီယိုကင်မရာထဲကနေ မောင်မောင်တို့ ကြည့်နေမည်မို့ နောက်သို့ လက်ညှိုးထိုးပြသလိုက်၏။ သူမတို့က တည်းခိုခန်းကိုသာ ပြန်ခဲ့ကြတော့၏။ အားပါး အချိန်ကလည်း ညဥ့်သန်းခေါင်အချိန် ရောက်နေပါပေါ့လား။

သို့သော်လည်း သူမတို့ မေးစက်အိပ်ဖို့ အချိန်မရသေးချေ။ မောင်မောင်တို့ထံ သူမတို့ ပြန်သွားရောက်တွေ့ဆုံ သတင်းပို့ရမည်ဖြစ်၏။ မောင်မောင့်အတွက် အချိန်မရှိတော့ပါ။ ရုပ်ပြောင်းရုပ်လွှဲ ဒီပလိုစ်တို့၏ အသွင်

www.burmeseclassic.com



ပြောင်းရဦးမည်ပေ။ မနက်ဖြန် ည (၉) နာရီ ဒီပရစ်တို တည်းခိုခန်းရောက် လာမည်မို့ အချိန်လုကာ ရုပ်ပြောင်းရမည်ဖြစ်၏။ စွန်ရဲမနှင့် သိန်းငှက်မ က ကိုယ်တိုင် ဒီပရစ်တိုနှင့် ဆုံခဲ့ကြသည်မို့ ရုပ်ပြောင်းလွဲရာတွင် လိုအ တာများကို ပြောပြနိုင်မည်ဖြစ်၍ တည်းခိုခန်းရောက်သည်နှင့် မောင်မောင်ထံ ဆက်သွယ်သတင်းပို့လိုက်၏။ ဌာနမှ အယောင်ဆောင် အငှားကား ကြိုမည့်မောင်းသူမှာလည်း ရဲတပ်ဖွဲ့ဝင်တစ်ဦးပါပေ။

■

www.burmeseclassic.com

www.burmeseclassic.com

# ဒီပရစ်တို့မျက်နှာနှင့်လူ

ဖိလစ်ပိုင်နိုင်ငံရှိ အေရှာပို ဌာနခွဲတွင် အရေးပေါ်အထူးခွဲစိတ်ကု ဆရာဝန်ကြီးများအပြင် ခွဲစိတ်ခံမည့် လူနာလည်း အဆင်သင့် ခွဲစိတ်ခုတင် ပေါ်တွင် လဲလျောင်းနေပြီဖြစ်၏။ သူ့အား ခွဲစိတ်ရာ၌ ပလပ်ဆာဂျီရီ (Plastic Sergery)နည်းဖြင့် ပြုလုပ်ကြမည်ပေ။ မျက်နှာပြင်ပုံစံတူအား ကွန်ပျူတာ နက်ဝ့ပ် (Computer Network) ဖြင့် ပုံစံဖော်ကြရ၏။

မျက်နှာပုံတူ ပုံစံပေါ်ပေါက်လာသည်နှင့် နောက်တစ်ယောက်၏ မျက်နှာသွင်ပြင်အနေအထားကို ကွန်ပျူတာပေါ်သို့ တင်ကြပြန်သည်။ ထို မျက်နှာကား ပထမပုံစံ မျက်နှာသွင်ပြင်သို့ အသွင်ပြောင်းလဲမည့်သူတည်း။ အခြားတော့မဟုတ် ဒီပရစ်တို့၏ မျက်နှာသွင်ပြင်အား ပုံစံထုတ်ပြီး ဆင်ရိုင်းမောင်မောင်၏ မျက်နှာပြင်ပေါ်တွင် တပ်ဆင်ပြောင်းလဲရန်ဖြစ်


www.burmeseclassic.com

www.burmeseclassic.com



ပေသည်။

ဦးစွာ ဒီပရစ်တို၏ မျက်နှာပုံစံကို ဆင်ရိုင်းမောင်မောင်၏ မျက်နှာပုံစံပေါ်သို့ တစ်ထပ်တည်း ကျစေရန် အသေးစိတ် အနုစိတ် ကွန်ပျူတာနှင့် တိုင်းတာရ၏။ ကွာခြားချက်နည်းနိုင်သမျှ နည်းစေအောင် ဂရုစိုက်ရ၏။ လိုအပ်သည့်နေရာတွင် ပလတ်စတစ်ဆာဂျရီဖြင့် ခွဲစိတ်ကာ ဖြည့်တင်းရပေမည်။ အဓိကအစိတ်အပိုင်းက မေးရိုးအကျပါပေ။

တချို့က လေးထောင့်စပ်မေးရိုးရှိပြီး တချို့ကတော့ မေးရိုးပြေပြစ်ကာ ရှိ၏။ ကံကောင်းပါသည်။ မေးရိုးအကျချင်း ကွာခြားချက်သိပ်မတွေ့ရှိပါချေ။ မေးရိုးပြီးတော့ နှာခေါင်းပုံစံတွက်ချက်ရပြန်သည်။ ဒီပရစ်တိုက နှာခေါင်းအနည်းငယ် ပွရောင်းရောင်းရှိသည်မို့ နှာခေါင်းနေရာတွင် စီလီကွန် (Silicon) ပလတ်စတစ်ပို၍ ဖို့ရမည်ဖြစ်၏။

နားရွက်မှာ ဆင်ရိုင်းမောင်မောင်က အနည်းငယ်ကားနေသဖြင့် နည်းနည်းပူးကပ်စေရန် အသားစိုင်အား တွဲချုပ်ရ၏။ မျက်လုံးပေါက်သူငယ်အိမ်မှာ မသိမသာ ကွာခြားသဖြင့် ပလတ်စတစ်ဆာဂျရီနည်းဖြင့် ပြုရပြန်သည်။ မျက်နှာပုံစံတစ်ထပ်တည်း ကျသွားသည့်အခါတွင်တော့ ဒီပရစ်တို၏ မျက်နှာဖုံးရော်ဘာစွပ်ပြုရန် ပေါင်းတင်ကာ ထုတ်လုပ်ရ၏။ အလွန်ပါးလွှာသောကြောင့် မီးအပူရှိန်ပေးရာတွင် အထူးဂရုစိုက်ကြရ၏။ မျက်နှာဖုံးစွပ်အား သုံးခုလောက် ထုတ်လုပ်ထားရ၏။ ထိုမျက်နှာဖုံးရရှိသည်နှင့် မောင်မောင်၏ မျက်နှာပေါ်တွင် စွပ်ချလိုက်ကာ တစ်ထပ်တည်းကျစေအောင် ဖွပ်ရပြီး



www.burmeseclassic.com

www.burmeseclassic.com


အတွင်းဆံပင်များထဲ ချုပ်ရိုးပျောက်ချုပ်ကြရပြန်သည်၊ မျက်နှာဖုံးစွပ်ပြီးချိန်
တွင်လည်း ကွန်ပျူတာဖြင့် ချိန်ကိုက်ကြည့်ရပြန်သည်။

ဒီပရစ်တိုနှင့်တူမတူ ပြန်ကြည့်ကြရ၏။ တစ်ထပ်တည်းနီးပါးရှိ
သဖြင့် အောင်မြင်စွာ ခွဲစိတ်မှုဟု ခေါ်နိုင်သည်။ ဆံပင်ပုံစံမှာလည်း အနည်
ငယ်ခွေကောက်ကျသဖြင့် ဆံပင်ပြင်ဆင်သူ (Hair Dressing) က ဆင်
လက်တူစေရန် ပြုလုပ်ပြန်သည်။ ယခုတော့ မောင်မောင်ဟု မြင်သူမှတ်
မည်မဟုတ်တော့ဘဲ ဒီပရစ်တိုဟုသာ ထင်မှတ်ကြပေတော့မည်။

ဗုဒ္ဓဟူးနေ့ ည (၉) နာရီခန့်တွင် လူကုံထံများသာ စီးနင်းနိုင်သည်
ရှိုင်လက်(စ်)ကားကြီးတစ်စီး စွန်ရဲမတို့ တည်းခိုခန်းရှေ့သို့ ထိုးဆိုက်ရောက်
လာခဲ့၏။ ချိန်းဆိုချက်အရ သူဌေးကြီး ဒီပရစ်တို ရောက်ရှိလာခဲ့ပြီဖြစ်
ဒုစရိုက်သမားတို့သည်လည်း အချိန်ကို လေးစားကြရပေသည်၊ အချိန်
အတိမ်းအစောင်းကြောင့် ရဲတပ်ဖွဲ့က ရိပ်စားမိကြကာ အဖမ်းအဆီး အဝ
အဆေးများ ကြုံတွေ့ရတတ်ပေသည်။

တည်းခိုခန်း၏ဧည့်ခန်းတွင် ခေတ္တစောင့်ဆိုင်းခိုင်းပြီး စွန်ရဲမတ
အခန်းသို့ မန်နေဂျာက ဧည့်သည်တော်ရောက်ရှိနေကြောင်း ဖုန်းဖြင့်
အကြောင်းကြားခဲ့သဖြင့် စွန်ရဲမနှင့် သိန်းငှက်မတို့ ဧည့်ခန်းရှိရာသို့ အပြေ
အလွှားလေး ရောက်ရှိလာကြ၏။ သူမတို့ကို ဆန့်ကျင်ဘက်သော
များ မြင်တွေ့ပါက ရာဂစိတ် ချက်ချင်းနိုးဆွသလိုဖြစ်မည်ပေ။

သူမတို့သည် ညဥ့်အိပ်ဝတ်ဆင်သော ပါးလွှာသည့်ဂါဝန်ရှည်များ


www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်ထားပြီး အပေါ်ပိုင်းရင်အုံပိုင်းသည် အခုအခံမရှိပါချေ။ အောက်ပိုင်းတွင်တော့ အတွင်းခံဘောင်းဘီတို့အား အတိုင်းသား တွေ့မြင်ရ၏။ သူမတို့က တမင်မြူစွယ်အကွက်ဆင်ခြင်း မဟုတ်ပါလား။ မခံနိုင်ပါ။ ပုရိသယောကျ်ားသား ဒီပရစ်တိုမှာ စကားပင်မပြောနိုင်ဘဲ ငေးမောစွာ စိုက်ကြည့်နေမိပါတော့သည်။

"အို . . . ဘာလို့ သည်လောက်တောင် စိုက်ကြည့်နေရတာလဲလို့"

"လာလေ . . . အပေါ်ထပ်အခန်းမှာ မာတီနီအရက်ကော အဆင်သင့်ပဲရှင်ရဲ့"

ဒီပရစ်တိုက ပြုံးပြုံး ပြုံးပြုံးဖြင့် သူမတို့နှစ်ယောက်ကြားမှာ အမြန်အလှန် ဖက်တွယ်ရင်း အပေါ်ထပ်သို့အတူလိုက်ပါသွားပါတော့သည်။ အပေါ်ခန်းရောက်တော့ သူမတို့က ဒီပရစ်တိုနှင့် ပူးပူးကပ်ကပ်နေကာ အရက်ခွက်တစ်ယောက်က ကမ်းပေး တစ်ယောက်က စပျစ်သီးအလုံးလေးတွေ ခွံကာခွံ့လို့ တကျွန်ထဲသို့ ဒီပရစ်တိုဆိုသူအား နှစ်မြောမိန်းမောစေတော့၏။

"ကား ဘယ်အချိန် လာကြိုဖို့ မှာထားလဲဟင်"

"နံနက်လေးနာရီမှပါ။ လုံလောက်အောင်လို့ . . . ဟဲ . . . ဟဲ"

"ဟွန့်နော် . . . ဘယ်သူနဲ့အိပ်မှာလဲလို့"

"နှစ်ယောက်စလုံးနဲ့ပေ့ါ"

"ဒါထက် မနက်ဖြန် ဘယ်အချိန် မြို့စားကျွန်းက မော်တော်လာကြိုမှာလဲရှင့်"



www.burmeseclassic.com

www.burmeseclassic.com


"ညနေ ရေတက်ချိန်မှာ၊ အင်း . . . . (၃) နာရီခွဲလောက်လေ"

"ဒါဆို ကျွန်မတို့ကို ဘယ်အချိန်လာခေါ်မှာလဲလို့"

"ကိုယ့်ရဲ့ကားကို (၂)နာရီလောက်မှာ လွှတ်လိုက်မှာပေါ့ကွယ်"

"ဒါဆိုလည်း ပြီးရော၊ ရော့ . . . အရက် သိပ်များသွားလားဟင်"

"ရပါတယ်။ ကိုယ်က သောက်မမူးတဲ့မောင်ပါ . . . ဟဲ . . . ဟဲ"

ထိုစဉ် အဝတ်ဗီရိုထဲကနေ ဒီပရစ်တိုတစ်ယောက် ထွက်ပေ

လာခဲ့သည်။

"ဟင် . . . မင်း . . . မင်း"

"အားတော့နာပါတယ်။ ခေတ္တတော့ အိပ်လိုက်ဦးဗျာ"

"ဖောက် . . . ဖောက်"

မေ့ဆေးသေနတ်ဖြင့် နလုံးသားတည့်တည့်နှင့် နဖူးသို့ ချိန်ရွယ်ပ

လိုက်သဖြင့် စက္ကန့်ပိုင်းအတွင်း မေ့မျောကာ လဲကျသွားပါတော့သတည်း

စွန်ရဲမနှင့် သိန်းငှက်မတို့မှာလည်း ထူထူထဲထဲအဝတ်များ အခေါ်

ဝတ်ဆင်လိုက်ချိန်တွင်တော့ ဆင်ရိုင်းမောင်မောင်ကတော့ ဒီပရစ်တိုနှ

အလုပ်ရှုပ်နေရ၏။ ဒီပရစ်တိုဝတ်ဆင်ထားသည့် အဝတ်အစားများ အား

ချွတ်ရ၏။ အတွင်းခံဘောင်းဘီပင် မကျန်စေရပါချေ။ ရေချိုးခန်းသို့ ဆွဲ

တာ ပြုလုပ်ရ၏။

မိမိ၏အဝတ်အစားများကိုတော့ ဒီပရစ်တိုထံ ဝတ်ဆင်ပေးရသည်

အားလုံးပြီးစီးသည်နှင့် ဒီပရစ်တိုအား လာရောက်ခေါ်ဆောင်ရန် ရဲတပ်ဖွဲ့


www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားလိုက်ရ၏။ ဒီပရစ်တိုကိုယ်ပေါ်မှ တွေ့ရှိသော ကွန်ပျူတာ ချပ်(စ်) (Chip) လေးပါ စစ်ဆေးရန် ပေးလိုက်သည်။ မိမိတို့က အခန်းထဲတွင် လေးနာရီမထိုးမချင်း ထိုင်စောင့်နေရုံပါပေ။

သိပ်မကြာပါချေ။ ရဲတပ်ဖွဲ့မှ ကွန်ပျူတာ ချပ် (Chip) နှင့်အတူ ကူးထုတ်ထားသည့် စာရင်းစာရွက်လေးရွက်ပါ လာရောက်ပေးပို့ခဲ့၏။ ထိုစာရင်းစာရွက်ကား မူးယစ်ဆေးဝါး (ဘိန်းဖြူ)များအား သစ်သီးတင်သင်္ဘောပေါ်သို့ တင်ပို့သည့် အလေးချိန်အရေအတွက်များအပြင် ဆက်လက်တင်ပို့ပေးရမည့် သင်္ဘောစာရင်းနှင့် ဆိပ်ကမ်းမြို့များ မူးယစ်ဆေးဝါးဂိုဏ်းခွဲများ၏ လိပ်စာအမည်စာရင်းများပါ ပါရှိနေသဖြင့် အကျိုးများစွာ ထွက်ရှိတော့သည်။

ဒီပရစ်တိုအား မူးယစ်ဆေးဝါးရောင်းဝယ်ဖြန့်ချိမှုဖြင့် တရားစွဲဆိုနိုင်ပြီလေ။ မောင်မောင်တို့ မြို့စားကျွန်းသို့ ရောက်ရှိနေစဉ် ဒီပရစ်တိုအဖွဲ့အား ဇီလစ်ပိုင်ရဲတပ်ဖွဲ့က ဝင်ရောက်ရှာဖွေဖမ်းဆီးကြမည်ဖြစ်၏။ ကျန်နေရာဒေသများအား မဖမ်းဆီးရသေးဘဲ မူးယစ်ဆေးဝါးတင်ဆောင်မည့် သင်္ဘောများအား မောင်မောင်တို့ကပါ ဒီပရစ်တိုဟန်ဆောင်ပြီး ဖော်ထုတ်အရေးယူဆောင်ရွက်ကြမည် ဖြစ်၏။

နံနက်လေးနာရီခန့်တွင်တော့ ဒီပရစ်တိုမျက်နှာနှင့်လူ မောင်မောင်တစ်ယောက် အဖိုးတန် ဖိမ်ခံကားကြီးဖြင့် လိုက်ပါသွားပါတော့သည်။ ပင်န်း၌ မှိန်းသယောင်ဖြင့် စကားမဆိုဘဲ လိုက်ခဲ့သည်မို့ အဆင်ပြေ၏။ မောင်းသူတလည်း သူ့ဆရာ မြှာပွေသူမှန်းသိသဖြင့် အနှောင့်အယှက်မပြုပါချေ။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်အား ခမ်းနားသည့်တိုက်တာနှစ်ထပ်၏ ဆင်ဝင်တံခါး ပေါက်သို့ ပို့ဆောင်ပေးခဲ့သည်။ အတွင်းသို့ရောက်ရန် ဂိတ်နှစ်ထပ်ပင် ဖြတ် သန်းခဲ့ရ၏။. မောင်မောင်က စီးကရက်ဆို သောက်သူဖြစ်၍ ဒီပရစ်တိုက သောက်သဖြင့် မောင်မောင့်အတွက် သောက်ရသည်မှာ ပေါ့နေ၏။ မတတ် နိုင်ချေ။

ခပ်တည်တည်ဖြင့် အခန်းထဲသို့ ဝင်ရောက်လာခဲ့၏။ ဧည့်ခန်းမကြီး က ခမ်းနားထည်ဝါစွာရှိ၏။ သူက အပေါ်ထပ်တက်သည့် လှေကားပေါ်တက် နေပြုံစဉ် မိန်းမချောတစ်ယောက်က ဆင်းလာနေသည်။ ဒီပရစ်တိုနှင့်အတူ နောက်ကလပ်သို့ လိုက်ပါလာသည့် မချောတစ်ယောက်မှန်း မောင်မောင် သိ လိုက်မိသဖြင့် ပြုံးပြကာ . . .

"မင်း မအိပ်သေးဘူးလားကွ"

"တစ်ရေးနိုးလာတာပါ။ ရှင်ကော တော်တော်ပျော်ခဲ့ရဲ့လား"

"ဒါတော့ကွာ . . . မင်းသိသားနဲ့ . . . ဟဲ . . . ဟဲ"

"ရှင့်အပြုအမူတွေ ပြောင်းလဲဖို့ကောင်းနေပြီရှင့်။ အသက်အရွယ် ရလာပြီပဲ။ သားသမီးတွေ ယူဖို့ စဉ်းစားသင့်ပြီ . . . သိလား"

"အေးပါကွာ။ အခုဟာက ကလေးတစ်ယောက်လို အရုပ်သစ်ရတဲ့ အခါ ပျော်ရွှင်နေတဲ့သဘောပါပဲ။ ရိုးသွားရင် ပြီးပြီပေါ့ကွာ"

"ကျွန်မတော့ ကလေးယူချင်ပြီ သိလား"

"အေးပါကွာ . . . ဒါပဲလား။ ငါ အိပ်ချင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်။ ကျွန်မက အလုပ်ကိစ္စပြောမလို့ပါရှင်"

"ပြောကွာ။ ငါ့အိပ်ခန်းထဲကျမှ ပြောကွာ။ အဝတ်အစားလဲချင်နေပြီ

ဟူး"

သူမက ရှေ့က ဦးဆောင်ခဲ့၍ တော်သေး၏။ နို့မို့ဆို မောင်မော

အခန်းရှာဖွေဖို့ အခက်အခဲများရှိမည်ပေ။ မောင်မောင့်အခန်းထဲ ရောက်သည

အခါ သူမကပင် အပေါ်ကုတ်အင်္ကျီတို့ပါ ချွတ်ပေးခဲ့ပြီး ညဝတ်စုံပါ လဲဖို့ ရှ

လာပေးခဲ့၏။ မောင်မောင်သည်လည်း ခပ်တည်တည် သူမရှေ့တွင် လဲလှ

ပြီး အိပ်သာရေချိုးခန်းသို့ဝင်ကာ ရေချိုး၏။ အိပ်ခါနီးမို့လည်း သွားပါတိုက

ရ၏။ ပြန်ထွက်လာသည့်အခါ သူမက အလိုက်သိစွာ မာတီနီအရက်ခွက်အ

ကမ်းပေးပြီး . . .

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၇ )

"ခေါင်းဆောင်ကြီးဆီက အီးမဲလ် (E-mail) ဝင်လာတယ်ရှင့်"

"ဟေ . . . ဘာ . . . ဘာတဲ့တုန်း"

"ကျွန်မတို့မှာထားတဲ့ပစ္စည်းတွေ မရနိုင်သေးဘူးတဲ့"

"ဟာ . . . ခက်ပါရောလား။ ဘာဖြစ်လို့ မရနိုင်ရတာလဲ"

"ဆင်ရိုင်းတစ်ကောင် ရန်ကုန်က ရောင်နီဦးမှာ ဝင်မွှေသွားလို့ ပစ္စည်းတွေ ဆုံးရှုံးရလို့တဲ့ရှင့်၊ အဲဒါ ရှိတာနဲ့ပဲ ဆက်လုပ်နေပါတဲ့"

"ဒါဆို ခေါင်းဆောင်ကြီးရှိတဲ့ မြို့စားကျွန်းကိုသွားဖို့ မလိုတော့ဘူးပေါ့"

"လိုတယ် . . . အစီအစဉ် မပြောင်းဘူး။ အခုတလော အဲဒီ ဆင်ရိုင်းဆိုတဲ့သူက အတော်တော်တဲ့ အေရှာပို ရဲ့အရာရှိတစ်ယောက်ဆိုပဲ ဗိုက်ကြီးက အဆက်အသွယ် လိပ်စာတွေ သိမ်းပေါ့ရော့လို့ ပါသွားတယ်တဲ့"

www.burmeseclassic.com



"ဟာကွာ . . . တော်တော်အသုံးမကျတဲ့သူပဲကွာ"

"အဲဒါကြောင့် သူ့ဆီကို ဂိုဏ်းခွဲခေါင်းဆောင်တွေ လာရောက်ကြဖို့ လိုတယ်တဲ့။ ရှေ့ဆက်လှုပ်ရှားဖို့ အစီအစဉ်တွေ လုပ်ဆောင်ဖို့တဲ့ရှင့်"

"တောက် . . . ပျော့ပါးရမလားလို့ အခုတော့ကွာ"

"ဒါတော့ ဘယ်တတ်နိုင်မှာလဲရှင့်။ ကဲ . . . အိပ်တော့ ဒါလင်"

"အင်း . . . ငါ့ကို တစ်ခွက်လောက် ထည့်ပေးပါဦး အချစ်ရယ်"

သူမက သက်ပြင်းမောတစ်ချက် ချလိုက်ကာ အရက်ခွက်အသင့် ထပ်မံထည့်နေခဲ့စဉ် ဒန်းဟဲလ်းစီးကရက်ကို အငွေ့တထောင်းထောင်း ထ မတတ် ဖွာရှိုက်နေတော့သည်။

"သိပ်လည်းစဉ်းစားမနေနဲ့ ရှင်ရဲ့၊ ကျွန်မတို့ဘက်က တာဝန်ကျေပွန် တာပဲဟာ။ အဲသည်သိခ်က တန်ဆာခံ ရဲအရာရှိမတစ်ယောက်ကိုတောင် ဖမ်းဆီးလာခဲ့သေးတယ်တဲ့၊ ပျားအုံကို တုတ်နဲ့ထိုးမိသလို ဖြစ်နေပြီတဲ့ရှင့်"

"တော်တော်ဦးနှောက်နည်းပါးတဲ့သူပဲ"

"ဟုတ်ပ။ ကဲ . . . ကျွန်မ သွားတော့မယ်"

"ရွှတ်"

သူမက နှုတ်ဆက်အနမ်းလေးတစ်ပွင့် ခြွေထားခဲ့ပါသေး၏။ မောင်မောင် အတွေးထဲမှာတော့ သူတို့ ကျားရဲတွင်းဝင်ရောက်မည့် စစ်ဆင်ရေး ပေါ်လို့မရ၊ အထူးဂရုစိုက်လုပ်ဆောင်ရမည်ဟု တွေးမိ၏။

ဒီပရစ်တိုမျက်နှာနှင့် မောင်မောင်က နံနက်ရောက်သည်နှင့် ဒီပ



www.burmeseclassic.com

www.burmeseclassic.com



တို၏ စခန်းအခြေအနေကို လေ့လာကာ ပါလာသည့် လျှို့ဝှက်ကင်မရာဖြင့် ဓာတ်ပုံများ ရိုက်ယူ၏။ ညတုန်းက မဒီပညာကား ဒီပရစ်တို၏ ဇနီးမယား တစ်ယောက်ဖြစ်ပြီး ဘရောနီကာဖြစ်ပြီး သူမက ဒီပရစ်တို၏ လုပ်ငန်းများကို ဒီပရစ်တိုမရှိပါက ဦးစီးဆောင်ရွက်နေသူပါပေ။

မောင်မောင်က သူမကို ခေါ်ပြီး မူးယစ်ဆေးဝါးလက်ကျန် မည်မျှ ရှိသေးသည်ကို သွားရောက်ကြည့်ရှုကြ၏။ သူတို့အကြားကား ပိုင်ပါပေ့၊ ပလတ်စတစ်ဖြင့် ပြုလုပ်ထားသော ငှက်ပျောသီး၊ ပန်းသီး၊ လိမ္မော်သီး စသည်တို့တွင် ဘိန်းဖြူနှင့် စိတ်ကြွဆေးပြားများ ထည့်သွင်းကာ နိုင်ငံအနှံ့ ဖြန့်ဖြူးနေကြောင်း တွေ့မြင်ရတော့၏။

အတော်ပင် ပိရိစွာ ဖြန့်ဖြူးမှုပါပေ။ ထိုပလတ်စတစ်နှင့် သစ်သီးများ ထဲတွင် မူးယစ်ဆေးဝါး ဘိန်းဖြူအား ငှက်ပျောသီးအိမ်ထဲတွင် ထည့်နေကြပြီး အသီးတိုင်းကို ပလတ်စတစ်အကြည်အုပ်လိုက်၏။ သာမန်ငှက်ပျောသီးများ ကိုလည်း ထိုသို့ပင် ပြုလုပ်ကာ သေတ္တာများထဲ ထည့်ရ၏။ ရောနှောထည့် ထားသော်လည်း အသီးအစစ်နှင့် မူးယစ်ဆေးဝါးပါအတုကို ခွဲခြားနိုင်သည် က ဒီမွန်ဒီးအမှတ်တံဆိပ် အရောင်ပါပေ။

ပန်းသီးနှင့် လိမ္မော်သီးထဲတွင်တော့ စိတ်ကြွဆေးပြားများ ထည့်ကြ ၏။ ခလယ်တွင် ဖွင့်နိုင်ပိတ်နိုင်အောင် လုပ်ထားပြီး သစ်သီးပေါ်တွင် အမှတ် တံဆိပ် တပ်ကြ၏။ အစစ်နှင့်အတု ရောနှောထားကာ ခြင်း၊ ပလတ်စတစ် များထဲ စနစ်တကျထည့်ကာ သင်္ဘောပေါ် တင်ကြခြင်းပါပေ။ သူတို့က



www.burmeseclassic.com

www.burmeseclassic.com



စံချိန်မီ သစ်သီးများကိုသာ ရွေးချယ်ကာ တင်ပို့ခြင်းဖြစ်၏။

အနာအဆာပါသော သစ်သီးများ၊ မလှပသောအသီးများကို ပယ်ရ၏။ လက်ရွေးစဉ် ကောင်းမွေ လုံးတူညီသော သစ်သီးများကိုသာ စနစ်တကျ ပက်ကင်လုပ်ကြရပေသည်။ အကိုင်းအရွက်အညှာများ မပါအောင်လည်း ဖြတ်လုပ်ကြရသေးသည်။ အတုပလတ်စတစ်အသီးများကိုတော့ သီးသန့်ပြုလုပ်ပြီးမှ အလုပ်သမားများ အစစ်အမှတ် လုပ်ထားခဲ့သော ခြင်းများကို အလုပ်သိမ်းပြီးအခါမှ မူးယစ်ဆေးဝါးဂိုဏ်းသားများက ထည့်သွင်းကြခြင်းတည်း။

အချက်အလက်များကို ဓာတ်ပုံများရိုက်ရ၏။ ဂိုဏ်းအင်အား မည်မျှကိုပါ သတင်းပို့ရမည်ပေ။ မနက်ဖြန်ဆိုပါက မြို့စားကျွန်းသို့ သွားရောက်ရမည်ဖြစ်၏။ ဒီပရစ်တို့၏ နောက်ဇနီးမယားကား ဆိုဇီယိုနီပါပေ။ သူမကတော့ အနေအအေး၏။ အစားအသောက်နှင့် အလှအပကိုသာ မက်မောသူဖြစ်၏။

မောင်မောင်က ကာဒီလက်(စ်)ကားကြီးစီးကာ မြို့ထဲသို့ ထွက်ခဲ့ရပြန်သည်။ စွန်ရဲမတို့ စခန်းချရာ တည်းခိုခန်းသို့ဝင်ပြီး သူရိုက်ကူးထားသည့် လျှို့ဝှက်ကင်မာရာမှ ရှိုပ(စ်)ပြားကို ပေးခဲ့ပြီး အသစ်ပြန်ထည့်ခဲ့၏။ အထက်မှ ညွှန်ကြားချက်ကို ရယူပြီး အီလိုအီလိုဘက်ရှိ သူ့စံအိမ်သို့ပြန်ခဲ့ရ၏။ မပြန်လို့ မဖြစ်ပါချေ။ မနက်ဖြန် မြို့စားကျွန်းကို ခရီးထွက်ရမည်မို့ သူ၏ ဇနီးမယားတို့နှင့် အတူနေပေးရဦးမည် မဟုတ်ပါလား။

နောက်တစ်နေ့ နေ့လယ်စာ စားသောက်ရန်အတွက် အထူးညှိသည့်တော် နှစ်ယောက်ဖြစ်သည့် မြို့စားကျွန်းသို့လိုက်ပါမည့် စွန်ရဲမနှင့်



www.burmeseclassic.com

www.burmeseclassic.com


သိန်းငှက်မတို့အား ခေါ်ဆောင်ရန် သူ၏ကားဖြင့် ယာဉ်မောင်းသမားအား လွှတ်လိုက်ပေသည်။ ဒီပရစ်တို၏ ဇနီးမယားတို့က သူတို့ယောက်ျား မိန်းမ ချုပ်ပွေ့သည်ကို အပြစ်မတင်နိုင်ချေ။ တင်ပါက ဇနီးမယားဘဝကနေ အဝ ပျောက်သွားနိုင်သည် မဟုတ်ပါလား။

တစ်နည်းဆိုရပါက ငွေကြောင့်သာ သူမတို့ဘဝကို ရေစုန်မျောနေကြခြင်းပါပေ။ လူတိုင်း ချမ်းချမ်းသာသာနေထိုင်လိုကြသည် မဟုတ်ပါလား။ မောင်မောင်ကတော့ ရဲဝန်ထမ်းအဖြစ်ကနေ သရုပ်ဆောင်မင်းသားအဖြစ်သို့ ရောက်ရှိပြန်သည်။ သူ့အမှုအရာအပြုံးတွေက ဒီပရစ်တို၏ အမူအရာအကျင့်အတိုင်းတည်း။ ဗွီဒီယိုတိတ်ခွေထဲမှ ဒီပရစ်တိုအားကြည့်ကာ လေ့ကျင့်ခဲ့ရ၏။ ကျင့်ကြံအားထုတ်ကြိုးစားမှုက သရုပ်ပါစွာ ပီပြင်ခြင်းပါပေ။

စွန်ရဲမတို့အား ဒီပရစ်တိုစောင့်ဆိုင်းရာ ထမင်းစားခန်းသို့ လိုက်ပို့ဆောင်ကာ ပြန်သွားကြ၏။ သဏ္ဍာန်လုပ် သရုပ်တူစေရ၏။ ဝမ်းသာအားရ ဖက်လှဲတကင်း သူမတို့အား အနမ်းဖြင့် ကြိုဆိုပါသည်။ သူမတို့ကလည်း အဟင့်ဟင့် ပြုတုတု တီတာစကား ဆိုကာ ရှိတော့သည်။ ဒီပရစ်တို၏ ဇနီးမယားများကတော့ အနားမသီကြပါတော့ချေ။ သူတို့ယောက်ျား ပြုစုဒေါသဖြစ်မှာကို မလိုလားမိကြချေ။

စွန်ရဲမက ဒီပရစ်တိုမျက်နှာနှင့် မောင်မောင့်အား ရင်ခွင်တဲ့ ဆင် ရောက်ကာ တီးတိုးစကား နှစ်ကိုယ်ကြားရုံ ကပ်ကာပြော၏။

"ဆင်ရိုင်း အစီအစဉ်အချို့ ပြောင်းလဲလိုက်ပြီ"


www.burmeseclassic.com

www.burmeseclassic.com



"အို . . . ဟုတ်လား။ ဘယ်လိုတဲ့လဲ"

"သည်နေရာကို ကျွန်မတို့ ထွက်ခွာပြီးတာနှင့် ဝင်ရောက်စီးနင်းမယ်တဲ့"

"အာ . . . ပိုကောင်းတာပေါ့ကွာ။ ကဲ . . . ကဲ . . . စားသောက်ကြစို့"

"အင်း . . . ဟင်း . . . ပင်လယ်အစားအစာတွေ (Sea food) တွေချည်းပါလားရှင့်"

"အပြောင်းအလဲလေးဖြစ်တာပေါ့ ဟုန်မေရဲ့"

"ဟုတ်ပါ့ . . . ပင်လယ်လိပ်သား အကောင်လိုက် ပေါင်းထားတာကွယ့်"

"ဒါက ကျောက်ပုစွန်တွေကို ပါးပါးလှီးပြီး အစိမ်းအတိုင်း သံပုရာရည်ညှစ်ပြီး စားရုံပဲ"

စုံပါသည်။ မေန်းတောင်ဟင်းချိုကအစ ပါဝင်သည်မို့ မြိန်ရှက်စွာစားသောက်ရင်း ဟိုအကြောင်း သည်အကြောင်း ရယ်စရာ မောစရာလေးများ ပြောကာ စားသောက်မှု လက်စသတ်လိုက်ကြပြီး မော်တော်ဘုတ်ဆိုက်မည့် ဆိပ်ကမ်းတွင် အမိုးထီးအောက် ဒရင်းဘတ်များဖြင့် ကိုယ်စီထိုင်ကာ အအေးအဖျော်ယမကာတို့ဖြင့် စည်းစိမ်ခံကာ ပင်လယ်ရှုခင်းကို ကြည့်နေမိ၏။

မကြာပါချေ။ (၃) နာရီထိုးခန့်အချိန်တွင်တော့ မြို့စားကျွန်းမှ လာ

www.burmeseclassic.com



ကြီးသော မော်တော်ဘုတ် ဆိုက်ကပ်လာပါတော့သည်။ မောင်မောင်တို့ သုံးယောက်သား တက်ရောက်ခဲ့ပြီး ဒီပရစ်တို့၏ တပည့်လူမိုက်များက အဝတ်အစား အသုံးအဆောင်အိတ်များကို မော်တော်ဘုတ်ပေါ်မှ သူတို့ထံ ကမ်းလှမ်းပေးကြသည်။

နှစ်ထပ်တိုက် ဝရန်တာမှနေ ဒီပရစ်တို့၏ မယေားသီနှစ်ယောက်က လက်ဝှေ့ယမ်းပြကာ နှုတ်ဆက်ကျန်ရစ်ခဲ့ကြသည်။ မော်တော်ဘုတ်လေးက လျင်မြန်စွာ ရေဟုန်ခွင်း၍ မြို့စားကျွန်းသို့ ရှေးရှုခုတ်မောင်းလျက်ရှိတော့ သည်။ စက်ပူရေလက်ကြားကို ဖြတ်သန်းရမည်ပေ။ စင်္ကာပူနိုင်ငံတွင် ပင်လယ်ကူးသင်္ဘောကြီးများစွာ ကျောက်ချရပ်နားလျှက်ရှိပြီး ဆီဖြည့် ရေဖြည့် ခြင်းနှင့် ရိက္ခာဖြည့်ဆည်းခြင်း (Provisions) များ ပြုလုပ်စမြဲပါပေ။

စင်္ကာပူကျွန်းနိုင်ငံသည် ကျွန်းမြို့အား နိုင်ငံအဖြစ် တည်ဆောက် ထားသဖြင့် ပင်လယ်ကူးသင်္ဘောများ တစ်ပြိုင်နက် အစီး (၄၀၀) ကျော်ဝင် ဆိုက်ကပ်နိုင်သည်။ မောင်မောင်တို့ မော်တော်ဘုတ်လေးသည် ကျောက်ချ ရပ်နားမရသဖြင့် ခရီးသည်သင်္ဘောများ (Passenger Liner Jetty) ဆိုက်ကပ်သည့် ချိန်းဂျက်တီ (Chain Jetty) တွင် ဆိုက်ကပ်စေခဲ့ပါသည်။

ဆိုက်ကပ်ပြီး ဆီဖြည့်ရေဖြည့် လုပ်ကြပြီး စင်္ကာပူနိုင်ငံရှိ နာမည် ဆေးဝါးကိုက်ဟားဝင် ခေါင်းဆောင်ခွဲအား ခေါ်ဆောင်ခြင်းပါပေ။ မောင်မောင်တို့ က စင်္ကာပူနိုင်ငံတွင် ဈေးဝယ်ထွက်ဦးမည်ဟု အကြောင်းပြကာ ဆိပ်ကမ်း ပေါ်သို့ တက်ရောက်ခဲ့ကြ၏။ စင်္ကာပူနိုင်ငံသည် အာကာတ်စွန်မဲ့နိုင်င

www.burmeseclassic.com



ဆိပ်ကမ်း (Duty Free Port) ဖြစ်ပြီး ဈေးဝယ်ရာ အခွန်အကောက် ပေးဆောင်ရခြင်းမရှိသဖြင့် ဈေးနှုန်းသက်သာပါသည်။ ယခုအခါ မြန်မာနိုင်ငံဈေးကွက်စီးပွားရေးစနစ်အရ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၏ မြန်မာ့ထွက်ကုန်ပစ္စည်းများ စားသောက်စရာများပါ ဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိ၏။ အထူးသဖြင့် မြန်မာ့ချိတ်ထဘီများ၊ ပိုးဖဲများသာမက လက်ဖက်၊ မြန်မာဘီယာကအစ ဝယ်ယူရရှိနေပြီဖြစ်၏။

မောင်မောင်တို့က ဈေးဝယ်သလိုနှင့် အေရှာပို့ဌာနခွဲနှင့် အဆက်အသွယ်ပြုကြခြင်းတည်း။ နေ့လယ်ဆိုက်ကပ်ပြီး ည (၈) နာရီ ပြန်ထွက်ခွာကြမည်မို့ တက်သုတ်ရိုက်ကာ သွားလာရတော့၏။ ဈေးဝယ်ဟု အကြောင်းပြချက်ကြောင့်လည်း ကုန်တိုက်ထဲတွင် မြင်မြင်သမျှ ဝယ်ယူဟန်ဆောင်ဝယ်ကြရသေး၏။

"ပင်လယ်ခြသေ့ . . . ခြသေ့ . . . ကြားလား။ ဆင်ရိုင်းခေါ်တယ်ကြားလား"

"ကြားတယ် . . . ဆင်ရိုင်း။ သတင်းပို့ပါ"

"မကြာခင် မြို့စားကျွန်းကို ထွက်ခွာမယ်။ ည (၈) နာရီ"

"ကောင်းပြီ ဆက်လုပ်ပါ။ စစ်ဆင်ရေးအတွက် ချိန်ကိုက်သတင်းပို့ပါ"

"ပေးပို့ချက်ရပြီ။ အဆင်သင့် ပျံ့ဝဲရန် ပြင်ထား . . . ဒါပဲ"

"ဒါပဲ . . . ဇီလစ်ပိုင်ကို သည်နေ့ညဥ့်သန်းခေါင်ယံ ဝင်စီးမယ်"



www.burmeseclassic.com

www.burmeseclassic.com


"ပေးပို့ချက်ရပြီ။ စက်ပိတ်ပြီ"

"အောင်မြင်ပါစေ"

ဆက်သွယ်သတင်းပို့ပြီးသည်နှင့် မော်တော်ဘုတ်ရှိရာသို့ ပြန်ခဲ့ ၏။ အချိန်ကား ညဥ့် (၇) နာရီခန့် ရှိနေပြီမို့ ဆိပ်ကမ်းမှ ခွာရန် အဆင်သ ပြင်ဆင်နေကြ၏။ စင်္ကာပူနိုင်ငံသည် ဘာသာစကားလေးမျိုးဖြင့် အသုံးပြု မျိုးနွယ်စုအားဖြင့်လည်း စင်္ကာပူ၊ မလေး၊ တရုတ်နှင့် ပန်ချာပီအိန္ဒိယလူမျိုး များ ဖြစ်၏။ ညဘက် စင်္ကာပူဆိပ်ကမ်းအလှကား များစွာ သာယာလှ နေတော့၏။

နီယွန်မီးရောင်စုံများဖြင့် တဖိတ်ဖိတ် တလက်လက် ရှိနေပါသည် ပင်လယ်ကူးသင်္ဘောကြီးများ အဝင်အထွက်များပြားသလို ကျောက်ချရပ်နား သည့်သင်္ဘောကြီးများလည်း ရှိ၏။ ရေမော်တော်ဘုတ်များ လောင်စာဆီတ မော်တော်များ ခရီးသည်ပို့ဆောင်သော ဖယ်ရီ(Ferry) ဘုတ်များနှင့် ရှုပ် ခတ်လျက်ရှိသည်မို့ မော်တော်ဘုတ်အား နာရီဝက်ခန့်ကြာအောင် လှည့် ပတ်မောင်းနှင်ပြီးပါမှ နိုင်ငံတကာ ရေလမ်းကြောင်းပေါ်သို့ ရောက်ရှိသည်။

မြို့စားကျွန်းသို့ နိုင်ငံတကာ ရေပိုင်နက်အတွင်းမှ ခုတ်မောင်းခဲ့ရ ငါးဖမ်းလှေများ သင်္ဘောငယ်ကလေးများလည်း ရှုပ်ထွေးစွာ တွေ့ရ၏။ ထ ပင်လယ်ဓားပြများသည် အာရှဒေသ မလက္ကာရေလက်ကြား (Malak Straits) တွင် ဓားပြတိုက်မှုများ ဖြစ်ပွားသလို ဆိုမာလီယားဒေသတွင်လည် ပင်လယ်ဓားပြများ သောင်းကျန်းလျက်ရှိ၏။ သူတို့သည် သင်္ဘောကြီးတွေ


www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးဆွဲကာ ငွေတောင်းခံနေကြပေသည်။

ပင်လယ်ဓားပြများသည် မော်တော်ဘုတ်သင်္ဘောငယ်လေးများဖြင့် ဓားပြတိုက်လေ့ရှိပြီး များသောအားဖြင့် ငါးဖမ်းသင်္ဘောလှေငယ်များအသွင် ဆောင်နေလေ့ရှိသည်။ ပင်လယ်ကူးသင်္ဘောကြီးများသည် ဓားပြရန်အား ကာကွယ်ရန် အစီအစဉ်များ ပြုထားကြရသည်။ နိုင်ငံတကာ စစ်သင်္ဘောကြီး များက လုံခြုံရေးအတွက် ကင်းလှည့်စောင့်ရှောက်ပေးလျှက်ရှိသော်လည်း အလစ်တွင် ဓားပြတိုက်မှုများ ဖြစ်ပွားနေဆဲပါပေ။

မောင်မောင် ဆက်စပ်တွေးတောမိ၏။ မြို့စားကျွန်းသည် ပင်လယ် ဓားပြများစခန်းဟု ထင်စရာ မသင်္ကာစာရင်းထဲတွင် ပါနိုင်သည်။ ယနေ့ထိ တိုင် ပင်လယ်ဓားပြတို့စခန်းကို မမိသေးချေ။ မလ္လကာရေလက်ကြားမှ ပင်လယ်ဓားပြတို့သည် ဆိုမာလီယားဒေသတွင် သောင်းကျန်းနေသော ဓားပြများလောက် မဆိုးသေးချေဟု ဆိုရပေမည်။

သူတို့သည် သင်္ဘောပေါ်ပါရှိသည့် ရွှေငွေပစ္စည်းဥစ္စာများသာ ယူ ဆောင်ပြီး ထွက်ခွာသွားတတ်ကြ၏။ တစ်ခါတစ်ရံတော့ သင်္ဘောကြီးကို အပိုင်သိမ်းပြီး လိုက်ပါလာသော သင်္ဘောသားတွေကို အသက်ကယ်လှေ လေးဖြင့် ပင်လယ်ထဲချကာ သွားလိုရာ သွားစေခဲ့၏။ သူတို့သင်္ဘောကြီးကို အပိုင်စီးပြီး နောင်နှစ်ကာလအကြာတွင် နာမည်ပြောင်းဖြင့် ဓားပြတို့ ယူသွား သော သင်္ဘောကြီးအား သင်္ဘောပွဲစားများက ရောင်းချရာမှ ပေါ်ပေါက်ခဲ့၏။

မောင်မောင်လိုက်ခဲ့သော အမှုများထဲတွင် ဤမသေသောအလောင်း



www.burmeseclassic.com

www.burmeseclassic.com



အမှုက ပိုမိုရှုပ်ထွေးနေသလို ထင်မိ၏။ မလှလှဝင်းအား သတ်ဖြတ်ရာတွင် သိန်နှင့် ဦးအောင်ထွန်းတို့နောက်ကွယ်က သူ တစ်ယောက်ပါဝင်နေခဲ့၏။ သိန်က မလှလှဝင်းအား ဦးအောင်ထွန်း သတ်နေသည့်အခွေအား အဘယ်ကြောင့် ရိုက်ကူးမှတ်တမ်းတင်ထားရပါသနည်း။ ငွေညှစ်လိုခြင်းကြောင့်ပေလား။ မဖြစ်နိုင်ချေ။ ဦးအောင်ထွန်း၏မိန်းမသည် သိန်၏ ညီမရင်းဖြစ်ပြီး ဦးအောင်ထွန်းပိုင်ဆိုင်သော ရောင်နီဦးကုမ္ပဏီတွင် သူထင်သလို ပြုနေနိုင်ခွင့်ရှိနေ၏။ မောင်မောင် တိတ်ခွေပြန်ဖွင့်ကြည့်ရာတွင် သိန်က မလှလှဝင်းလာပါက သတ်ရန်ပြောသည့်စကားများတွင် မမြမြဝင်းဆိုသူက သတ်ခိုင်းခြင်း မဟုတ်ပါလား။

"အောင်ထွန်း . . . ယောက်ဖကြီး မင်းလည်း မြွေဟောက်မ မြမြဝင်း အကြောင်း သိတယ်နော်။ သူခိုင်းတာ မအောင်မြင်ရင် ဘယ်လိုအပြစ်ပေးတယ်ဆိုတာ"

"အေးပါကွာ။ ငါ သဘောပေါက်ပါတယ်။ အခု သူ့ကို ဘယ်လိုသတ်မှာလဲ သိန်ရဲ့"

"လွယ်ပါတယ်။ ငါတို့ရဲ့ ရွှေပြည်သာစက်မှုဇုန်ကနေ ရောင်နီဦး ရုံးခန်းမှာပေါ့ကွာ။ သူလာမှာပဲဟာ။ ငါတို့ မူးယစ်ဆေးဝါးမှောင်ခိုချနေတာကို သူ သိသွားပြီမဟုတ်လား။ ရှင်းပစ်ရတော့မှာပေါ့။ ဘာလဲ မင်းက ဟန်ဆောင် မိန်းမကို ပေါင်းသင်းနေရာက သူ့ကို စွဲလမ်းသွားလို့လားဟင်"

"ဟာ . . . မဟုတ်ပါဘူး။ ငါက လူမှမသတ်ဖူးတဲ့ဟာ။ ဖြစ်ဝံ့



www.burmeseclassic.com

www.burmeseclassic.com



မလားလို့ပါ"

"ဖြစ်ပါတယ်။ သည်လို ငါ စီစဉ်ထားတယ်။ သူရောက်လာတဲ့အခါ ငါက ရုံးခန်းမှာ အရက်မူးနေတဲ့ပုံစံနဲ့ သူ့ကို မတော်မတရားစော်ကားသလို လုပ်မယ်လေ။ အဲသည်အချိန် မင်းက ရောက်လာပြီး သစ္စာဖောက်မဆိုပြီး လည်ပင်းညှစ်သတ်ပေ့ါကွာ။ ဘယ်လိုလဲ"

"အင်း . . . ကောင်းပါရဲ့ကွာ။ ငါလည်း အဲသည့်အခါ ရဲဆေးနည်းနည်းသောက်မှ ဖြစ်မှာပဲထင်ပါရဲ့"

"ဒါပေ့ါ . . . ကဲ . . . အစီအစဉ်အတိုင်းလုပ်ရအောင် မင်းပုန်းနေတော့။ ဟိုမှာ ရောက်လာတော့မယ်"

မောင်မောင်တွေးမိ၏။ မလှလှဝင်းအား မမြမြဝင်းဆိုသည့် မိန်းမက အသာယ်ကြောင့် သတ်စေလိုပါသနည်း။ မလှလှဝင်းအမွေတွေ ပိုင်ဆိုင်လိုခြင်းအတွက်တော့ မဟုတ်နိုင်ပေ။ သူမ၏ တရားဝင်လင်ယောကျ်ားသာ ပိုင်ဆိုင်ခွင့်ရှိနေသည်။ မလှလှဝင်းနှင့် မမြမြဝင်းဆိုတော့ နားလည်ခြင်းက ဆင်တူသလိုလိုရှိနေ၏။ နောက်ကြောင်းများ ဆက်နွှယ်ပတ်သက်မှု နာကျည်းစရာများ ရှိလေမည်လား မဆိုနိုင်ပေ။

"ဟေး . . . ရောက်တော့မယ်ဟေ့"

ကျွန်းကို တွေ့ပြီ။ မြင်ရပါပြီ။ ညဘက်တွင်ပင် မြို့ပြကျွန်းက မီးရောင်များ ထိန်ထိန်တောက်စွာရှိ၏။ ကျွန်းထိပ်တွင် မီးပြတိုက်လေးနှင့် တွေ့ရ၏။ သင်္ဘောကျောက်တန်းများ ရှိခြင်းကြောင့်တည်း။ မော်တော်ဘုတ်လေး



www.burmeseclassic.com

www.burmeseclassic.com



သည် မီးပြတိုက်ကို ကျော်ဖြတ်ပြီး ကျွန်းချောက်ကမ်းပါးသာရှိရာဘက်သို့ ရေးရှုခုတ်မောင်းလာခဲ့၏။

ဘယ်လိုကြောင့်ပါလိမ့်။ ထိုစဉ် မော်တော်ဘုတ်မောင်းနှင်သူက . .

"မြို့စား . . . မြို့စား . . . ချည့်သည်တော်တွေ ကြိုလာပြီ။ ကြားလား"

"ကြားတယ်။ ဝင်နိုင်ပါပြီ"

ထိုစဉ် ကျောက်ကမ်းပါးနံရံမှ တကျိမ်းကျိမ်းဖြင့် လိုဏ်ခေါင်းပေါက်ကြီး ပေါ်လာတော့သည်။ လျှို့ဝှက်တံခါးပေါက် လုပ်ထားပါကလား။ ထိုလိုဏ် ခေါင်းပေါက်ကား မြင့်မားလှ၏။ ပင်လယ်ကူးသင်္ဘောကြီးများပင် ဝင်နိုင်။ ဟာ . . . ဟုတ်ပြီ။ ဒင်းတို့က ပင်လယ်ဓားပြတွေပဲကိုး။ မောင်မောင် ဝမ်းသာ သွားတော့၏။ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုနှင့် ဆက်စပ်ရာမှ အခုတော့ ပင်လယ်ဓားပြတို့ အသိုက်အမြုံစခန်းကြီးပါ ဖြစ်နေခဲ့လေပြီ။ တော်တော် အကြံအစည်ကြီးမားသည့်သူပါကလား။

မောင်မောင်တို့ကလည်း ထိုသို့ ဒုစရိုက်ဂိုဏ်းကြီးတွေပဲ ဖြိုခွင်းဖော် ထုတ်ချင်သူပါပေ။ သိမ်စိမ်ခေါ်သလို ကျားနှင့်ဆင် လယ်ပြင်မှာတွေ့ကြပါပြီ ပဲ။ လိုဏ်ခေါင်းအတွင်း မီးမောင်းကြီးထိုးပြီး ဝင်ရောက်စရာပင် မလိုပါချေ။ နံရံများတွင် စလိုက်မီးလုံးကြီးများ ထွန်းထားသဖြင့် နေ့ဘက်အလား ထင် မှတ်ရ၏။ ကမ်းပေါ်တက်ရန်ပင် လိုဏ်ခေါင်းထဲတွင် မြေလုပ်ထားသော အားကြီးတစ်စင်းပင် လွတ်လပ်စွာ မောင်းနိုင်၏။

အတွင်းသို့ တော်တော်ဝင်ခဲ့ရသည်။ အရှိန်နှင့် မောင်းနှင်၍ မရပါ



www.burmeseclassic.com

www.burmeseclassic.com



ချေ။ ရေထဲတွင် မိချောင်းကြီးများ သွားလာလျက်ရှိနေကြ၏။ သူတို့စခန်းအား မဝင်နိုင်ရန် မိကျောင်းကြီးများ မွေးမြူထားသည်မှာ ထင်ရှားလျက်ရှိ၏။ ရေလမ်းက မည်သို့မျှ ဝင်လို့မဖြစ်နိုင်ပေ။ ကောင်းကင်ရုံမှသာ ကွန်မင်ဒို ရဲတပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်းနိုင်မည်ဖြစ်တော့၏။

မောင်မောင်တို့ မော်တော်က လက်တန်းများ ကာရံထားသည့် နေရာသို့ ဝင်ရောက်ကပ်ရမည်ကို လှမ်းတွေ့နေရ၏။ လာရောက်ကြိုဆိုသူများက အဆင်သင့်ရပ်လျက် ကြိုဆိုနေကြသည် မဟုတ်ပါလား။ ထိုအထဲတွင် အသားပုံကြီးများဖြင့် မိကျောင်းများအား အစာကျွေးနေသူနှစ်ယောက် တွေ့မြင်ရ၏။

မိကျောင်းကြီးများက သူ့ထက်ငါ အလုအယက်အသားတုံးကို ခုန်ဟပ်လျက်ရှိတော့၏။ စွန်ရဲမနှင့် သိန်းငှက်မတို့လို ရဲမေများပင် မောင်မောင်အား ဖက်တွယ်ကာ မကြည့်ရဲဘဲ ခေါင်းငုံ့ကာ နေကြတော့သည်။

"ကဲ . . . ရောက်ပါပြီကွာ။ ကြောက်မနေနဲ့တော့"

မော်တော်ဘုတ်နှင့် ကမ်းမှာ အလောတော်ပင် ခုန်တက်စရာမလိုဘဲ လှမ်းကာ သက်သောင့်သက်သာ တက်ရောက်နိုင်ပေသည်။ သူတို့အားလုံး တူညီဝတ်စုံများ ဝတ်ဆင်ထားကြသည်။ ဝတ်စုံများတွင်တော့ မြွေဟောက်တစ်ကောင် ပါးပျဉ်းထောင်နေသည့် ပုံများပါရှိ၏။ အမှောက်လေးအောက်မှာ ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ရသော မြွေဟောက်နက်ဂိုဏ်းပင်ဖြစ်သည်။

မြွေဟောက်နက်ဂိုဏ်းကြီးကား နိုင်ငံအနှံ့သို့ ပျံ့နှံ့ပြီး ဂိုဏ်းခွဲများ



www.burmeseclassic.com

www.burmeseclassic.com



နိုကြောင်း မိမိတို့ အင်တာပို (Interpo) ရဲတပ်ဖွဲ့မှ စုံစမ်းသိရှိထားခဲ့၏။ သူတို့ လက်ချက်ဟု သိရအောင် ဖဲချပ်ပေါ်တွင် မြွေဟောက်နက်တစ်ကောင်ပုံ ချ.ချ သွားတတ်၏။ သူတို့အား ဖမ်းဆီးရန်ကြိုးစားသော်လည်း ဂိုဏ်းခွဲခေါင်းဆောင် ဆိုသူက အဆိပ်သောက်ကာ သတ်သေသွားသည်ချည်းပါပေ။

နောက်လိုက်ငယ်သားများကို ဖမ်းဆီးစစ်ဆေးသော်လည်း သူတို့မှာ ဂိုဏ်းချုပ်တည်နေရာပင် မသိကြသဖြင့် ဂိုဏ်းခေါင်းဆောင်ဆိုသူပင် ဖော်ထုတ်မရနိုင်ဘဲ ရှိခဲ့သည်မှာ အကြိမ်ကြိမ်တည်း။ အခုတော့ တကယ့်နိုင်ငံတကာ ရဲတပ်ဖွဲ့ကြီးမှ အလိုရှိနေသော ဂိုဏ်းကြီးအား မောင်မောင်တို့ ထိပ်တိုက်ရင်ဆိုင်တွေ့ကြရပြီဖြစ်၏။ သူတို့အင်အားက မသေးလှပါချေ။ နေရာတိုင်း မြွေဟောက်ဝတ်စုံဖြင့် လှုပ်ရှားနေကြ၏။

မောင်မောင်တို့ ချောက်ကမ်းပါးအောက်ခြေမှနေ အပေါ်သို့ တက်လှမ်းရာ လမ်းတစ်လျှောက်တွင် လက်နက်ကိုင် မြွေဟောက်ဂိုဏ်းသားများ စောင့်ကြပ်နေကြ၏။ တကယ်တော့ ဒီပရစ်တိုကား ဖိလစ်ပိုင်နိုင်ငံမှ မြွေဟောက်ဂိုဏ်းခွဲခေါင်းဆောင် မဟုတ်ပါလား။ စွန်ရဲမနှင့် သိန်းငှက်မတို့က မောင်မောင့်လက်မောင်း နိုတ္တဲကာ လိုက်ပါလာကြ၏။

သူမတို့လည်း ဤမျှအင်အားတောင့်တင်းလှသော ဂိုဏ်းကြီးအား မကြုံတွေ့ဖူးသဖြင့် စိတ်လှုပ်ရှားနေမှန်း သူမတို့ ရွှေရင်အစုံက တထိတ်ထိတ် အသံပင် မောင်မောင် ကြားနေရ၏။ တစ်ချက်မှားသွားသည်နှင့် ရန်သူ၏ လက်တွင်း ကျဆင်းရမည်မှာ သေချာလှပေသည်။ မြွေဟောက်ဂိုဏ်းသား



www.burmeseclassic.com

www.burmeseclassic.com



ရန်သူကိုတော့ သနားညှာတာမည် မဟုတ်ပါချေ။

သူတို့ဂိုဏ်းသားကိုပင် အပြစ်ပေးပုံက ကြမ်းတမ်းရက်စက်လှပေသည်။ ဂိုဏ်းသားတို့အား ချုပ်ကိုင်ထားပုံရ၏။ ဖမ်းမိပါကလည်း ဂိုဏ်းအကြောင်းမဖော်ထုတ်ဘဲ အဆုံးစီရင်သွားကြပေသည်။ မိမိတို့အတွင်းစည်းထဲ ရောက်ရှိလာပြီမို့ ပိုမိုဂရုစိုက် လှုပ်ရှားရမည်ဖြစ်၏။ မိမိတို့ရဲတပ်ဖွဲ့ဝင်အချို့အား မြွေဟောက်ဂိုဏ်းသားအဖြစ် အယောင်ဆောင် ပို့ထားသည်။

သို့သော် တချို့မှာ ရိပ်မိသိရှိသွားကာ အသတ်ခံလိုက်ကြပြီး ကျန်သူများထံမှလည်း အဆက်အသွယ်များ ပြတ်တောက်သွားခဲ့၏။ အဖမ်းခံရသူများကို မိကျောင်းစာကျွေးလိုက်ဟန်တူ၏။ ကျားရဲမမှာလည်း မိကျောင်းစာ ဖြစ်သွားပြီလား မပြောပြတတ်တော့ချေ။ တကယ်တော့ ကျားရဲမကားမောင်မောင့်၏ ချစ်ဦးသူ မဟုတ်ပါလား။

မိမိတို့မှာ ဥပဒေဘက်တော်သားများ ဖြစ်ကြ၏။ နိုင်ငံတော်အတွက် မိမိတို့ အသက်ခန္ဓာကိုယ်ပါ အပ်နှင်းပေးလှူထားကြသူများပါပေ။ နိုင်ငံတော်ကြီး တရားဥပဒေဘောင်အောက်တွင် ငြိမ်မှုကင်းရှင်းပါမှ တိုင်းရင်းသားပြည်သူအပေါင်း အေးချမ်းစွာ နေထိုင်ကြရမည်ဖြစ်တော့သည်။ မောင်မောင်နာကြည်းမိ၏။ ကျားရဲမအား သိခ်တို့ ရက်စက်စွာအတင်းအားဓမ္မကျင့်ကြခြင်းကို မြင်ယောင်မိသည့်အခါ သူ့အသည်းတွေ ဓားပါးလေးဖြင့် တနတ်နတ်အစင်းခံရသလို ခံစားရ၏။ တွေ့ကြပါပြီ။ ကျားရဲတွင်းသို့ ဆင်ရိုင်းတစ်ကောင်နှင့် ငှက်နှစ်ကောင် ရောက်ရှိလာခဲ့ပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၈ )

လှေကားထစ်များအဆုံးတွင်တော့ သံမဏိတံခါးချပ်ကြီးက ပိတ်ထား တားဆီးထားပြန်သည်။ ထိုသည်ကိုလည်း လျှို့ဝှက်ခလုတ်ဖြင့်နှိပ်ကာ တစ်ယောက်က ဖွင့်ပေးမှ ဝင်ရောက်နိုင်သည်။ လျှို့ဝှက်ခလုတ်ကား မြေဟောက်နက်ပုံကို မျက်လုံးနှစ်လုံးပါပေ။ အထဲရောက်ပြန်သော် သံမဏိတံခါးကြီးက ကာဆီးထားပြန်သည်။

အခန်းနှစ်ခန်းရှိပြီး ယောကျ်ားသားများအား အခန်းတစ်ခုထဲ ဝင်ရောက်စေ၏။ ရောက်ဖူးသူများမှ သိပါသည်။ ထိုအခန်းထဲတွင် မိမိတို့ကိုယ်ပေါ်မှ အဝတ်အစား၊ အသုံးအဆောင်အားလုံး ချွတ်ထားခဲ့ရပြီး သူတို့၏ မြေဟောက်နက်ဝတ်စုံများကို ဝတ်ဆင်လဲလှယ်ကြရ၏။ အမျိုးသမီးများလည်း အခြားအခန်းတွင် ဝင်ရောက်ရပြီး ပါလာသည့် လက်ဝတ်လက်စား[illegible] မကျန် ချွတ်ထားခဲ့ရပြီး မြေဟောက်ဝတ်စုံများ ဝတ်ဆင်စေ၏။

အသုံးအဆောင်ပစ္စည်းများကိုပါ စစ်ဆေးခြင်းပါပေ။ ပြီးမှ ပြန်ပို့ပေး



www.burmeseclassic.com

www.burmeseclassic.com



မည် ဖြစ်၏။ အားလုံး မြွေဟောက်နက်ဝတ်စုံများ ဝတ်ဆင်ပြီးနောက်တွင် အခြားသံမဏိတံခါးဂိတ်သို့ ရောက်ရှိလာခဲ့ပြန်သည်။ ထိုတံခါးကား ဓာတ်လှေကားဖြစ်ပြီး အပေါ်သို့ သယ်ဆောင်ခြင်းကို လိုက်ပါခဲ့ရ၏။

ဓာတ်လှေကားတံခါး ဖွင့်လိုက်သောအခါတွင်တော့ ခန်းမကျယ်ကြီး အတွင်းသို့ ရောက်ရှိကြသည်။ ထိုခန်းမကျယ်ကြီးကို ဖြတ်ကျော်ပြီးသည်နှင့် မိမိတို့အတွက် သတ်မှတ်ထားသည့် အခန်းများသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြ၏။ စွန်ရဲမနှင့် သိန်းငှက်မတို့သည်လည်း မောင်မောင်နှင့်အတူ ပါလာကြသူများမို့ အတူတစ်ခန်းတည်း နေရာချပေးပါသည်။ အခန်းနံပါတ် (၇)တည်း။

မောင်မောင်တို့ အခန်းထဲသို့ လှည့်ပတ်ကြည့်ရှုကြ၏။ လိုလေသေးမရှိအောင် ပြည့်စုံလှပေသည်။ ရေခဲသေတ္တာ အရက်ကောင်တာခန်းတွင်လည်း အရက်ပေါင်းစုံရှိ၏။ ရေချိုးခန်း၊ အိမ်သာများပါ စနစ်တကျ ရှိသည်။ မိမိတို့ဘာသာ ချက်ပြုတ်စားသောက်ရန်ပင် မီးဖိုခန်းပါ ပါရှိ၏။

ဧည့်ခန်း၊ အိပ်ခန်းကျယ်နှစ်ခန်း ပါရှိပြီး အဝတ်အစားဗီရို၊ အလှပြင်မှန်ပါ ထိုင်ခုံများ ပါရှိ၏။ မိမိတို့ ယူဆောင်လာသော အိတ်များထဲမှ အသုံးအဆောင်များကို သူ့နေရာနှင့်သူ ထားရှိပေးခဲ့ကြ၏။ အိတ်များကိုတော့ ဗီရိုအောက်တွင် ထားပေးခဲ့၏။ အလှပြင်ဖို့အတွက်ကိုလည်း မိမိတို့ ယူဆောင်လာစရာပင် မလိုပေ။ မောင်မောင်၏အထူးစီမံထားသော နာရီအား အတွေ့သဖြင့် စိတ်အေးရသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# ဂိုဏ်းသားများတွေ့ဆုံပွဲ

မောင်မောင့်နာရီတွင် အေရှာပိုရဲတပ်ဖွဲ့နှင့် ဆက်သွယ်စကားပြော
စက်လေး ပါရှိ၏။ နာရီသော့တံအား လှည့်ဖြုတ်လိုက်ပါက ဇရီယာတိုင်ဖြစ်
သွားပြီး နာရီမှန်သားပြင်တွင် တစ်ဖက်မှ ဆက်သွယ်စကားပြောသူများ
တွေ့မြင်ရမည်ဖြစ်၏။ မိမိနှင့်တိုက်ရိုက် ဌာနချုပ်နှင့်သာ အသုံးပြုနိုင်ပါသည်။

မီးခြစ်မှာလည်း မီးခြစ်ရန် အဖုံးဖွင့်လိုက်သည့်အခါမှ ကင်မရာဖြင့်
ဓာတ်ပုံရိုက်ယူနိုင်ပါသည်။ မီးခြစ်အောက်မှ ဂက်(စ်)ထည့်ရာကို လက်ဖြင့်
ဖိနှိပ်လိုက်ပါက စပရိတ်ဟာ ကန်ထွက်လာပြီး နောက်ပြန်ပြန်ထည့်ပါက
အသေးစား လက်ပစ်ဗုံးအဖြစ် အသုံးပြုနိုင်ပေသည်။ မှတ်ဆိတ်ရိတ်
အာဖတာရှိတ်ပုလင်းတွင်လည်း အားပြင်းသော အက်စစ်ရည်သော
အကန့်ပါရှိသည်။ အခန်းပိတ်ခံရပါက သော့ပေါက်သို့ ထိုအက်စစ်ရည်ခလုတ်



www.burmeseclassic.com

www.burmeseclassic.com



ဒိနိုင်လိုက်ပါက အက်စက်ရည် ပန်းထွက်လာမည် ဖြစ်၏။ ဒွာနချုပ်မှ စီစဉ်ပေးခဲ့ခြင်းပါပေ။ ထိုပစ္စည်းများကို အသုံးချရန် စနစ်တကျသင်ကြားခဲ့ရ၏။ တခြားလူများ ကိုင်တွယ်အသုံးပြုပါက မသိရှိနိုင်ပါချေ။

မောင်မောင်တို့ အခန်းထဲရောက်တော့ ညဉ့် (၁၀) နာရီကျော်စရှိနေပြီမို့ ခရီးပန်းလာကြသဖြင့် အနားယူ အိပ်စက်ကြရမည်ဖြစ်တော့၏။ ညဉ့်နက်စာ စားသောက်လိုပါက မိမိတို့ဘာသာ ရေခဲသေတ္တာထဲရှိ အစားအသောက်၊ အသား၊ အသီးအရွက်များကို ထုတ်ယူချက်ပြုတ်၍ စားသောက်နိုင်ပါသည်။

သိန်းငှက်မက ချက်ပြုတ်ကြော်လှော်လျက်ရှိ၏။ မောင်မောင်က ရေချိုးခန်းထဲ စတင်ဝင်ရောက်ခဲ့၏။ မိမိ၏ အဲဖတာရှိတ်သဏ္ဌာန် အက်ဆစ်ပုလင်းလေးက အာဖတာရှိတ်အစစ်ပုလင်း၏ ဘူးခွံထဲတွင် အကန့်ဖြင့်ထည့်ထားခြင်းပါပေ။ တော်ပါသေး၏။ သူတို့မတွေ့ဘဲ သည်အတိုင်း ပုံစံမပျက် ရှိနေခဲ့သည်။

မိမိတို့အခန်းထဲတွင် ဗီဒီယိုကင်မရာများ တပ်ဆင်ထားသည်ကို တွေ့ရ၏။ သူတို့ကား အလစ်မပေးဘဲ စောင့်ကြည့်နေကြပေသည်။ မိမိ ရေချိုးပြီး စွန်ရဲမဝင်၏။ သိန်းငှက်မနှင့် မောင်မောင်တို့က တီဗွီကြည့်ရင်း စားသောက်လျက်ရှိ၏။ စွန်ရဲမထွက်လာတော့ သိန်းငှက်မ ရေချိုးခန်း ဝင်ပြန်သည်။

မနက်ဖြန် နံနက်စာ စားသောက်ရန်အတွက် လာရောက်ခေါ်မည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း အသိပေးခဲ့၏။ ဂိုဏ်းချုပ်ခေါင်းဆောင်ကြီး ရောက်ရှိနေပြီလား မပြောတတ်နိုင်ပေ။ ဂိုဏ်းချုပ် ဘယ်သူဆိုသည်ကို သိချင်နေမိတော့သည်။ မိမိတို့တစ်တွေလည်း သဏ္ဌာန်လုပ် သရုပ်ပါရပေမည်မို့ ထိုနေ့ညက စွန်ရဲမနှင့်အတူ မောင်မောင် အိပ်စက်ခဲ့ကြ၏။

အစစအရာရာ သတိထားလုပ်ဆောင်နေရပေသည်။ အများလုပ်မိပါက မိမိတို့အသက် ဆုံးရှုံးကြရမည်ဖြစ်၏။ အမှုမှန်ပေါ်ပေါက်ရေးအတွက် မိမိတို့ ဘာမဆို ပေးဆပ်ကြရမည်ပေ။ နိုင်ငံတကာအတွက် လူညွန့်တုံးစေသည့် မူးယစ်ဆေးဝါးဂိုဏ်းကြီးမို့ ဖြိုခွင်းနိုင်ဖို့က အရေးကြီးသော အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်၏။ မိမိတို့ ဥပဒေဘက်တော်သားများအတွက် ကြီးလေးသော တာဝန်တစ်ရပ်တည်း။

နောက်တစ်နေ့နံနက်တွင်တော့ မြွေဟောက်ဂိုဏ်းသား တစ်ယောက် လာရောက်ခေါ်ပါသည်။ မိမိတို့၏ အဝတ်အစားများ၊ လက်ဝတ်ရတနာ အသုံးအဆောင်များကို ဝတ်ဆင်ခွင့်ပြန်ပေးခဲ့သဖြင့် ပေါ့ပါးလွတ်လပ်စွာ ရှိတော့သည်။ မိမိက ဟာဝိုင်ယံရှပ်လက်တိုပွပွအား ဘောင်းဘီအပြင် ထုတ်ကာ ဝတ်ဆင်ပြီး စွန်ရဲမနှင့် သိန်းငှက်မတို့ကလည်း မိမိနှင့် လိုက်ဘက်ညီသော နွေရာသီဝတ်စုံများကိုသာ ရွေးချယ်ဝတ်ဆင်ခဲ့ကာ စားသောက်ခန်းသို့ ထွက်ခဲ့ကြ၏။

စားသောက်ခန်းမကြီးထဲတွင်တော့ မိမိတို့လို ဧည့်သည်တော်များအား တွေ့ဆုံရတော့သည်။ ထိုအထဲတွင် သိမ်ဆိုသူပါ လိုက်လာ၍ မသိ



www.burmeseclassic.com

www.burmeseclassic.com



မသာ ရှာဖွေသော်လည်း အရိပ်အယောင်မှ မတွေ့ပါချေ။ သိခ်ဘယ်ရောက် နေပြီနည်း။ လူမျိုးပေါင်းစုံလင်၏။ အားလုံး သူဌေးကြီးများအသွင် ဖမ်းထားကြ သော မြေပဟောက်နက်၏ အရေးပါ အရာရောက်သူများဟု သိသာပါသည်။

တစ်ယောက်နှင့်တစ်ယောက် စကားစမြည်ပြောဆိုရာတွင် ဂိုဏ်း အကြောင်းမပါဘဲ မိမိတို့ ဟန်ပြလုပ်ကိုင်သော အလုပ်အကြောင်းများကိုသာ ဆိုလျက်ရှိ၏။ မိမိတို့ ကြိုက်နှစ်သက်ရာ ဟော်တယ်ကြီးများလို မီနူး (Menu) တတ်ဖြင့် မှာယူစားသောက်နိုင်သည်မို့ စိတ်ချမ်းမြေ့ကြပါသည်။

အစားအသောက်များက မျိုးစုံလင်လှပေသည်။ မကြားဘူးသည့် အစားအစာများစွာ ပါရှိပေသည်။ ပမာအားဖြင့် မျောက်ဦးနှောက်သုပ်၊ မိကျောင်းဟင်းလျာ၊ မြွေသားများနှင့် မြွေသွေးရောအရက် စသည်ဖြင့် စုံလင် လှတော့သည်။ မည်သို့ဆိုစေ လာရောက်ကြသူများ အကြိုက်တွေ့ကြပေ သည်။ အဖော်မပါသူများအတွက် မိမိတို့ စိတ်သဘောကျ ကျား/မကို ခေါ်ယူ ကာ ပျော်မွေ့စေနိုင်ပါသေး၏။ စုံတွဲ အတွဲပါသူတွေကတော့ တခြားအဖော် နှင့် ပျော်ပါးလိုသော်မှ ပါလာခြင်းကြောင့် မျိုသိပ်ရံဟန်တူ၏။ အဖျော်ဖြေခံ မိန်းကလေးများကား သိခ်တို့ လူကုန်ကူးခံရသော ချောပေ့တောင့်ဖြောင့်ပေ မိန်းကလေးများသာတည်း။ သူမတို့လည်း မိမိတို့ ခန္ဓာကိုယ် ရောင်းစားခံရ သဖြင့် အပိုကြေးငွေများစွာရရှိသည် မဟုတ်ပါလား။

တချို့က အရှုံးအမှုးဖြစ်ကာ မိမိတို့အား ဇနီးမယားအဖြစ် သိမ်းပိုက် ခံရပါကလည်း သူမဘဝ အငယ်အနှောင်းဖြစ်သော်မှ ချမ်းသာစွာ နေရမည်



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်တော့၏။ သို့သော် မြွေပဟောက်ဂိုဏ်းအတွက် မိန်းကလေးအား ဝယ်ယူရ သည်ဖြစ်ပြီး ဒေါ်လာသိန်းချီပေးမှ အပိုင်ဝယ်ယူနိုင်ကြတော့သည်။ ထိုငွေမျ လောက်လည်း သူဌေးကြီးများ လုပ်ငန်းရှင်များမို့ သိပ်တော့ဂရုမစိုက်ချင်လို ကြပေ။ ပေးသူက ပေးဝယ်သည်ပင်။

မောင်မောင် စိတ်မကောင်းဖြစ်မိ၏။ နိုင်ငံရပ်ခြားကို အထင်ကြီး အားကျနေကြကာ လမ်းမှားရောက်ကာ ဘဝများ ပျက်စီးနစ်မွန်းကြရ၏။ ထိုကုန်ကျငွေအရင်းနှင့် ရင်းနှီးစားသောက်လုပ်ကိုင်ပါက စီးပွားဖြစ်ကြမည် သာတည်း။ နိုင်ငံရပ်ခြားဆိုသည်က ကျားရဲတွင်းလို အဖြစ်ဖြစ်၏။ မမြင်ရ သည့် အခက်အခဲဒုက္ခများစွာ ကြုံတွေ့နိုင်ပေသည်။

မြွေပဟောက်နက်ဂိုဏ်းချုပ်ကြီးလာမည်ကိုတော့ သိနေသည်။ အဘယ်နေ့ရောက်မည်ကိုတော့ ဘယ်သူမှ မပြောဆိုကြချေ။ ရောက်ချင် လည်း ရောက်နေမည်ပေ။ ရန်သူနယ်မြေပတ်ဝန်းကျင် လေ့လာရန်အတွက် မို့ မောင်မောင်တို့ သုံးယောက်သား ရေကူးကန်ဘက်သို့ ညနေပိုင်းတွင် ရောက်ရှိကြ၏။ မြွေပဟောက်ဂိုဏ်းသားများစွာ နေရာအနှံ့တွင် လက်နက်များ ကိုယ်စီဖြင့် စောင့်ကြပ်နေကြောင်း တွေ့ရပေသည်။ မိမိတို့ ခက်ခဲစွာ ထိုး ဖောက်ကြရမည့်မှာ သေချာသလောက်တည်း။

ညပိုင်းတွင်တော့ ကပွဲများ ပြုလုပ်ပေး၏။ စားကြသောက်ကြရင်း မိမိတို့ နစ်သက်ရာ အမှုကိစ္စများ ပြုလုပ်နေကြကုန်၏။ မောင်မောင်တို့လည်း လောင်းကစားဝိုင်းများရှိရာခန်းမသို့ ထွက်လာခဲ့ကြ၏။ ကြေးကြီးဝိုင်းများဖြစ်


www.burmeseclassic.com

www.burmeseclassic.com



၏။ အနိမ့်ဆုံးတိုကင် တစ်ပြားပင် ဒေါ်လာ (၅၀၀၀) ရှိ၏။

ဝင်ကစားမည်ဆိုပါက ဒေါ်လာတစ်သိန်းဖိုး လဲလှယ်ရပေမည်။ မောင်မောင် လဲလှယ်လိုက်ပြီး နတ်မိမယ်နှစ်ယောက်ခြံရံကာ တစ်ချပ်မှောက် ဗဲဝိုင်းသို့ လာခဲ့၏။ တချို့က ရူ(စ်)ခေါ် ကာစီနိုဝိုင်းတွင် ကစားနေကြ၏။ သိန်းငှက်မက ထိုဝိုင်းတွင် ဝင်ရောက်ကံစမ်းမည်ဟု ဆိုလာသဖြင့် ရူ(စ်) (Route) တွင် မတ်တတ်ရပ်ကာ ကစားရန် စောင့်စားကြည့်၏။ ရုပ်ကစားနည်းသည် နံပါတ်များ ဇယားကွက်ဖြင့် ရေးထားသည့် ခုံရှည်ဖြစ်ပြီး ဂေါ်လီလုံးလေးဖြင့် နံပါတ်များပါသော ဂေါ်လီလုံးဝင်ရန် အပေါက်ကလေးများ ပါရှိသောကြောင့် စုံလည်အဝိုင်းကို လှည့်ခြင်းဖြစ်၏။ ထိုစုံလည်တွင်း ဂေါ်လီလုံးလေးလိမ့်ကာ သွားနေပြီး နံပါတ်ပါအပေါက်တွင် ဂေါ်လီလုံးဝင်လာပါက ထိုဂေါ်လီဝင်သောနံပါတ်အား လျှော်သည်။ အဆ (၆၀၀) ဆ ဖြစ်သည်။ ရှုံလို့လည်း ရ၏။ ရှုံသည်ဆိုရာ၌ ဂဏန်းကွက်များ လေးထောင့်ကွက်ဖြစ်ရာ ထိုလေးထောင့်ထိစပ်ရာ အလယ်တွင် ထိုးပါက ထိုလေးကွက်ထဲက ဂဏန်းပေါ်က အလျော်ရ၏။ သို့သော် ကျန်အကွက်များအတွက်စားသဖြင့် အလျော်နည်း၏။ သို့မဟုတ် နှစ်ကွက်အလယ်ထားပြီး ထိုးပါက ထိုနှစ်ကွက်ထဲက ဂဏန်းဂေါ်လီဝင်ပါက အဆ (၃၀၀) အလျော်ရမည်ဖြစ်၏။ မိမိနံပါတ်မဝင်ရှိပါက ခိုင်စားမည်ဖြစ်၏။ ဂဏန်းများမှာ (၁၀၀) ကျော်အထိ ရှိသဖြင့် မိမိဂဏန်းဝင်ရန် မလွယ်ပါချေ။ ကံစမ်းသည့်သဘောပါပေ။ သို့သော် တချို့ ခိုင်များက ဂေါ်လီလုံးတွင် သံလိုက်သွင်းပြီး သူတို့ပေါ်စေချင်သော ဂဏန်းကို



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့စေပြီး အောက်က သံလိုက်ကြီးတစ်ခုဖြင့် ကျစေလိုသောအပေါက်တို့ အော်တိုခလုတ် (Auto Control) ဖြင့် ပြုလုပ်တတ်ကြ၏။

မောင်မောင်က တစ်ဝိုင်းလှည့်သည်ကို ကြည့်နေခဲ့၏။ သိန်းငှက်မနှင့် စွန်ရဲမတို့ကတော့ သူမတို့ထိုးလိုရာအကွက်သို့ ဝင်ရောက်ထိုးနေပြီ ဖြစ်၏။ အဝိုင်းကြီး စတင်လှည့်စဉ် မထိုးရတော့ပါ။ ဂေါ်လီလုံးလေးက ပြေးနေသည်။ အဝိုင်းအရှိန်လျော့သွားချိန်တွင် ဂေါ်လီလုံးလေး လိမ့်ကာဖြင့် ဂဏန်းပေါက်ထဲ ဝင်သွားတော့၏။ ၉၂ ဖြစ်၍ စွန်ရဲမတို့ အလျော့မရဘဲ ဖြစ်သွား၏။ ထိုနည်းဖြင့် သုံးကြိမ် ဒိုင်က စားသွားခဲ့၏။

မောင်မောင် ဒီအလှည့်တော့ ဝင်ရောက်ကစားပါတော့သည်။ လေးထောင့် ကစားကွက်ကိုကြည့်ကာ ဒေါ်လာ တစ်သောင်းတန် တိုကင်များအား အကွက် (၈) ကွက်တွင် တစ်ကွက်စီ ထိုးတော့၏။ သူထိုးသည့်အကွက်များက ၄၊ ၁၁၊ ၁၂၊ ၈ တစ်တွဲ၊ ၉၇၊ ၉၈၊ ၄၀၊ ၅၁ တစ်ကွက်ဖြစ်၏။ ဂေါ်လီဝိုင်းကြီး စတင်လည်လေပြီ။ ဂေါ်လီရပ်သွားသောအခါ ၁၂ ဂဏန်းပေါက်၏။ အဆ ၆၀၀ ဆဖြစ်၍ မောင်မောင် ကံထူးသူဖြစ်သွားတော့၏။

ဆက်မကစားတော့ဘဲ တစ်ချပ်မှောက်ဝိုင်းသို့ ထွက်လာခဲ့၏။ ရှပ်(၈) ဒိုင်ကတော့ အနိုင်ပိုင်းသွားသဖြင့် မဖော်ချမနပ်ဖြစ်ကျန်မည်မှာတော့ သေချာလှတော့၏။ သူတို့က သံလိုက်တုံးဖြင့် လိုရာအကွက်ကို လှည့်နေခြင်းကို မောင်မောင် ရိပ်စားမိသဖြင့် သူတို့မထင်မှတ်သည့်အကွက်များကို မလွတ်အောင် ရှိန်ဆထိုးခဲ့ခြင်းပါပေ။ ဘယ်သူမှ မထိုးသော ဂဏန်းများကို



www.burmeseclassic.com

www.burmeseclassic.com



ထိုးခဲ့ခြင်းဖြစ်၍ ဒိုင်အငိုက်မိသွားပါတော့သည်။

တစ်ချပ်မှောက်ဝိုင်းသို့ ရောက်ရှိလာခဲ့၏။ အချိန်နှင့် ကစားနိုင်သလို ရေကုန်ရေခန်းလည်း ကစားနိုင်ပါသေးသည်။ အနည်းဆုံး ဒေါ်လာတစ်သန်းဖြင့် ဝင်ရောက်ချကာ ပါဝင်ကစားနိုင်ပြီး စတင်ခေါ်ပါက (၅၀၀၀) အောက်ထစ်ဖြစ်၏။ မောင်မောင်က စွန်ရဲမကို ဝင်ရောက်ကစားစေသည်။ ဒေါ်လာနှစ်သန်းချပေးခဲ့၏။ နာရီဝက်အကြာတွင် ကုန်သွားသဖြင့် မောင်မောင် ဒေါ်လာလေးသန်းချပြီး သူလည်း ဝင်ထိုင်လိုက်တော့သည်။ မောင်မောင် အပေါ်လှန်ဖဲက ကိုးဖြစ်သည်၊ အောက်ဖဲလှန်ကြည့်တော့ တစ်ဆယ် ဒိုင်းမွန်းပွင့်တူဖြစ်နေသည်။ တစ်ဖဲအပေါ်လှန်သူက ဒေါ်လာနှစ်သောင်းဖြင့် စတင်ခေါ်သည်၊ ထိုသည်ကို အားလုံးလိုက်ကြပေသည်။ ဒိုင်က ဖဲတစ်ချပ်စီ လှန်ပေးမို့ခဲ့ရာ မောင်မောင်က ဂျက်ဒိုင်းမွန်းထပ်ကျခဲ့၏။ တစ်သမားထံ တစ်ဖဲထပ်ကျသဖြင့် တစ်ပူး၊ နောက်တစ်ယောက်က ဂျက်ပူး၊ နောက်တစ်ယောက်က ကင်းပူးအပေါ်တွင် ပေါ်ကြ၏။

ပွဲကတော့ ကြည့်ကောင်းလာခဲ့ပြီဖြစ်၏။ တစ်သမားက ကြီးသူမို့ စတင်ခေါ်ရသူမို့ ဒေါ်လာနှစ်သိန်းကြေးခေါ်လိုက်၏။ ကင်းသမားက လိုက်လာသဖြင့် သူ့အား ကင်းသုံးလုံးပေးရပေမည်။ မောင်မောင်လည်း လိုက်ပါခဲ့သည်။ နောက်တစ်ချပ်တွင်တော့ တစ်ပူးသမားက ကွင်းဖဲရ၏။ ကင်းသမားက တစ်ဖဲရရှိပြီး မောင်မောင်က ဒိုင်းမွန်းကွင်းဖဲ ထပ်မံရပြန်သည်။

တစ်ဖဲရရှိသောသူက မျက်နှာရိပ်မျက်နာကဲကြည့်ကာ ဒေါ်လာ (၅)



www.burmeseclassic.com

www.burmeseclassic.com



သိန်း ခေါ်လိုက်၏။ တစ်ဖဲသမားက မချိပြုံးလေးပြုံးကာ နောက်ထပ် ဒေါ်လာ (၅)သိန်း ထပ်မံခေါ်လိုက်၏။ မောင်မောင် ခပ်တည်တည်ပင် ကျွန်ုပ်မလျက်သဲ စုစုပေါင်း ဒေါ်လာ တစ်သန်း အလယ်ရှိပုံစံပုံ တိုကင်ပုံထဲ ထည့်လိုက်လေသည်။ ကင်းနှင့် တစ်ဖဲသမားကလည်း မထူးသည့်ပုံစံဖြင့် နောက်ထပ်ခေါ်သော ဒေါ်လာ (၅) သန်း ထည့်လိုက်တော့သည်။

ထပ်မံ၍ မှောက်ကာ နောက်ဆုံးတစ်ချပ်အား ဝေပေး၏။ မောင်မောင်လည်း ရင်ခုန်စွာ တထိတ်ထိတ်ရှိမိပါသည်။ လက်များပင် အနည်းငယ် တုန်ယင်နေမိ၏။ စိတ်လှုပ်ရှားမှုကြောင့်ပါပေ။ သူသူကိုယ်ကိုယ် လောဘစိတ်ရှိကြ၍ ဖဲကစားကြခြင်းတည်း။ မိမိသာ အနိုင်ရချင်ကြပေသည်။ တစ်စုံရှိသောသူက လှန်လိုက်ရာ တစ်စုံအပြင် နောက်ဖဲမှာ ရှစ်(၈)ဖြစ်နေသည်။ မောင်မောင်ကတော့ ဖဲကို ထောင့်နေရာမှ ဖြည်းဖြည်းချင်း ပွတ်ဆွဲကြည့်ရာ နီနီရဲရဲ ဒိုင်းမွန်းပွင့်ကို တွေ့လိုက်ရသဖြင့် စိတ်အေးသွားမိပါတော့သည်။ မိမိ မျှော်လင့်ချက်ပြည့်ဝသွားပြီ မဟုတ်ပါလား။

မောင်မောင်လှန်လိုက်ရာ ဒိုင်းမွန်းရှစ်ဖဲချပ်ပါပေ။ ကင်းစုံမှတ်မြင်ရှိသူကတော့ အရှုံးပေးကာ မှောက်သွားပါတော့သည်။ သူက တစ်စုံအပြင်ကို ခနိုင်တော့ပြီဖြစ်၏။ တစ်စုံသမားက မောင်မောင့်အား မျက်နှာရိပ်မျက်နှာတဲ ခတ်နေပြီးမှ ဒေါ်လာ (၂)သန်းဟု ခေါ်လိုက်လေတော့၏။ မောင်မောင်က ပြုံးပြလိုက်ပြီး (၂) သန်းအပြင် အောက်မှာရှိရှိသမျှ အပုံထဲ ရှေ့တိုးကာ စိန်ခေါ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်က တစ်စုံပင်နိုင်ချေမရှိသူဖြစ်၏။ ဒိုင်းမွန်းပွင့်များအားလုံးဆိုပါက နိုင်မည့်လမ်းတစ်ချက်သာ ရှိနေသည်။ တစ်ချပ်မှောက်ကစားနည်းက မျက်နှာရိပ်မျက်နှာကဲ အမူအရာကို ဖမ်းပြီးကြည့်ရသလို နောက်ဆုံးမှောက်ထားသည့် ဖဲချပ်မှန် မမှန်ကလည်း စိန်ခေါ်ပြီးလိုက်ပါမှ လှန်ကြည့်ခွင့်ရမည်ဖြစ်၏။

ထိုသူက မောင်မောင့်အား သွေးတိုးစမ်း စကားစစ်ထိုးလိုက်သေး၏။

"အဟင်း . . . ဟင်း . . . တယ်လည်း စွန့်စားရမယ့်ပွဲပါလား မစ္စတာဒီပရစ်တို"

"ဒါပေါ့ဗျာ"

"ကဲ . . . လိုက်ပြီဗျာ။ နောက်ထပ် အိတ်ထဲကပါ ထည့်မယ်လေ။ သဘောတူလား မစ္စတာဒီပရစ်တို"

"အဟတ် . . . ကျုပ်က စိန်ခေါ်တဲ့သူပဲဗျာ။ လိုက်ပါ့မယ်"

စွန်ရဲမထံ ကျန်သော ရှိသမျှငွေတုံကင်ပြားများကို ပုံအောချလိုက်ပါတော့သည်။

"ကဲ . . . ခင်ဗျားဖဲ အရင်လှန်ပြပါလား မစ္စတာဒီပရစ်တို"

မောင်မောင်က မှောက်ဖဲတစ်ချပ်အား လှန်လိုက်ရာ ဒိုင်းမွန်းဆယ်ပွင့်ချပ် တစ်ချပ်အား တွေ့လိုက်ရသဖြင့် . . .

"ဟာ" "ဟယ်" "ဟေး နိုင်ပြီ" ဟုဆိုကာ သိန်းငှက်မနှင့်စွန်ရဲမတို့က ပျော်ဖက်နမ်းရှုပ်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူမှာ သူ့ဖဲလှန်စရာပင်မလိုဘဲ အရှုံးပေး ထသွားပါတော့သည်။ မောင်မောင် တစ်ပွဲတည်းဖြင့် ဗိုင်းသိမ်းဒေါ်လာ သန်း (၃၀) ကျော် အနိုင်ရ လိုက်ပါတော့၏။ စွန်ရဲမနှင့် သိန်းငှက်မတို့ကို တစ်ယောက် (၅) သန်းစီ ပေး လိုက်သည်။ မြို့စားကျွန်းမှနေ အနိုင်ရရှိသောငွေများကို ဘဏ်စာရင်းထဲ လွှဲ ပြောင်းထည့်ဝင်နိုင်သည်မို့ လက်ထဲတွင် မထားဘဲ မောင်မောင်တို့ ငွေစာရင်း ထဲ ဘဏ်မှ လွှဲပြောင်းပို့လိုက်ကြ၏။

မောင်မောင်က ဒေါ်လာ သန်း (၂၀) သီးသန့် ဘဏ်စာရင်းထဲထည့် ပြီး မိမိပြောလိုသည့်စကားများ လိုရင်းရေးသားပေးပို့နိုင်သည်။

"ကောင်းကင်နဲ့တူတဲ့အဖေ

မနက်ဖြန် အဖေ့မွေးနေ့ (၄) နာရီမို့ မမေ့မလျော့ ဆုတောင်းနေပါ သည်။ မွေးနေ့လက်ဆောင်

သား ဒီဝရုစ်တို့"

ကောင်းကင်ဟုခေါ်ခြင်းမှာ ဌာနချုပ်ရဲမှူးကြီးဖြစ်၏။ လေးနာရီမှာ တက်ဖြစ်ပြီး ညနေ လေးနာရီအား (၁၆) နာရီဟု သုံးနှုန်းပါသည်။ နံနက် းနာရီကို စစ်ဆင်ရေးစတင်ရန် ပေးပို့လိုက်ခြင်းပါပေ။ သည်ညတွင် မြေ ာက်နက်ဂိုဏ်းချုပ် ရောက်လာမည်ဖြစ်ပြီး ဂိုဏ်းသားများအစည်းအဝေး း ည (၉) နာရီမှာ စတင်ဖို့ခေါ်ထား၏။

ဂိုဏ်းချုပ်ကြီး ညဘက်ရောက်ပြီး မပြန်သေးခင်မှာ ဝင်ရောက်စီး ခဲ့မှ ဂိုဏ်းတစ်ခုလုံး ဖြိုခွင်းနိုင်မည်ဖြစ်၏။ မောင်မောင်အစည်းအဝေး



www.burmeseclassic.com

www.burmeseclassic.com



တက်နေစဉ်တွင် စွန်ရဲမနှင့် သိန်းငှက်မတို့က ရဲတပ်ဖွဲ့ဝင်များ ဝင်ရောက်

စတင်လှုပ်ရှားကြရမည်ဖြစ်၏။

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၉ )

မောင်မောင်တို့ အခန်းထဲရောက်သည့်အခါတွင် အစည်းအဝေ
တက်ရောက်ရန်အတွက် သီးသန့်ဝတ်ရုံဝတ်ဆင်ရမည်ဖြစ်၍ လာရောက်ပေ
ပို့သွားခဲ့၏။ ခေါင်းစွပ်ပါပါ၏။ ထိုခေါင်းစွပ်တွင် နံပါတ် (၇) ဟု ရေးထိုးထာ
၏။ ဒီပရစ်တို့၏အဆင့်က မသေးပါကလား။ နံပါတ် (၇) ဖြစ်နေသည်။ မောင်
မောင်က စွန်ရဲမနှင့် သိန်းငှက်မတို့အား မိမိတို့ ရေကူးကန်ဘက်နေ ကွန်မင်
ရဲတပ်ဖွဲ့ဝင်များအား အချက်ပြကာ ဆင်းသက်စဉ် တွေ့သမျှ ရန်သူအား သုတ်
သင်ရှင်းလင်းထားရမည်ဟု အမိန့်ပေးလိုက်၏။ စွန်ရဲမနှင့် သိန်းငှက်မတို့
စတင်လှုပ်ရှားရမည်မှာ အစည်းအဝေးစတင်ချိန်တွင် ဖြစ်၏။

မိမိတို့ ရဲတပ်ဖွဲ့ဝင် အယောက်နှစ်ဆယ်ခန့် သုလျှိုသွင်းထား
လည်း အခြားသူများ သိရှိဖမ်းဆီးကာ သုတ်သင်ခံရသည်နှင့် ကျန်သူများ



www.burmeseclassic.com

www.burmeseclassic.com



လည်း အဆက်အသွယ်ပြတ်နေသဖြင့် ဘယ်နယောက်ကျန်မှန်း မသိနိုင်ပေ။ မိမိတို့ စတင်လှုပ်ရှားသည်နှင့် သူလျှိုလုပ်နေသော ရဲတပ်ဖွဲ့ဝင်များပါ ပူးပေါင်း လှုပ်ရှားလာကြမည် အမှန်ပေ။

မောင်မောင်က သူ၏ဆက်သွယ်ရေးလက်ပတ်နာရီ လက်ပစ်ဗုံး အဖြစ် အသုံးပြုနိုင်သော မီးခြစ်ဆန်နှင့် အက်စစ်ပြင်းအားများသော မှတ် ဆိတ်ရိတ်ပြီး ပက်ဖြန်းနိုင်သော အက်စစ်ပုလင်းလေးပါ ယူဆောင်ခဲ့၏။ အစည်းအဝေး စတင်တော့မည်မို့ ပေးထားသည့် ခေါင်းစွပ်ကို စွပ်လိုက်၏။ ခေါင်းစွပ်က မျက်စိနှစ်လုံးကိုသာ အပေါက်ဖောက်ထားပြီး ခေါင်းတည့်တည့် တွင် မြွေဟောက်နက်က နေရာယူထားခဲ့၏။ ရင်ဘတ်တွင်တော့ နံပါတ်စဉ် (၇) ဟု ဝိုင်းထားပေသည်။ လာရောက်ခေါ်သည်နှင့် မောင်မောင် လိုက်ပါ သွားပါတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## ဂိုဏ်းချုပ်ဘယ်သူလဲ

အစည်းအဝေးခန်းမသို့ မိမိတို့၏ အိပ်ဆောင်အခန်းမှ အတော်
လျှောက်ရသည်။ မိနစ် (၂၀) ခန့်တော့ရှိမည်။ အခန်းထဲရောက်သည့်အခါ
မိမိတို့နံပါတ်စဉ်အတိုင်း တစ်ခုံနှင့် တစ်ခုံ ခပ်လှမ်းလှမ်းရှိပြီး အတန်းနှစ်တန်း
ဖြစ်ပြီး စင်မြင့်ထက်တွင် စားပွဲခုံနှင့် ထိုင်ခုံတစ်ခုထားရှိပြီး ထို့နောက်တွင်
တော့ ရွှေကြည် ငွေကြည်များဖြင့် မြွေဟောက်နက်ပုံအား အဝိုင်းထဲတွင်
တွေ့ရ၏။ ဂိုဏ်းသားများထိုင်ခုံများတွင် မထိုင်သေးဘဲ မိမိတို့ နံပါတ်စဉ်
အတိုင်း မတ်တတ်ရပ်နေကြ၏။ သူတို့ဂိုဏ်းချုပ်ကြီး ကြွရောက်လာမှ ဂါရ
ပြုပြီး ထိုင်ခိုင်းပါမှ ထိုင်ကြမည်ထင်မိ၏။

သိပ်မကြာပါချေ။ ဂိုဏ်းချုပ်ကြီး နံပါတ် (၂) နှင့် (၃) နှင့်အ
စင်မြင့်သို့ ရောက်လာပြီး တစ်ယောက်တည်း စင်မြင့်ပေါ်သို့ တတ်ရောက်


www.burmeseclassic.com

www.burmeseclassic.com



သွားတော့၏။ ဂိုဏ်းချုပ်ကြီးဆိုသူသည် အရပ်အနည်းငယ် ပုသခယောင်ရှိပြီး ကန့်ကရ ပိန်ပိန်သွယ်သွယ်ဟန်ရှိ၏။ မိမိထင်မိသည်က ကြမ်းကြမ်းတမ်းတမ်း ထွားထွားကျိုင်းကျိုင်းသူပါပေ။ ဂိုဏ်းချုပ်ကြီးအား ဦးညွှန့်ဂါရဝပြုကြပြီး ဂိုဏ်းချုပ်ကြီးက ထိုင်ရန် လက်ပြသဖြင့် ထိုင်လိုက်ကြရ၏။ ထိုင်ခုံမှာ သံမဏိ ထိုင်ခုံကြီးများဖြစ်၏။

မောင်မောင် မသိမသာ မျက်လုံးဝေ့ကြည့်လိုက်ရာတွင် ထိုင်ခုံ တစ်ခုရှေ့တိုင်းမှာ လွတ်နေခဲ့၏။ ထိုင်ခုံနံပါတ် (၅) ပါပေ။ ဂိုဏ်းချုပ်ကြီး၏ အသံထွက်ပေါ်လာခဲ့၏။ အသံက ဩပြီး ခပ်အက်အက်ရှိ၏။ တမင်လုပ်သော အသံဖြစ်မည်။ ပုံမှန်အသံကို မသိစေချင်၍ ဖြစ်ပေမည်။

"ဂိုဏ်းသားအားလုံး စုံညီစွာ ပြန်တွေ့ရလို့ ဝမ်းတော့သာမိပါရဲ့။ ဒါပေမဲ့ ပြဿနာလုပ်လို့ အပြစ်ပေးခံရမည့် ဂိုဏ်းသားနှစ်ယောက်ရှိနေတယ်။ တဲ နံပါတ် (၅) ကို ခေါ်ထုတ်ခဲ့စမ်း"

နံပါတ် (၅) အား နောက်ပြန်ချည်နှောင်ပြီး လုံခြုံရေးအစောင့် ဂိုဏ်း သားနှစ်ယောက်က ဘေးတစ်ဖက်တစ်ချက်က ချုပ်နှောင်ပြီး ခေါ်ထုတ်လာ ခဲ့ကြ၏။ ထိုင်ခုံများရှေ့ ကွက်လပ်ကျယ်စင်မြင့်နှင့် အရှေ့တည့်တည့်တွင် ဒူး ထောက်ထိုင်စေသည်။ ခေါင်းစွပ်ကြီးစွပ်ထားသဖြင့် မည်သူမည်ဝါဆိုသည် တို့တော့ မသိနိုင်ပါချေ။ ဂိုဏ်းချုပ်က နောက်တစ်ယောက်ကို မကြေညာ သေးဘဲရှိနေသဖြင့် ထိုင်ခုံများတွင် ထိုင်နေကြသော ဂိုဏ်းသားများက နောက်တစ်ယောက် မည်သူဖြစ်မည်ဆိုသည်ကို သိချင်နေကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . သူ့ရဲ့ခေါင်းစွပ်ချွတ်လိုက်စမ်း"

ခေါင်းစွပ်ချွတ်လိုက်သောအခါတွင်တော့ သိခ်ဆိုသူဖြစ်နေမှန်း ဆင်မောင် တွေ့လိုက်ရတော့သည်။ မိမိ၏အသက်တမျှချစ်သူ ကျားရဲမအား မှဆန်စွာ ယုတ်မာဖျက်ဆီးသူမို့ အံကြိတ်မိပါတော့သည်။

"နံပါတ် (၅) ဟာ ငါတို့ရဲ့အရေးပါတဲ့စခန်းကြီးဖြစ်တဲ့ ရွှေပြည်သာ တ်မှုရုန်မှာရှိတဲ့နေရာကို ရဲတပ်ဖွဲ့တွေက စုံစမ်းဖော်ထုတ်ခြေရာခံမိအောင် ပ်ခဲ့တာက တစ်ပြစ်၊ ပြီးတော့ ကိုယ်လွတ်ရုန်းထွက်ပြေးခဲ့တဲ့အခါ ငါတို့ရဲ့ ဒိုးထိုက်တန်တဲ့ ကုန်ပစ္စည်းတွေကို ဆုံးရှုံးစေခဲ့ပြီး သည်မြို့စားကျွန်းကိုပါ ခြေရာခံနိုင်အောင် မစဉ်းစားဘဲ ပြုမူခဲ့တဲ့အပြစ်တွေကြောင့် သူ့ကို အပြစ်ပေး ဘဲ"

"ဟုတ်ပါတယ် . . . မှန်ပါတယ်"

ဂိုဏ်းသားများက ဝိုင်းအော်ဟစ်ကြ၏။ မောင်မောင်ရောသောင် အော်ဟစ်ရတော့သည်။

"ကဲ . . . နောက်ထပ် အပြစ်ပေးစရာရှိတဲ့ ဂိုဏ်းသားတစ်ယောက်၊ . . . သူဟာ ငါတို့ရဲ့ဂိုဏ်းသားအသွင် ဆောင်လာခဲ့တဲ့ ရဲတပ်ဖွဲ့က ရှိတစ်ယောက်ပဲ၊ သူ့ကို ဖမ်းလိုက်ကြစမ်း"

ဂိုဏ်းချုပ်ကြီးက အမိန့်ပေးပြီး သူ၏ထိုင်ခုံမှ ခလုတ်အား နှိပ်လိုက် မောင်မောင်ထိုင်ခုံမှ လက်ကောက်ဝတ်၊ တံတောင်နှင့် ခြေသလုံးနှင့် ခြေ ချင်းဝတ်နေရာမှ သံမဏိအပြားကြီးများ ထွက်လာကာ လှုပ်မရအောင်



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းချုပ်ထားပါတော့၏။

"ကဲ . . . လုံခြုံရေးဂိုဏ်းသားတွေ သူ့ကို ငါ့ရှေ့မှောက် ဖမ်းချုပ်ခေါ်လာခဲ့ကြစမ်းဟေ့"

မောင်မောင့်အနားရောက်လာကြသည့်အခါ ဂိုဏ်းချုပ်က ခလုတ်နှိပ်လိုက်ရာ အပေါ်ဘက် လက်ကောက်ဝတ်နှင့် တံတောင်အထက်မှ သံမဏိပြားများ ရုတ်သိမ်းကာ ထိုင်ခုံထဲ ပြန်ဝင်သွားခဲ့၏။ ခြေထောက်ဘက်တွင်တော့ သည်အတိုင်းပဲရှိ၏။ အပေါ်ဘက်မှ မိမိ၏လက်နှစ်ဖက်အား နောက်ပြန်ချုပ်ပြီး လက်ထိပ်ခတ်လိုက်ကြပြီးသည့်အခါမှ ခြေထောက်မှ သံမဏိဖမ်းချုပ်ပြားများကို ခလုတ်နှိပ် ရုတ်သိမ်းလိုက်၏။

ထို့နောက် လုံခြုံရေးအစောင့်နှစ်ယောက်က ဘေးနှစ်ဖက်မှ ဖမ်းချုပ်ကာ သိန်၏အနားသို့ ခေါ်ဆောင်လာခဲ့ကြ၏။ ဒူးမထောက်ဘဲနေသဖြင့် မောင်မောင့်ခြေထောက်အား ကန်လိုက်ကာ ဒူးထောက်စေရသည်။ သူတို့လက်ဦးရသွားသည်မို့ မည်သို့မျှ ခုခံရန် မဖြစ်နိုင်တော့ပါချေ။

"သူဟာ မြန်မာနိုင်ငံက နာမည်ကြီး ရဲအရာရှိဖြစ်တဲ့သူပဲ။ သူဟာ အေရှာပိုနဲ့ အင်တာပိုမှာလည်း ပူးတွဲအမှုထမ်းနေတယ်။ သူ့ရဲ့လျှို့ဝှက်နာမည်က ဆင်ရိုင်းမောင်မောင်ပါပဲ"

"ဟေ့ . . . ငါမှန်း မင်း ဘယ်လိုလုပ်သိသလဲကွ ဟင်"

"အဟတ် . . . ဟား . . . ဟား . . . ဟား . . . ငါ့များ မင်းက လိမ်ချင်သေးသကိုး။ မင်းမှန်း ငါသိတာက ရော့ . . . သည်မှာ ဗီလင်ပိုင်အ

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာကြည့်”

မှန်ပေသည်။ ဒီပရစ်တို့၏စခန်းအား ဝင်ရောက်ဆီးနင်းဖမ်းဆီး
သည့် သတင်းနှင့် ဒီပရစ်တို့အား ဖမ်းမိကြောင်းပါဓာတ်ပုံနှင့် ဖော်ပြပါရှိနေ
သည်။ ဖုံးဖိထားသည့်ကိစ္စအား မျက်ဝါးထင်ထင် ဖော်ပြသလိုဖြစ်ရက်တည်း။

“ကဲ . . . မင်း ဘာပြင်းချင်သေးသလဲ။ ဟော့ . . . ဟိုကောင်မတို့
ခေါ်ခဲ့စမ်း”

လုံခြုံရေးအစောင့်နှစ်ယောက်အလယ်မှ ခေါ်ထုတ်လာသူသည်
ဒီပရစ်တို့၏ အချစ်တော် မိန်းမတစ်ယောက်တည်း။ သူမသည် မောင်မောင်
အား တွေ့သည်နှင့် အတင်းရုန်းကာ လာရောက်ပါးရိုက် ကုတ်ဖဲ့ခြင်းလုပ်
သဖြင့် လုံခြုံရေးအဖွဲ့က ထိန်းသိမ်းခေါ်ဆောင်သွားကြရပေသည်။ မောင်
မောင် မပြင်းသာတော့ပါချေ။

“ငါက ဘယ်လိုသိသလဲ ဟုတ်လား။ သိတာပေါ့။ သိခ်က မင်းတို့
လျှော့တွက်ပြီး မင်းရဲ့ပဟာမှုကိုပါ စော်ကားပြီး ဗွီဒီယိုရိုက်နေမှုန်း စောင့်ကြည့်
နေ့ သိရက်နဲ့ ရန်စစိန်ခေါ်လိုက်တာကိုး။ မင်းဆိုတဲ့ကောင်က စိန်ခေါ်ရင်
ထိပ်ပေါ်အထိ တက်လိုက်တတ်တာ သိခ်က မသိခဲ့တာ အမှားပေါ့လေ။

ကဲ . . . သိခ် မင်းကို အခွင့်အရေးတစ်ခုပေးမယ်။ သည်ခဲ့အရာရှိ
တို့ မင်းနိုင်အောင် သတ်ပေတော့။ ဟော့ . . . သိခ်ကို ဓားမြှောင်တစ်ချောင်း
ထုတ်ပေးလိုက်စမ်း”

မောင်မောင့်အား နောက်ပြန်လက်ထိပ်ခတ်ထားသည်ကို ဖြုတ်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြသည်။

သိမ်ကတော့ မိမိအား သတ်ဖြတ်အနိုင်ရပါက သေမည့်ဘေး လွတ်မည်မို့ စိတ်ဓာတ်တက်ကြွနေပေတော့သည်။ မောင်မောင်ကတော့ တည်ငြိမ်စွာ အသင့်အနေအထား ခြေကို အနည်းငယ်ကားပြီး ရပ်နေလိုက် ပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

# အချစ်အတွက်သွေးကြွေး

သိန်ကား ဓားမြှောင်အား ဆကာ ဆကာဖြင့် ခြေကားထားကာ
သက်ကားပြီး ချဉ်းကပ်ဝင်ရောက်လာခဲ့၏။ မောင်မောင်အား ဝမ်းဗိုက်သို့
ဓားမြှောင်ဖြင့် အားစိုက်ထိုးလိုက်ရာ မောင်မောင်က နောက်တစ်လှမ်းဆုတ်
ရှောင်လိုက်၏။ သိန်ကလည်း မနေပါချေ။ ရှေ့တစ်လှမ်းတိုးပြီး ဓားမြှောင်ဖြင့်
ဘယ်သိုင်းဝှေ့ဆွဲလိုက်ပြန်ရာ မောင်မောင်က ခါးအနောက်လှန်ကာ ရှောင်
တိမ်းလိုက်ပြီး သိန်နောက်ပြန် ဓားမြှောင်ချက်ဝင်လာသည့် လက်အား ဖမ်း
ချုပ်လိမ်ချိုးကာ ဆွဲလှဲလိုက်တော့၏။

သိန်ပြန်အထတွင်တော့ ညာခြေဖြင့် မေးရိုးအား ဗိုက်ကာ ခတ်
လိုက်ပြီး တွဲလက်သီး ဘယ်ညာဖြင့် အရှိက်ကိုဆင့်ကာ ထိုးချလိုက်ပြီး ဓား
မြှောင်ကိုင်လက်အား လိမ်ချိုးပြီး သူ့ဓားမြှောင်နှင့်သူ ဇာတ်သိမ်းစေလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



တော့၏။

အားလုံးရင်တမမကြည့်နေရာမှ သိမ်က တအိအိပုံကာ လဲကျသွား ပါတော့၏။ မောင်မောင်ကား ရပ်လျက်အနေအထားတည်း။ သိမ်၏ဓားမြှောင် အား ဖွက် နောက်ပြန်ဖွက်လိုက်၏။

သိမ်က မသေခင် "မြမြဝင်း မင်း မင်း" ဟု နောက်ဆုံးစကား ဆို သွားခဲ့၏။ မောင်မောင် သိလိုက်ပါပြီ။ မြမြဝင်းဆိုသူမှာ ဂိုဏ်းချုပ်ကြီးဆိုသူ သာ ဖြစ်ရပေတော့မည်။

"သည်မှာ ခင်ဗျားက မြမြဝင်းဆိုတာ ကျုပ်သိတယ်"

"ဟား . . . ဟား . . . သိတဲ့သူဟာ သေနေ့စေ့တာပဲ။ ဟေ့ . . . သူ့ကို သေနတ်တွေနဲ့ ဝိုင်းချိန်ထား။ လှုပ်တာနဲ့ ပစ်ကြစမ်း"

"ရှင်မသေခင် အကြောင်းစုံ သိသွားအောင် ပြောပြပါ့မယ်" ဆိုပြီး သူ၏ ခေါင်းစွပ်ကို ချွတ်လိုက်ရာတွင်တော့ . . .

"ဟင် . . . ခင်ဗျား . . . ခင်ဗျားက လှလှဝင်းပါပဲလား"

"မဟုတ်ဘူး။ ကျွန်မက မြမြဝင်းပါပဲ။ လှလှဝင်းနဲ့ အမြွှာညီအစ်မ ရှင့်။ သူက အကြီးပေါ့လေ"

"ဘာလို့ သူ့ကို သတ်ခိုင်းရတာလဲဗျာ"

"ဒါက သည်လိုရှင့်။ သူ့အဖေဟာ ကျွန်မအမေကို လင်ယူ ဖောက်ပြန်တယ်ဆိုပြီး ရိုက်နှက်နှင်ချလိုက်တော့ အဝတ်တစ်ထည် ကိုယ် တစ်ခုနဲ့ ကျွန်မကို အမေက ဆွဲခေါ်ခဲ့တယ်ရှင့်။ သည်အခါက သူ့သမီးအကြီး



www.burmeseclassic.com

www.burmeseclassic.com


လုဝင်းကိုတော့ ခေါ်ထားခဲ့တယ်ပေါ့လေ။ ကျွန်မတို့သားအမိဟာ နိုက်ကိုးရော ခဲ့စားသောက်ရာမှဲ့ ဘဝရောက်ခဲ့ရတယ်ပေါ့။ အဲသည်မှာ မောင်ခိုလောကက ရှုပ်လူပွေ မူးယစ်ဆေးဝါးရောင်းဝယ်တဲ့ သူခိုးကြီးဆိုသူက သနားသလိုလို ခေါ်ပြီး ကျွေးမွေးခဲ့လို့ အသက်ဆက်ရှင်သန်ခွင့်ရခဲ့ရတယ်။

သူက ကျွန်အမေကို မူးယစ်ဆေးဝါးဂိုဏ်းထဲက လက်ထောက် ဂိုဏ်းခေါင်းဆောင်ထဲမှာ ထပ်ပြီး ရောင်းစားလိုက်တော့ ကျွန်မလည်း မူးယစ် ဆေးဝါးဂိုဏ်းထဲမှာပဲ ကြီးပြင်းခဲ့ရပါတယ်။ ခါးသီးလှတဲ့ ဒုက္ခတွေ အများကြီး တွေ့တ်သန်းပြီးမှ ကျွန်မ လူဖြစ်လာခဲ့ရတာရှင့်။

အမေက အဖေဆိုသူကြောင့် ကျွန်မတို့ ဒုက္ခတွေရင်ဆိုင်ခဲ့ရတာကို ပြောတော့ ကျွန်မ အဖေဆိုတဲ့လူကို အမုန်းကြီး မုန်းတီးနာကြည်းခဲ့ တယ်။ ကျွန်မဟာ ကံကောင်းချင်တော့ ဂျပန်က ရာကူဆာဂိုဏ်းလက် ထောက်နဲ့ အကြောင်းပါခဲ့တယ်။

သူက ကျွန်မကို တကယ်နှစ်နှစ်ကာကာ ချစ်မြတ်နိုးပြီး ပေါင်းသင်း ခဲ့သူပေါ့ရှင်။ ဂိုဏ်းချုပ်ကြီးသေတော့ သူက ဂိုဏ်းချုပ်ကြီးအရာကို ဆက် ခဲ့တယ်။ ကျွန်မကို သူသွားလေရာ ခေါ်လေ့ရှိခဲ့ပါတယ်။ သူဟာ တစ်နေ့မှာ ဟုန်ကောင် ရဲတပ်ဖွဲ့တွေနဲ့ ရင်ဆိုင်တိုက်ပွဲမှာ သေစေတဲ့ဒဏ်ရာကြီး ရခဲ့ တယ်ပေါ့လေ။

ဂိုဏ်းသားတွေကို မသေခင်မှာ အစည်းအဝေးခေါ်ယူပြီး ဂိုဏ်းချုပ် အဖြစ် ကျွန်မကို တင်မြှောက်ဖို့ သူကမှာတဲ့အခါ အဖွဲ့ဝင်ဂိုဏ်းသားတွေက


www.burmeseclassic.com

www.burmeseclassic.com



သဘောတူ တင်မြှောက်လို့ ကျွန်မဟာ ဝိုက်းချုပ်ကြီးဖြစ်လာခဲ့တယ်ပေါ့လေ။ သည်တော့ရှင် ကျွန်မဘဝရဲ့မဆပ်ရသေးတဲ့ မုန်းကြွေးကို ဆပ်ဖို့ အကွက်ချ ပြီး စီစဉ်ခဲ့တာပေါ့ရှင်။

အောင်ထွန်းမှာ မိန်းမရှိမှန်းသိရက်နဲ့ပဲ လှလှဝင်းကို ယူနိုင်အောင် ပို့လိုက်တယ်။ အဖေ့ကို အယုံသွင်းပြီး ကျွန်မလက်နဲ့သတ်ဖို့ ကြံစည်ခဲ့တာ။ အဖေဆိုတဲ့သူက ဆုံးသွားတော့တယ်။ ကံကောင်းတာက သူမဆုံးခင် အောင်ထွန်းကို သူ့သမီး လှလှဝင်းနဲ့ လက်ထပ်ပေးစားခဲ့တာ။ ဟား . . . ဟား ဟား . . . သေအောင်သတ်မည့်သူလက်ထဲ ဝကွက်အပ်လိုက်တဲ့အဖြစ်လေ။

သည်တော့ သိန်းက အောင်ထွန်းမိန်းမရဲ့ အစ်ကိုဆိုတော့ အောင် ထွန်းကို ငယ်နိုင်။ အောင်ထွန်း မသတ်ဘဲနေမှာစိုးလို့ သိန်းကို ဦးဆောင်စီစဉ် ဖို့ ကျွန်မက အကွက်ချပြီး စီစဉ်လိုက်တာပဲ။ အောင်ထွန်းက လူမသတ်ရဲဘူး ဖြီးတော့ သူသတ်ရမည့်သူက သူ့ရဲ့ဇနီးမယားဆိုတော့ သည်ကောင်မ အလောင်း ဖျောက်ဖျက်ရာကနေ ရှင်က သဲလွန်စ ရခဲ့တာမဟုတ်လားရှင်"

"ဒါပေါ့ဗျာ . . . ရာဇဝတ်ဘေးဆိုတာ ပြေးလို့ ဘယ်လွတ်ပါ့မလဲဗျာ ခင်ဗျားလည်း အဖမ်းခံပါ။ ဆက်မမိုက်ပါနဲ့တော့"

"ဟား . . . ဟား . . . ဟား . . . ရယ်လိုက်ချင်စမ်းပါရဲ့ရှင်။ ရှင်က အခု ကျွန်မရဲ့ လက်ခုပ်ထဲကရေပါ။ ဟင်း . . . ဟင်း . . . ဟင်း . . . ရှင့်ကို သေမင်းတွေဆီ ကျွန်မက အခမဲ့ပို့ဆောင်ပေးပါ့မယ်ရှင်။ သွားပေတော့"

သူမက သူမထိုင်ခုံမှ ခလုတ်တစ်ခုနှိပ်လိုက်ရာတွင် မောင်အောင်



www.burmeseclassic.com

www.burmeseclassic.com

ရပ်နေရာနေရာမှ အိပ်ပေါက်ပွင့်ကာ မောင်မောင် ထိုးကျသွားပါတော့သည်
လျှောစီးသလို အောက်သို့ တစ်ရှိန်ထိုးလျှောနေဆဲပါလေ။ မှောင်မည်းနေသည့်
ဘာမျှမမြင်ရဘဲရှိ၏။ မီးခြစ်ကိုစမ်းပြီး ထုတ်လိုက်ကာ တစ်ရှိန်ထိုး ကျဆင်း
နေခြင်းဖြစ်ကြောင်း သိလိုက်ရ၏။

■

www.burmeseclassic.com

www.burmeseclassic.com

# မိကျောင်းတိုက်ပွဲ

ထိုအပေါက်မှနေ၍ "ပွမ်း" ခနဲ ရေထဲသို့ထိုးကျသဖြင့် တော်သေး သည်ဆိုရပေမည်။ သို့သော် မတော်ပါချေ။ မိမိတို့လာရောက်ခဲ့စဉ်က မိကျောင်းများ မွေးမြူထားသည့် ရေမြောင်းကြီးထဲ ကျခြင်းတည်း။ ထိုအခါ သတိရလိုက်၏။ သိမ်၏ကိုယ်မှ သွေးစိမ်းများ မိမိအကျီတွင် ပေကျံခဲ့သဖြင့် မိကျောင်းများလာကြပေတော့မည်။ အကျီကို အမြန်ချွတ်ပစ်လိုက်ရ၏။

သိမ်ကိုင်ဆောင်ထားသော ဓားမြှောင်ယူလာခဲ့ခြင်းက မိကျောင်း များနှင့် ရင်ဆိုင်တိုက်ခိုက်ရန် အသုံးဝင်တော့၏။ မိကျောင်းနှင့် ရင်ဆိုင်သည့် အခါ သူ၏ကျောပြင်ပေါ်တွင်နေခြင်းထက် သူ၏ ဝမ်းဗိုက်ပိုင်းကို ဖက်တွယ် ရင်ဆိုင်ခြင်းက ပိုမိုသင့်တော်ပေသည်။ မိကျောင်းအပေါ်ပိုင်းသည် မာကျော သော အရေခွံရှိပြီး သူတို့၏အမြီးကား လွန်စွာမာကျောသန်စွမ်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဗိုက်အောက်ပိုင်းအရေခွံသည် ပျော့ပျောင်းသဖြင့် ဓားမြှောင်ကဲ့သို့ ချွန်ဆက်သော လက်နက်နှင့်ဆိုပါက မိကျောင်း မခံနိုင်ပေ။ တိုက်ခိုက်ရာတွင်လည်း သူ့လည်ပင်းအား ခွပြီး ဖက်တွယ်ထားပါက လက်နက်မပါသည့်တိုင် ထိုမိကျောင်းရန်ပြုခြင်း မပြုနိုင်တော့ပါချေ။

မောင်မောင်တွက်ဆသည့်အတိုင်း မိကျောင်းများ သွေးညှီနံ့ရသည်နှင့် ရောက်ရှိလာကြပြီး အကျီအား ဗိုင်းလုယက် ကိုက်ခဲလျက်ရှိတော့ရာ မောင်မောင်က မိကျောင်းကြီးတစ်ကောင်၏ အောက်ပိုင်းသို့ ကူးခတ်ကာ ဓားမြှောင်ဖြင့် ဝမ်းဗိုက်ပိုင်းအား ထိုးခွဲလိုက်တော့သည်။

မိကျောင်းထံမှ သွေးများ ပန်းထွက်သဖြင့် ကျန်မိကျောင်းတို့ အမြင်မသဲမကွဲဖြစ်ကာ သူတို့အချင်းချင်း တိုက်ခိုက်သတ်ဖြတ်ကြကုန်လေသည်။ မောင်မောင်လည်း ထိုနေရာမှ လွတ်ကင်းအောင် ရေအောက်ပိုင်းမှ ကူးခတ်ကာ အပေါ်သို့ ထိုးတက်လာခဲ့၏။ အပေါ်တွင်တော့ လုံခြုံရေးလက်နက်တိုင် အစောင့်နှစ်ယောက်ရှိနေပြီး မိကျောင်းများ၏ တိုက်ပွဲကို အာရုံစိုက်နေကြောင်း တွေ့ရ၏။

သိမ်ထံမှ ဓားမြှောင်က အသုံးဝင်လာပြန်သည်။ မိကျောင်းများဘဝုန်းဝုန်းသတ်ပုတ်နေသံကြောင့် မိမိ သူတို့အနားကပ်လာသည်ကို မကြားမသိဘဲရှိ၏။ ရန်သူတစ်ယောက်အား နောက်မှနေ လည်ပင်းသိုင်းဖက်ပြီးနှလုံးသားတည့်တည့်သို့ ဓားမြှောင်နှင့် ထိုးစိုက်ကာ အပြတ်ရှင်းပြီ ကျန်တစ်ယောက်တွေ့ကာ သေနတ်ပြေးကောက်ပြီး ပစ်ရန်ပြုစဉ် မောင်မောင့်လက်မှ



www.burmeseclassic.com

www.burmeseclassic.com



ဓားမြှောင်ဖြင့် ပစ်ပေါက်လိုက်၏။ ထိုသူ၏နဖူးတည့်တည့်သို့ ဓားမြှောင် စိုက်ကာ တအိအိလဲကျသွားလေတော့သည်။ အမှောင်ရိပ်များ ကင်းရှင်းသွား ဖြစ်သဖြင့် ရန်သူလက်နက်နှင့် ကိုယ့်လက်နက်ဟု သဘောပိုက်ပြီး တစ်လက်စီ စလွယ်သိုင်းရင်း . . .

■

www.burmeseclassic.com

www.burmeseclassic.com

## ကာတ်သိမ်းပိုင်း

တစ်လက်ကိုတော့ လက်မှကိုင်ကာ ကျည်ခါးပတ်များတိုပါ မြွတ်ယူခဲ့ရ၏။ မောင်မောင် လှိုဏ်ဂူကြ်အပေါက် ပင်လယ်သို့ထွက်ရာသို့ မထွက်ဘဲ အပေါ်ခန်းမကြီးသို့ သွားရာလမ်းကြောင်းအတိုင်း ပြန်တက်ခဲ့သည်။ သူ၏ သက်ပတ်နာရီက နံနက် (၃) နာရီခွဲအချိန် ညွှန်ပြနေပေသည်။ ဌာနချုပ်သို့ ဆက်သွယ်ကာ မူးယစ်ဆေးဝါးဂိုဏ်းကြီးအား ဖြိုခွင်းရေးအတွက် သတင်းပို့ရ၏။

"ကောင်းကင် . . . ကောင်းကင် . . . ကြားလား . . . ကြားရင် အကြောင်းပြန်။ ဆင်ရိုင်းခေါ်တယ် . . . ကြားလား"

"ဆင်ရိုင်းကြားပြီ။ သတင်းပို့ပါ"

"ကောင်းကင် အဖြူဖြိုခွင်းရေးစတင်ပါ။ ခေါင်မိုးကာန မိုးရွာမှ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မယ်။ ပင်လယ်ပြင်က လှိုင်းထန်နေတယ်"

"ကောင်းပြီ။ အခြေအနေသတင်းပို့ပါ"

"ဆင်ရိုင်းတို့ လှုပ်ရှားနေပြီ။ ငှက်မလေးတွေလည်း ပျံသန်းနေပြီ။ မြွေဟောက်နက်ကြီးကို ဖမ်းမိဖို့ အင်အားလိုတယ်။ ဒါပဲ"

"ရပြီ။ ဝ၄း၀၀ နာရီမှာ ကောင်းကင်ကနေ မိုးရွာမယ်။ ဒါပဲ"

"စက်ပိတ်ပြီ"

"အောင်မြင်ပါစေ ဆင်ရိုင်းရေ"

မောင်မောင် ဆက်လှမ်းခဲ့ရာ မိမိတို့ စတင်ရောက်ရှိခဲ့စဉ်က မှတ်သားထားသည့်အတိုင်း မြွေဟောက်နက်ရုပ်ပုံရှိ မျက်လုံးအစုံကို လက်နှစ်ချောင်းထိုးလိုက်ရာ သံမဏိတံခါးကြီး ပွင့်သွားခဲ့၏။ မိမိတို့အား စစ်ဆေးရာ အခန်းများရှိရာတွင်တော့ လုံခြုံရေးအစောင့် (၄) ယောက်ခန့် ရှိနေသည်။ မိမိက မြွေဟောက်ဂိုဏ်းသားဝတ်စုံ ဝတ်ခဲ့သဖြင့် တစ်ယောက်က မြင်သွားကာ . . .

"ဟေ့ကောင် . . . ဘာဖြစ်လို့ လာခဲ့တာလဲကွ"

"ငါအရက်သောက်ချင်လို့။ မင်းတို့မှာ လက်ကျန်ရှိသေးလားလို့"

"ရှိတယ်။ သိပ်လည်းမှုးမနေနဲ့ဦး"

"အေးပါဟ"

မောင်မောင် သနားငဲ့ညှာခြင်းမပြုနိုင်ပါ။ မိမိ၏ လက်နက်ခြင်း အပြတ်ချေမှုန်းလိုက်ရတော့၏။ အချိန်ကအရေးကြီးနေပြီဖြစ်၏။ မြွေဟောက်



www.burmeseclassic.com

www.burmeseclassic.com



တ်ဂိုဏ်းချုပ် မမြမြဝင်းကို အလွတ်ပေး၍မဖြစ်ချေ။ ဂိုဏ်းသားများအားလုံးတို့ ချေမှုန်းဖမ်းဆီးမိဖို့ လိုအပ်သည်ပေ။ လူမိုက်ဆိုသည်က ခွေးမြီးကောက်ကျည်တောက်စွပ်သလိုဖြစ်၏။ လွှတ်သွားပါက တစ်ချိန် အင်အားစုပြီး ပြန်လည် ဦးမော့လာမည်ပေ။

■

www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝတ်ဘေးပြေးမလွတ်နိုင်ပါ

မောင်မောင် ဓာတ်လှေကားဖြင့် ခန်းမကြီးဆီသို့ တက်ရောက်ခဲ့ ဓာတ်လှေကားတံခါးပွင့်သည်နှင့် တစ်ပတ်ကျွမ်းပစ်ကာ ခန်းမထဲသို့ မျ ထိုင် လက်နက်က ချိန်ရွယ်ထားပြီးဖြစ်၏။ မြေပြောက်နက်ဂိုဏ်းသား ရှုတ်ရှုတ်သဲသဲဖြစ်နေသည်။ မောင်မောင်လည်း အကာအကွယ်ကောင်း ပြီး တွေ့မြင်သမျှကို ချေမှုန်းရတော့၏။

တစ်နေရာမှ တစ်နေရာ ရွှေ့ပြောင်းပြီး အစည်းအဝေးခန်းမဘက်သို့ ရွှေလျားချဉ်းကပ်လာရ၏။ ရန်သူကိုတော့ မညှာတာနိုင်ပေ။ မူးယစ်ဆေး ဂိုဏ်းကြီး ပပျောက်သွားရန် အဓိကဖြစ်၏။ ကောင်းကျိုးမပေးဘဲ လူသား ၏ ဘုံအန္တရာယ်ကို ကျူငုပ်မကျန် ချေမှုန်းရပေမည်။

အစည်းအဝေးခန်းမကြီးတွင် တစ်ယောက်မှ မရှိတော့ပါ


www.burmeseclassic.com

www.burmeseclassic.com



င်ချင်းပြန်ထွက်ခဲ့ပြီး စွန်ရဲမနှင့် သိန်းငှက်မတို့နှင့် ဆုံမှတ်သတ်မှတ်ရာ ကူးကန်ဘက်သို့ ကာပစ်ပစ်ကာ လှမ်းခဲ့ရ၏။ သေနတ်နှစ်လက်စလုံးအား အကွယ်ယူကာ ကျည်များ ပြန်ဖြည့်ရ၏။ သူ၏ လက်ပတ်နာရီကြည့် တော့ (၀၄း၂၀) သို့ ညွှန်ပြနေ၏။ ကောင်းကင်မှ မိုးရွာသွန်းချလေပြီ။ သနတ်သံများကို ကြားနေရသည်။

"ဆင်ရိုင်း . . . ကြားလား။ ကြားရင် အကြောင်းပြန်"

"ကြားတယ်။ ဂိုဏ်းချုပ်ပျောက်နေပြီ။ မလွှတ်စေနဲ့"

"ရပြီ"

မောင်မောင်လည်း နောက်ကျောဘက်မှ ရန်သူတို့ရှေ့သာ မဲပစ်ခုခံ သဖြင့် နောက်မှနေ ရှင်းပစ်နိုင်ခဲ့ပြီး ရေကူးကန်ဘက်သို့အရောက်လှမ်း ခဲ့ရာ . . .

"မော့ . . . မလှုပ်နဲ့ လက်မြှောက်ထားပါ"

"စွန်ရဲမ . . . ငါပါဟ။ ဆင်ရိုင်း"

"ဟူး . . . တော်ပါသေးရဲ့ရှင်။ အခြေအနေ ဘယ်လိုလဲ"

"ဂိုဏ်းချုပ်ကြီး ပျောက်နေတယ်။ သူက မိန်းမတစ်ယောက်ပဲ"

"ဟင် . . . ဟုတ်လား"

"အေး . . . အလွှတ်မပေးနဲ့။ အရှင်ရအောင် တတ်နိုင်ရင် ဖမ်းကြ ရမယ်"

စွန်ရဲမတို့နှင့် မြွေဟောက်ဂိုဏ်းသား (၃) ယောက် တွေ့ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မေးမည်ကြံရာ စွန်ရဲမက ပြုံးပြီး . . .

"သူတို့က အရိုင်တွေလေ။ လျှို့ဝှက်မြွေပေါက်ဂိုဏ်းထဲဝင်နေသော ရဲတပ်ဖွဲ့ဝင်တွေပါပဲ။ ဒါဆို ကျွန်မတို့အဖွဲ့ မိန်းကလေးလူကုန်တွေကို သွား ကယ်ကြမယ်ရှင့်"

"အေး . . . ကောင်းတယ်။ ငါတော့ တပ်ဖွဲ့တွေနဲ့ ပူးပေါင်းပြီး ချေမှုန်းဖို့ လုပ်မယ်"

"လေးစားပါတယ် ရဲမှူးရှင့်"

"အေး . . . အေး . . . အောင်မြင်ပါစေကွယ်"

မောင်မောင်တို့၏ ရဲတပ်ဖွဲ့ ကွန်မင်ဒိုများသည် ရဟတ်ယာဉ်များ ဖြင့် ဆင်းသက်ကာ မူးယစ်ဆေးဝါးဂိုဏ်းသားများကို ချေမှုန်းလျက်ရှိသော သည်။ မောင်မောင်လည်း ဆက်သွယ်ရေးစက်ဖြင့် အကြောင်းကြားပြီး ပူး ပေါင်းရ၏။ မြွေပေါက်ဝတ်စုံ ချွတ်လိုက်ပြီးပြီမို့ လူမှားစရာလည်း မရှိတော့ ပါချေ။ တစ်စတစ်စ သေနတ်သံ ခုခံမှုကျဲပါးလာခဲ့၏။ ဒဏ်ရာရသူများ လတ်နက်ချ အညံ့ခံကာ ဂိုဏ်းသားများကို ဖမ်းဆီးလက်ထိပ်ခတ်ကာ တန်း နေရာတွင် စုဝေးကာထား၏။

အမိက ဂိုဏ်းချုပ်ကြီးနှင့် ဂိုဏ်းခွဲခေါင်းဆောင်များ မမိသေးပေ။ သူတို့ ဘယ်လိုအတောင်ပေါက်ပြီး ပျံလေသနည်း။ ဒါမှမဟုတ် မြေငုံ သွားလေပြီလား။

"ဟာ . . . ဒုက္ခပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ရဲမှူးမောင်မောင်"

"သူတို့ ပင်လယ်ဘက်ကနေ ထွက်နိုင်တယ်ဗျ။ ခန်းမကြီးဘက်ကို အရောက်ချီတက်ကြရမယ်ဟော့ မြန်မြန်"

မောင်မောင်နှင့် တပ်စုတစ်ခုခေါ်ကာ ခန်းမဆောင်သို့ အမြန်ချီတက်ခဲ့ကြသည်။ ခန်းမကြီးရောက်သည်နှင့် ဓာတ်လှေကားအသုံးပြုကာ ဆင်းရမည်သည်။ ဓာတ်လှေကားမှာ လူဆယ့်နှစ်ယောက်သာ သယ်ဆောင်နိုင်သဖြင့် သုံးသုတ်ခွဲကာ လိုက်ရတော့၏။ မောင်မောင်က ရှေ့ဆုံးအဖွဲ့ဦးဆောင်ကာ ဆင်းခဲ့ကြ၏။

ထင်သည့်အတိုင်းပါပေ။ သူတို့အား စစ်ဆေးရေးအခန်းများရှိရာမှ မိန်းသာမန်အရပ်အဝတ်အစားလဲလှယ်ပြီး ထွက်ခွာနေကြသည်ကို တွေ့ရတော့၏။

"ဟော့ . . . ရပ်လိုက်ကြစမ်း"

သူတို့က မရပ်ဘဲ ခုခံပစ်သဖြင့် တိုက်ပွဲငယ်လေးတစ်ခု ဖြစ်ပွားရတော့၏။ အမြန်ချေမှုန်းနိုင်ရန်အတွက် မိမိ၏မီးခြစ် လက်ပစ်ဗုံးအား ပစ်ကာ ချေမှုန်းရတော့သည်။ သူတို့ကား ခုခံပစ်သူအချို့သာ ချန်ရစ်ခဲ့ခြင်းတည်း။ သင်္ဘောတံခါးကြီးတစ်ချပ် ကာခြားနေပါသေး၏။ ထိုသည်ကို ဖြတ်သန်းပြီးမှ ဆော်တော်ဘုတ်များဆိုက်ကပ်ရာ မိကျောင်းများရှိသော တူးမြောင်းသို့ ရောက်မည်ဖြစ်ပေသည်။ ကျန်တပ်ဖွဲ့ဝင်များကိုပါ စုစည်းပြီး ထိုသံတံခါးကို ဖွင့်ကာ တူးမြောင်းကုန်းပတ်ပလက်ဖောင်းပေါ်သို့ ရောက်ခဲ့ကြချိန်တော့



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တို့ရှေ့မှပင် မော်တော်ဘုတ်နှစ်စင်း အပြင်းမောင်းကာ လှိုင်းဂွက်ချောက်ကမ်းပါးတံခါးဝသို့ မောင်းနှင်သွားနေပြီကို တွေ့ရ... သည်။ သူပစ် ကိုယ်ပစ်ဖြင့် အပြန်အလှန်ပစ်ခတ်မှုသာ လုပ်နိုင်... မြွေပေါက်နက်ဂိုဏ်းချုပ်ပါ လွတ်မြောက်သွားကြပြီဖြစ်တော့၏။

"ကောင်းကင် . . . ကောင်းကင် . . . ကြားလား။ ဆင်ရိုင်းခေါ်... ကြားလား"

"ကြားတယ် ဆင်ရိုင်း။ အခြေအနေ ဘာထူးသလဲ"

"ဂိုဏ်းချုပ်ဆိုသူနဲ့ အပေါင်းအပါတွေ မော်တော်ဘုတ်နှစ်စီးနဲ့ လွတ်... မြောက်သွားပါတယ် ရဲမှူးကြီး"

"ဟာကွာ . . . ခုက္ခပဲ။ ဘယ်လိုဆက်လုပ်ကြမှာလဲ"

"သူတို့ မူးယစ်ဆေးဝါးဂိုဏ်းခွဲများ တည်ရှိတဲ့ နိုင်ငံမြို့တွေမှာ... ဂိုဏ်းတည်နေရာကို ချေမှုန်းပါ ရဲမှူးကြီး။ ပြီးတော့ ဂိုဏ်းခွဲခေါင်းဆောင်... ရဲ့ ဓာတ်ပုံအချက်အလက်များကို နိုင်ငံတိုင်းရှိ ရဲတပ်ဖွဲ့တွေကို ဖြန့်ဝေ... ရဲမှူးကြီး။ လေယာဉ်ပျံ၊ သင်္ဘောဆိပ်၊ ရထားဂိတ်များပါ အစစ်အဆေး... ပြုလုပ်စေချင်ပါတယ်ခင်ဗျာ"

"အေးပေါ့ . . . ဒါပဲရှိတော့တဲ့ဟာ။ အခု အဲသည်မှာကော ရှင်း... ပြီးပြီလား။ ပြီးရင် အသေအပျောက် အကျအရှုံး လူစာရင်းတွေပါ... အစီရင်ခံပါ မောင်မောင်"

"ဟုတ်ကဲ့ . . . လေးစားပါတယ် ရဲမှူးကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . အေး . . . ဆက်လုပ်ကွာ"

မောင်မောင်လည်း ဂိုဏ်းချုပ်နှင့် ဂိုဏ်းခွဲခေါင်းဆောင်များပါ လွတ်မြောက်သွားသဖြင့် မျက်နှာကောင်းမရတော့ဘဲ ဖြစ်ရ၏။ စခန်းသိမ်းရန်အတွက်သာ အပေါ်ပြန်တက်ခဲ့ကြပြီး လုပ်ဆောင်ရပါတော့၏။ တော်သေးသည်ဟု ဆိုရပေမည်။ စွန်ရဲမတို့ကျေးဇူးကြောင့် လူကုန်ကူးခံ မိန်းကလေးသများ ပြန်လည်ကယ်တင်နိုင်ခဲ့ပြီ ဖြစ်တော့သည်။

ကျားရဲမတော့ တိုင်းပြည်အတွက် အသက်စွန့် လှူသွားခဲ့ရှာပြီ ထင်၏ ရှာမတွေ့ပါချေ။ မိမိတို့၏ ထိခိုက်ဒဏ်ရာရ ကျဆုံးစာရင်းပါ ပြုစုရ၏။ န်သူအကျအဆုံး ဒဏ်ရာရသူများနှင့် ဖမ်းဆီးရမိသူများအားလုံးကို အစီရင်ခံဆောင်ရပါ၏။ ထိုသတင်းအား ထုတ်ပြန်ခြင်းမပြုဘဲ ဆိုင်းငံ့ထားရန် အမိန့်ရ၏။

မောင်မောင်လည်း မိမိ၏မိခင်ရင်း မှူခင်းရဲတပ်ဖွဲ့ဌာနချုပ်သို့ ပြန်သွားရတော့၏။ မြို့စားကျွန်းသည် မလေးရှား၊ ထိုင်း၊ မြန်မာနိုင်ငံတို့၏ ရေပိုင်နက်များနှင့် သိပ်မကွာဝေးဘဲ မလေးရှားနိုင်ငံပိုင် ကျွန်းလေးမို့ သူတို့ဆော်တော်ဘုတ်များ လွတ်မြောက်သွားခဲ့ကြောင်းသာ သိရတော့၏။

နိုင်ငံတိုင်းတွင် မူးယစ်ဆေးဝါးဂိုဏ်းခွဲများကို ဖြိုခွင်းနိုင်ခဲ့ပြီး အချို့ ဂိုဏ်းခွဲခေါင်းဆောင်များကို အသေဖမ်းဆီးရမိခဲ့ပါသည်။ သို့သော် ဂိုဏ်းချုပ် ခြင်းကိုတော့ အစအနပင် ရှာဖွေမတွေ့ရဘဲရှိ၏။ မလှလှဝင်းရှိ ဆေးရုံ မောင်မောင်ရောက်သည့်အခါ သူမမှာ အင်အားဖျော့တော့နေရှာက အနည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ် လန်းဆန်းလာကြောင်း တွေ့ရ၏။ အမှုလည်း ပိတ်ရတော့မည်မို့ သူမ မြိတ်မြို့သို့ နောက်တစ်ပတ်လောက်ဆိုပါက ပြန်နိုင်ပါပြီ။ သူမအတွက် ဆုံးဖြတ်ခွင့်ခဲ့လုတ် ကသင်းမရှိတော့ပါချေ။ ဘဝသစ် ပြန်လည်ထူထောင်ရဦးမည် ဖြစ်တော့၏။

မောင်မောင်လည်း အစီရင်ခံစာရေးနေစဉ် မိမိ၏တပည့်ကျော် ဆားပုလင်းတပ်ကြပ်ကြီးအောင်ထွန်းက . . .

"အာစရိ မြိတ်ရဲတပ်ဖွဲ့က ဖုန်းခင်ဗျ"

မိမိ၏တယ်လီဖုန်းသို့ လက်ဟန်ဖြင့် လိုင်းပြောင်းချိတ်လိုက်နိုင်း၏။ ဖုန်းကိုင်ကာ . . .

"ဟုတ်ကဲ့ . . . ရဲမှူးမောင်မောင်ပါ"

"ရဲမှူးမောင်မောင် ကျွန်တော် မြို့နယ်မှူးတင်ညွန့်ပါ။ ဆရာကို မသေသော အလောင်းအမှုရဲ့ နောက်ဆက်တွဲ သတင်းပို့ချင်လို့ပါ"

"ဟုတ်ကဲ့ . . . အမိန့်ရှိပါခင်ဗျာ"

"ဘာညလိုဗျ . . . လူသတ်တရားခံ ဦးအောင်ထွန်းဟာ စိတ်ဝေဒနာ ဖောက်ပြန်ပြီး သူ့ကိုယ်သူ အဆုံးစီရင်သွားပါတော့တယ်။ အဲဒါကို သူ့ရဲ့ဖန်းတရားလို မလှလှဝင်းက သင်္ဂြိုဟ်ဖို့ ခွင့်တောင်းခံတာပါ ခွင့်ပြုရမလားခင်ဗျ"

"ဗျာ . . . ဘယ်လို မလှလှဝင်းက ဟုတ်လား"

"ဟုတ်ပါတယ်။ သူမက ဘာပဲဖြစ်ဖြစ် သူ့ယောက်များ၊ သူမကပဲ တာဝန်ယူ သင်္ဂြိုဟ်ပါရစေတဲ့ ရဲမှူးမောင်မောင်"



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင် ရိပ်စားမိလိုက်ပါတော့သည်။ သည်လိုကိုး . . .

"ဟော့ . . . အောင်ထွန်း လေယာဉ်ပျံရုံးကို ဖုန်းဆက်ပြီး မြိတ်ကို လက်မှတ်ခွာဖို့ ရှိ/မရှိ။ ရှိရင် ငါ့အတွက် တစ်နေရာလုပ်ခိုင်းလိုက်။ မြန်မြန်တော့ ရဲမှူးကြီးဆီသွားပြီး အစီရင်ခံရဦးမယ်ကွ"

"အခုခံဖို့ပြောပါ အာစရိရယ်"

"မင်းတော့ကွာ အကွက်များသွားပြီကွ . . . သိလား"

မောင်မောင်လည်း တခအောင့်ကြာ ရဲမှူးကြီးထံမှ ဖုန်းဖြင့် အောင်ထွန်းထံ . . .

"ဘာတဲ့လဲကွ"

"ရတယ် . . . အာစရိရဲ့။ ညနေ (၁၅း၃၀) မိနစ် လေယာဉ်ချိန်ရှိတယ်၊ ရန်ကုန်၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း ခရီးစဉ်ယူဘီ"

"တော်ပြီရပြီ"

မောင်မောင်လည်း ရဲမှူးကြီးအား အစီလေးပြုပြီး ပေါ့ပါးသွက်လက်စွာဖြင့် သူ့ရုံးခန်းသို့ ပြန်ရောက်လာခဲ့ရာ . . .

"အာစရိ မြိတ်ကို ဘာသွားလုပ်မှာလဲဗျ"

"ဪ . . . ငါ အသုဘပို့ဖို့ဆိုပါတော့ကွာ"

"ဗျာ"

မောင်မောင်လည်း ပြန်လည်ဖြေကြားခြင်း မပြုနိုင်တော့ဘဲ အဆိပ်အမိဆင်းရန် သူ၏ကားဖြူလေးဖြင့် ဌာနချုပ်မှ ထွက်လာပါတော့



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ပြီဖြစ်၏။ မုဆိုးမသူဌေးမလေး လှလှဝင်းတစ်ယောက်တော့ မိဒ

လုပ်ငန်းဖော်ကြားထဲမှာ အသစ်တစ်ဖန် ဘဝပြန်စတင်နေတော့မည် ထင်

ပါသည်။ လင်ကုန်မှောက်တော့ တစ်သက်ဆိုသလို မိမိတို့ ဘဝကြင်ဖေ

အရွေးမှားခဲ့ရင်ဖြင့် . . .

တြိစကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မိမိတို့သည် ဥပဒေဘောက်တော်သားများမို့ အချိန်မရွေး ခရီးသွားလာနိုင်သဖြင့် သူ၏ ကားထဲတွင် ခရီးဆောင်အိတ်ဖြင့် လိုအပ်သမျှကို အစဉ်ထည့်ကာ အဆင်သင့်ထားသဖြင့် အိမ်သို့ မဝင်တော့ဘဲ လေဆိပ်သို့ တန်းလာနိုင်ခြင်းပါပေ။

မြိတ်မြို့၏ အလှအပဆုံးနေရာကား ပင်လယ်ဘက် ဆိပ်ကမ်းတစ်လျှောက်ပါပေ။ လူအများလမ်းလျှောက်ရန်နှင့် ပင်လယ်ရှုခင်းအလှကိုခံ ရှုမြင်ကြည့်နိုင်ရန် ထိုင်ခုံတန်းလေးများပါ ပြုလုပ်ထား၏။ လေဆိပ်ကနေ မြို့တွင်းဝင်လာသည့်အခါ ဦးအောင်ထွန်း၏ အသုဘစည်ကားစွာ ချသွားနေပြီ။ မောင်မောင်လည်း မြိတ်ရဲတပ်ဖွဲ့သို့ ဝင်ရောက်သတင်းပို့ပြီး ရဲတပ်ဖွဲ့ အင်အား (၇) ယောက်ဖြင့် အသုဘသို့ လာခဲ့ကြ၏။

တွေ့မြင်ရပါပြီ။ အသုဘရှင် ဒေါ်လှလှဝင်းတစ်ယောက် အမှုန်းသွင်ဖြင့် ညှိုးနွမ်းလျှစွာ။ မြင်ရသူတို့အဖို့ စနာမိကြပေမည်။ မောင်မောင် ဒေါ်လှလှဝင်းအနားသို့ ကပ်ကာ လက်တစ်ဖက်ဆွဲပြီး လက်ထိပ်ခတ်လိုက်၏။

"မမြမြဝင်း . . . ခင်ဗျား ပြေးမလွတ်ဘူးဆိုတာ သိပြီမဟုတ်လား"

"ဟင် . . . ရှင် . . . ရှင်"

"အို . . . မလုပ်နဲ့လေ။ ခင်ဗျားရဲ့ စားမြွောင်က လူမြင်မကောင်းဘူးဗျာ။ အေးအေးဆေးဆေးသာ လိုက်ခဲ့ပါ။ ဟေ့ . . . သူ့ရဲ့အသုဘ ချည့်သည်တွေကို သေချာစစ်ဆေးပါ။ တစ်ယောက်မှ မလွတ်စေနဲ့"

မောင်မောင်လိုက်ခဲ့သော မသေသောအကြောင်းအမှုကား ပြီး



www.burmeseclassic.com